# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၁၀)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်


**နေပြည်တော် ဇန်နဝါရီ ၁၇**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် မျက်နှာစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်သည် ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် မြက်ခင်းပြင်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် တို့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် နိုင်ငံတော်သမ္မတအိမ်တော်သို့ ညနေ ၄ နာရီခွဲတွင် ရောက်ရှိလာရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။


*စာမျက်နှာ ၂ ကော်လံ ၃* ✻






No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com
No.31/D, Block 900, 78 Road, between 42nd and 43rd Road, Mahar Aung Myay Township, Mandalay. Tel : +95 (02) 4033449, www.apq-electric.com

# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူနှင့် နိုင်ငံတကာ ဆက်ဆံရေး

ဇန်နဝါရီလ ၁၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်လာသည်။ နိုင်ငံတကာရှိ နိုင်ငံခေါင်းဆောင်များ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံကြရင်း နိုင်ငံချင်း ပိုမို ချစ်ကြည်ရင်းနှီးရေးကို ထူထောင်ကြ၏။ အတူတကွပူးပေါင်း လုပ်ကိုင်နိုင်ကြမည့် စီးပွားရေးလုပ်ငန်းများ ရှာဖွေစီစဉ်လုပ်ကိုင်ကြရင်း နှစ်နိုင်ငံလုံးအတွက် စီးပွားရေးတိုးတက်မြင့်မားနိုင်မည့် လမ်းများကို ထွင်ကြဖောက်ကြလေ့ရှိ၏။ သည့်လိုနှင့် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ကြကာ ပိုမိုချစ်ကြည်မှုကို ရရှိစေ၏။

နိုင်ငံနှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုဟူသည် အစိုးရချင်း သက်သက် ဆက်ဆံရေးသာမဟုတ်ဘဲ နိုင်ငံသားအချင်းချင်း၏ ချစ်ကြည်ရင်းနှီးမှုကိုပါ ထူထောင်ခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံသားအချင်းချင်းကြား ယုံကြည်မှုကို တည်ဆောက်ကြခြင်းလည်းဖြစ်သည့်အားလျော်စွာ ပြည်သူလူထုတို့၏ ရေရှည်အကျိုးစီးပွားအစစ်အမှန်ကိုလည်း ရည်သန်ရန်လိုပါသည်။ ယုံကြည်မှုသည် ချစ်ခြင်းမေတ္တာအပေါ် အခြေခံရ၏။ ခိုင်မာသည့်၊ စစ်မှန်သည့် စိတ်သဘောထားဖြင့် တစ်ဦး၏အကျိုးကို တစ်ဦးကလိုလားခြင်းရှိမှသာ ချစ်ခြင်းမေတ္တာကို တည်ဆောက်၍ ရ၏။

နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ ဘန်ဒေါင်းမူ ငါးချက်သည် ထင်ရှား၏။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ စီးပွားရေးသဘောတူညီချက်တစ်ခုကို ၁၉၅၄ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ရာမှ အစပြုခဲ့ခြင်းဖြစ်၏။ ၁၉၅၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းသည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ် သွားရောက်စဉ် ထိုသဘောတူညီချက်ပါ မူငါးချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဂျဝါဟာလာ နေရူးတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြကာ ထပ်မံအတည်ပြုခဲ့ခြင်း ဖြစ်၏။

ထိုမူငါးချက်ကိုပင် ၁၉၅၅ ခုနှစ် ဧပြီလက အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံတွင် ဆွေးနွေးသဘောတူခဲ့ကြလေသည်။ ယင်းသဘောတူညီချက်ငါးချက်မှာ–

- တစ်နိုင်ငံနှင့် တစ်နိုင်ငံ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို လေးစားမှုရှိရေး၊
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် မကျူးကျော်ရေး၊
- တစ်နိုင်ငံ၏ ပြည်တွင်းရေးကို နိုင်ငံတစ်ခုခုက ဝင်ရောက်မစွက်ဖက်ရေး၊
- နိုင်ငံအချင်းချင်းကြား တန်းတူညီမျှရေးနှင့် အပြန်အလှန်အကျိုးပြုရေး၊
- ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ ဖြစ်၏။

ညီလာခံအပြီး အဆုံးအဖြတ်တွင် ဆုံးဖြတ်ချက် ဆယ်ချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး ထိုထဲတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူငါးချက်ကို ထည့်သွင်းခဲ့သည်။ အထက်ပါ ဘန်ဒေါင်းမူငါးရပ်မှာ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အမှန်တကယ် လိုက်နာကျင့်သုံးကြဖို့ လိုအပ်သည့် မူများဖြစ်ပါသည်။ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို မျှော်ကိုးသည်ဆိုလျှင် အဆိုပါ မူငါးချက်ကို အခြေခံရမည်မှာ သေချာလှပေသည်။ နိုင်ငံတို့အကြား အင်အားကြီးသည်၊ ငယ်သည်မဟူ တန်းတူညီမျှ ဆက်ဆံကြရန်သင့်၏ မဟုတ်ပါလော။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နိုင်ငံရေးအရဖြစ်စေ၊ စစ်ရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ ကျူးကျော်ထိပါးမပြုကြသင့်သည် မဟုတ်ပါလော။ တစ်ပါးသော ပြည်တွင်းရေးတွင် အခြားတစ်ပါးက ဝင်ရောက်စွက်ဖက်မှုမပြုဘဲ မတူညီမှုများ မည်သို့ပင်ရှိစေ နိုင်ငံအချင်းချင်းကြား ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ကြရန်သင့်၏ မဟုတ်ပါလော။

နိုင်ငံတကာဆက်ဆံရေးတွင် တန်ဖိုးရှိလှသော အဆိုပါမူနှင့် သဘောတူညီချက်များကို အလေးအနက်ထား လိုက်နာကြခြင်းဖြင့် နိုင်ငံတကာ ငြိမ်းချမ်းရေးကို မျှော်မှန်းရယူကြရမည် ဖြစ်ပါသည်ဟု တင်ပြလိုက်ရပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးသန်းအောင်ကျော် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာဆွေဆွေအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ပါမောက္ခ ဒေါက်တာလှဝင်းမြင့်<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>ဆေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |
| (ခ) ပါမောက္ခဒေါက်တာကိုကို<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာ<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |
| (ဂ) ပါမောက္ခ ဒေါက်တာအေးအေးခင်<br>ပါမောက္ခ/ဌာနမှူး<br>ဆေးဘက်ဆိုင်ရာနည်းပညာ<br>တက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာ<br>နည်းပညာတက္ကသိုလ်<br>(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |
| (ဃ) ပါမောက္ခ ဒေါက်တာကိုကိုဇော်<br>ပါမောက္ခ/ဌာနမှူး<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ်<br>(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>အခြေခံကျန်းမာရေး<br>တက္ကသိုလ်(မကွေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |

*✻ ရှေ့ဖုံးမှ*

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးနှင့် အေးအတူပူအမျှ အသိုက်အဝန်းအဖြစ် ဖော်ဆောင်ရေး၊ BRI စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ရေး စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးသန့်ဖေတို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်တို့လည်း တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း Asian Network for Free Elections (ANFREL) အဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Chandanie Watawala နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း Asian Network for Free Elections (ANFREL) ၏ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် Asian Network for Free Elections (ANFREL) အဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Chandanie Watawala နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာရှိမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဟူသည့် စံ(၅)ချက်နှင့်အညီ ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထု အသိပညာပေးလုပ်ငန်းများ (Civic Education) နှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ (Voter Education) တွင် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ဂုဏ်ပြုခုံစင်မြင့်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

### အပြန်အလှန်မိတ်ဆက်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကာ ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံ အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးကြသည်။

### တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ညနေ ၅ နာရီတွင်နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ အပြန်အလှန်လေးစားမှု၊ နားလည်မှုဖြင့် မိတ်ဖက်ဆက်ဆံမှု ပိုမိုခိုင်မာရေး၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်သည့်အဆင့်အထိ တက်လှမ်းနိုင်ရေး၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်များကို စည်ကားသိုက်မြိုက်စွာ နှစ်ဖက်အကျိုးရှိရှိ ဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ရရှိထားသည့်နားလည်မှုများနှင့် အောင်မြင်နေသည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏတိုးမြှင့်ရေးနှင့် မြန်မာ့ထွက်ကုန်များ ပိုမိုလက်ခံဝယ်ယူရေး၊ BRI စီမံကိန်းနှင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံတို့တွင် နှစ်ဖက်အကျိုးရှိပြီး ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လက်တွဲဆောင်ရွက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် ဒေသခံပြည်သူတို့၏ ယုံကြည်ထောက်ခံမှုရရှိရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

### တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဦးသောင်းထွန်းနှင့် ဦးဟန်ဇော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးသန့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။


ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့က နှုတ်ခွန်းဆက်ဆုတောင်းစကားများ ပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အဆွေတော်သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ

*စာမျက်နှာ ၄ သို့*

**“နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏတိုးမြှင့်ရေးနှင့် မြန်မာ့ထွက်ကုန်များ ပိုမိုလက်ခံဝယ်ယူရေး၊ BRI စီမံကိန်းနှင့် မြန်မာ - တရုတ် စီးပွားရေးစင်္ကြံတို့တွင် နှစ်ဖက်အကျိုးရှိပြီး ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လက်တွဲဆောင်ရွက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် ဒေသခံပြည်သူတို့၏ ယုံကြည်ထောက်ခံမှုရရှိရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး”**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်ဆုတောင်းစကား ပြောကြားစဉ်။
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ကိုယ်စားလှယ်အဖွဲ့ဝင် ဂုဏ်သရေရှိ ဧည့်သည်တော်များကို မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုပါကြောင်းနှင့် အဆွေတော်တို့ခရီးစဉ်အတွင်း ယခုလို ဂုဏ်ပြုညစာစားပွဲနှင့် တည်ခင်းဧည့်ခံ ကြိုဆိုခွင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်မိပါကြောင်း။

အဆွေတော်သမ္မတ မစ္စတာ ရှီကျင့်ဖျင်အနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် ပထမဦးဆုံးသော ပြည်ပခရီးစဉ်အဖြစ် မြန်မာနိုင်ငံကို ရွေးချယ်၍ လာရောက်ခဲ့ခြင်းအတွက် ဂုဏ်ယူပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုမြှင့်တင်ရေးအတွက် အလေးထားမှုကို ပြသခြင်းဖြစ်ပါကြောင်း။

**သမိုင်းဝင်မှတ်တိုင်တစ်ခု**

ထို့ပြင် ယခုနှစ်သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးတည်ထောင်ခြင်း နှစ် (၇၀) ပြည့်မြောက်သည့် အချိန်ကာလဖြစ်သည့်အတွက် ယခုလို မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောအခါသမယတွင် လာရောက်သည့် အဆွေတော်၏ ခရီးစဉ်သည် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးကို နောက်ထပ်အဆင့်သစ် တစ်ဆင့်မြင့်တင်ပေးမည့် အရေးကြီးသော သမိုင်းဝင်မှတ်တိုင်တစ်ခုလည်း ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။

**ဂုဏ်ယူဝမ်းမြောက်**

လွန်ခဲ့သည့် ဆယ်စုနှစ် (၇) စု ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်သူများ၏ ကြိုးပမ်းမှုကြောင့် မိမိတို့အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ ရရှိနေခြင်းအတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နယ်နိမိတ်ချင်းရှည်လျားစွာ ထိစပ်လျက်ရှိကြသော အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည့်အလျောက် ကမ္ဘာ့အခြေအနေများမည်သို့ပင် ပြောင်းလဲလာသည်ဖြစ်စေ ခေတ်အဆက်ဆက်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့်အညီ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုကို အခြေခံပြီး နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုများကို ပိုမိုတိုးတက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

**ကူညီပံ့ပိုးပေးမှုများ ကျေးဇူးတင်**

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းဆဲကာလတွင် ကြိုးပမ်းဆောင်ရွက်ရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အောင်မြင်မှုရရှိရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီပံ့ပိုးပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့၏ မြန်မာနိုင်ငံခရီးစဉ်ကာလအတွင်း ရလဒ်ကောင်းများ ပိုမိုရရှိရန်နှင့် သာယာချမ်းမြေ့သည့် ခရီးစဉ်တစ်ခုဖြစ်ပါစေဟု ဆန္ဒပြုအပ်ပါကြောင်း။

အဆွေတော်တို့အားလုံးကို မိမိနှင့်အတူ ဆုတောင်းမင်္ဂလာပြုနိုင်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေး ထာဝရအစွန့်ရှည်တည်တံ့ပါစေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောပါစေ၊ ယခုလို မင်္ဂလာညချမ်းတွင် အခမ်းအနားကြွရောက်ချီးမြှင့်ကြသည့် ဧည့်သည်တော်များအားလုံး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာပြီး အောင်မြင်မှုများ ဆွတ်ခူးနိုင်ကြပါစေဟု ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးဝင်းမြင့်က မိမိနှင့်တရုတ်ကိုယ်စားလှယ်အဖွဲ့ကို တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခွင့်ရသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတ၊ မြန်မာအစိုးရနှင့် ပြည်သူပြည်သားများ၏ စေတနာမေတ္တာအပြည့်နှင့် ဧည့်ဝတ်ကျေပွန်မှု၊ စေ့စပ်သေချာစွာ စီစဉ်ပေးမှုတို့အတွက် လွန်စွာနှစ်ထောင်းအားရ ကျေးဇူးတင်ရှိပါကြောင်း။

## “အဆွေတော်၏ ခရီးစဉ်သည် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးကို နောက်ထပ်အဆင့်သစ် တစ်ဆင့်မြင့်တင်ပေးမည့် အရေးကြီးသော သမိုင်းဝင်မှတ်တိုင်တစ်ခုလည်း ဖြစ်လာမည်ဟု ယုံကြည်”

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်**

## “ဘိုးစဉ်ဘောင်ဆက်က တည်ရှိခဲ့သည့် နှစ်ဖက်ဆက်ဆံရေး၏ ပြည်သူ့ဆန္ဒဆိုင်ရာ အခြေခံများကို စဉ်ဆက်မပြတ် ခိုင်ခံ့လာအောင် ဆောင်ရွက်ကာ တရုတ်-မြန်မာ ချစ်ကြည်ရေးကို သားစဉ်မြေးဆက် ဆက်ခံသွားရမည်”

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်**

မိမိသည် မြန်မာနိုင်ငံကို ၂၀၀၉ ခုနှစ်က ခရီးစဉ်လာရောက်ခဲ့ဖူးပါကြောင်း၊ မြန်မာပြည်သူများ၏ ရိုးသားဖြူစင်သည့် ဓလေ့စရိုက်များနှင့် တင့်တယ်သည့် ယဉ်ကျေးမှုများကို စွဲမြဲစွာမှတ်မိနေပါကြောင်း၊ ယခုထပ်မံလာရောက်လည်ပတ်သည့်အခါ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပြည်သူပြည်သားများ အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းသာအားရဖြစ်မိပါကြောင်း၊ မြန်မာအစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူများသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပိုမိုကြီးမားသည့် တိုးတက်အောင်မြင်မှုအသစ်များကို ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**အခွင့်အခါကောင်း**

အနာဂတ်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်(၇၀)ပြည့်မြောက်ခြင်းကို အခွင့်အခါကောင်းအဖြစ်သတ်မှတ်ကာ ချစ်ကြည်ရေးအစဉ်အလာ ပိုမိုထွန်းကားလာအောင် ဆက်လက်ဆောင်ရွက်ပြီး အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းကို လက်တွဲတည်ထောင်ပြီး တရုတ်-မြန်မာဆက်ဆံရေး ခေတ်သစ်ကို ဖွင့်လှစ်သွားရမည်ဖြစ်ပါကြောင်း။

**ဆောင်ကြဉ်းပေးမည်**

မိမိတို့သည် အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ကောင်းများ ဖြစ်အောင် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရပ်ဝန်းနှင့်ပိုးလမ်းမ အကောင်အထည် ဖော်ဆောင်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းတည်ထောင်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေခြင်းအပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုခရီးစဉ်က စတင်ပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကို လက်တွေ့ကျကျ အကောင်အထည်ဖော်သွားရန် ဖြစ်ပါကြောင်း၊ ယင်းအတွက် နှစ်နိုင်ငံ၏ နယ်ပယ်အသီးသီးတွင် ကူးလူးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စံပြအနေဖြင့် ဦးဆောင်လမ်းပြသည့် အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကာ နှစ်နိုင်ငံပြည်သူများအတွက် ချမ်းသာကြွယ်ဝမှုများကို ဆောင်ကြဉ်းပေးမည် ဖြစ်ပါကြောင်း။

မိမိတို့သည် ခင်မင်ရင်းနှီးပြီး အပြန်အလှန် နားလည်အားထားရသည့် ဆွေမျိုးပေါက်ဖော်အဖြစ် ဆက်လက်ရပ်တည်သွားရမည် ဖြစ်ပါကြောင်း၊ “အကျိုးစီးပွားကြောင့် ပေါင်းသင်းဆက်ဆံပါက၊ အကျိုးစီးပွားမရှိသည့်အခါ ဆက်ဆံမှုပြိုကွဲသွားနိုင်ပါကြောင်း၊ စိတ်ဆန္ဒချင်းတူညီမှုနှင့် ပေါင်းသင်းဆက်ဆံပါက ကြာရှည်တည်တံ့ခိုင်မြဲမည် ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေး ဆက်လက်တိုးတက်ခိုင်မာရေးသည် ပြည်သူများ၏ ဆန္ဒနှင့် ကိုက်ညီပြီး လိုက်လျောညီထွေဖြစ်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ နေထိုင်မှုဘဝအတွက် အကျိုးရှိစေရမည်ဖြစ်ပါကြောင်း၊ ယခုညနေတွင် မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် တရုတ်-မြန်မာ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်ကို လက်တွဲဖွင့်လှစ်ကြမည်ဖြစ်ပါကြောင်း၊ ယင်းကို အခွင့်ကောင်းအဖြစ် အသုံးချပြီး ဘိုးစဉ်ဘောင်ဆက်က တည်ရှိခဲ့သည့် နှစ်ဖက်ဆက်ဆံရေး၏ ပြည်သူ့ဆန္ဒဆိုင်ရာ အခြေခံများကို စဉ်ဆက်မပြတ် ခိုင်ခံ့လာအောင် ဆောင်ရွက်ကာ တရုတ်-မြန်မာ ချစ်ကြည်ရေးကို သားစဉ်မြေးဆက် ဆက်ခံသွားရမည် ဖြစ်ပါကြောင်း။

တရုတ်-မြန်မာပြည်သူများအကြား ဘိုးစဉ်ဘောင်ဆက်ကတည်းက တည်ရှိခဲ့သည့် ချစ်ကြည်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာယာဝပြောရေးနှင့် ပြည်သူများ ရွှင်လန်းချမ်းမြေ့စေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကြွရောက်လာကြသည့် မိတ်ဆွေများ ကျန်းမာစေရေးအတွက်လည်းကောင်း၊ မိမိနှင့်အတူ ဆုမွန်ကောင်းတောင်းရန် ဖိတ်ခေါ်အပ်ပါကြောင်း ပြောကြားသည်။

**အတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ မြန်မာ - တရုတ် သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်စတင်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ဧည့်သည်တော်များ မြန်မာ – တရုတ် နှစ်နိုင်ငံဆက်ဆံရေးမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

နေပြည်တော် ဇန်နဝါရီ ၁၇

**မြန်မာ – တရုတ် သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ–တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလာရေး နှစ်စတင်ခြင်း အထိမ်းအမှတ် အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၂ (MICC–II)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် အဖွဲ့ဝင်များနှင့်အတူ အခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန–၂ သို့ ည ၇ နာရီတွင် ရောက်ရှိလာရာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က ကြိုဆိုနှုတ်ဆက်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတသည် တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်ဆံရေးရှိသော နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ဧည့်သည်တော်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးမှူးရုံးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြသသည့် မြန်မာ – တရုတ် နှစ်နိုင်ငံဆက်ဆံရေးမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

## တက်ရောက်အားပေးချီးမြှင့်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ ကျင်းပသည့် မြန်မာ – တရုတ် သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် မြန်မာ–တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်စတင်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။

အထိမ်းအမှတ်အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ပုသိမ်ထီးယိမ်းအကဖြင့်ဖျော်ဖြေ

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **“နှစ်နိုင်ငံသံတမန်နယ် နှစ် ၇၀”** အမည်ရှိ ပုသိမ်ထီးယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်သည်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်** က ယခုကဲ့သို့ မင်္ဂလာရှိလှသော ညနေခင်းအချိန်အခါတွင် ကျင်းပသည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့်မြောက်သည့်အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ - တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်စတင်ခြင်းအခမ်းအနားတွင် အဖွင့်မိန့်ခွန်း ပြောကြားခွင့်ရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

### နှစ်နိုင်ငံဆက်ဆံရေးမှတ်ကျောက်တင်နိုင်

ယခုကဲ့သို့ မိမိတို့နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးက နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားကို ဖွင့်လှစ်ပေးခြင်းသည် နှစ်နိုင်ငံအကြား နက်ရှိုင်းသည့် ချစ်ကြည်ရင်းနှီးမှုကို ပြသရုံသာမက ၂၀၂၀ ပြည့်နှစ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် အလွန်အရေးပါသည်ကို မှတ်ကျောက်တင်နိုင်မည်ဖြစ်ကြောင်း။

ထိုသို့ ဂုဏ်သရေရှိထူးခြားသော အချိန်အခါတွင် အဆွေတော်သမ္မတကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဂုဏ်သရေရှိ ကိုယ်စားလှယ် အဖွဲ့ဝင်ဧည့်သည်တော်များအား မိမိတို့နိုင်ငံကို လာရောက်ရန်ဖိတ်ခေါ်ကြိုဆိုခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း။

ယခုအချိန်သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှစ် (၇၀)ပြည့်အခါသမယဖြစ်သည့်အတွက် ယခုခရီးစဉ်သည် မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးအဆင့်သစ် တစ်ဆင့်ကို တိုးမြှင့်ရောက်ရှိစေပြီး ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်တိုးမြှင့်ပေးနိုင်မည့် အရေးကြီးခရီးစဉ်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူပါကြောင်း။

၂၀၁၉ ခုနှစ်အတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း နှစ်(၇၀) ပြည့်မြောက်ခဲ့ချိန်တွင် တရုတ်နိုင်ငံသည် ဘက်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ ရရှိနေပြီဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးပြောသကဲ့သို့တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ခေတ်သစ်သို့ အောင်မြင်စွာ ချင်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် နိုင်ငံတော်ပြန်လည်ဆန်းသစ်ရေးနှင့် ကမ္ဘာ့နိုင်ငံများနှင့်အတူ လူသားမျိုးနွယ်အားလုံးအတွက် အေးအတူပူအမျှ အသိုက်အဝန်းများ တည်ဆောက်နိုင်ရေးတို့အတွက် ဆောင်ရွက်နေခြင်းများသည် မွန်မြတ်သော ရည်မှန်းချက်ကြောင့် အောင်မြင်မည်ဟုယုံကြည်ပါကြောင်း။

ထို့အတူ အဆွေတော်သမ္မတကြီး၏ ဦးဆောင်မှုနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်သူများအနေဖြင့် နိုင်ငံ၏ **ရာပြည့်ပန်းတိုင်နှစ်ခု**ရည်မှန်းချက်ကို ဖော်ဆောင်လျက်ရှိသည်ကိုလည်း အောင်မြင်မည်ဟု အပြည့်အဝယုံကြည်ထားပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြောကြားစဉ်။

### ရာစုနှစ်ပေါင်းများစွာကူးလူးဆက်သွယ်

မိမိတို့၏ ချစ်ကြည်ရင်းနှီးသည့်သမိုင်းကြောင်းကို ပြန်လည်ကြည့်ရှုကြမည်ဆိုပါက လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းက နှစ်နိုင်ငံအကြား၊ ပြည်သူများအကြား ကူးလူးဆက်သွယ်မှုများရှိကြပါကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံ ထန်မင်းဆက်လက်ထက်၊ မိမိတို့နိုင်ငံ ပျူခေတ်ကတည်းက အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ ကူးလူးဆက်ဆံမှုရှိခဲ့သည်ကို ထင်ရှားသည့် သမိုင်းအထောက်အထားများ ရှိခဲ့ပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် ရှည်လျားစွာ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများအကြား ညီအစ်ကိုမောင်နှမများပမာ ကာလရှည်ကြာစွာ နီးစပ်မှု၊ ရင်းနှီးမှုများ ရှိကြပါကြောင်း၊ ထိုသို့ရင်းနှီးသောဆက်နွယ်မှုများကို တရုတ်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည့် မာရှယ်ချိန်ယိကိုယ်တိုင်စပ်ဆိုခဲ့သော ကဗျာထဲကစာသားကဲ့သို့ **"ကျွန်ုပ်က မြစ်ညာမှာနေ၍၊ အဆွေက မြစ်ခြေမှာနေကာ တစ်ရေတည်းကိုသောက်ကြတဲ့" (ဝေါ်ကျူကျန်းကျစ်ထို၊ နင်ကျူကျန်းကျစ်ဝေ၊ ကုန့်ယင်အိကျန်းရွှေ)** ဆွေမျိုးပေါက်ဖော်များ ဖြစ်ကြပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် စတင်တည်ထောင်သည့်အချိန်တွင် ပထမဆုံးအသိအမှတ်ပြုသော နိုင်ငံထဲတွင်ပါဝင်ခဲ့သည်ကိုကြည့်လျှင် မြန်မာနိုင်ငံ၏ မိမိတို့အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအပေါ်တွင် များစွာအလေးထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ၁၉၅၀ ပြည့်နှစ် ဇွန်လ(၈)ရက်တွင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခဲ့ကြခြင်းသည် နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းကြောင်းတွင်ထူးခြားသော ဝိသေသလက္ခဏာတစ်ခုဖြစ်ကြောင်း။

ကမ္ဘာက နိုင်ငံတကာဆက်ဆံရေးတွင် စံနမူနာယူစရာတစ်ခုဖြစ်သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ချူအင်လိုင်း၏ ၁၉၅၄ ခုနှစ် ဇွန်လတွင် လာရောက်ခဲ့သည့် မြန်မာနိုင်ငံခရီးစဉ်တွင် ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ထိုမူကြီးများကိုအခြေခံ၍ နှစ်နိုင်ငံနယ်နိမိတ်ပြဿနာများကို အဖြေရှာခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် နယ်နိမိတ်စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ ထိုသို့ချုပ်ဆိုနိုင်ခဲ့ခြင်းသည် နှစ်ဖက်ခေါင်းဆောင်များ၏ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ ၎င်းတို့၏ အမြော်အမြင်နှင့် မှန်ကန်သောဆုံးဖြတ်ဆောင်ရွက်ခဲ့မှုများကြောင့် ဖြစ်ပါကြောင်း။

### ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်း

ထိုမူကြီး (၅) ရပ်ကို အခြေခံတည်ဆောက်ခဲ့သည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုခိုင်မာတိုးတက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်ကို တိုးမြှင့်နိုင်ခဲ့ပါကြောင်း။

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ်(၇၀)ကာလကို ပြန်ပြောင်းကြည့်မည်ဆိုပါက နှစ်နိုင်ငံ ခေါင်းဆောင်များအချင်းချင်း၊ အစိုးရအချင်းချင်းနှင့် ပြည်သူများအချင်းချင်း ဆက်ဆံရေးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခဲ့ပါကြောင်း၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ အစဉ်တစိုက်ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ထောက်ခံမှုများ တိုးတက်ဖြစ်ထွန်းခဲ့ပါကြောင်း။

> **"တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများတွင် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် နှစ်နိုင်ငံ အတူတကွ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများအကျိုးအတွက် အခွင့်အလမ်းများ များစွာယူဆောင်လာခြင်းဖြစ်သည်ဟု ယုံကြည်"**
>
> နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

ယခုဆိုလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများတွင် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် နှစ်နိုင်ငံ အတူတကွ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများအကျိုးအတွက် အခွင့်အလမ်းများ များစွာယူဆောင်လာခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံ၏ အဓိကအကျိုးစီးပွားများတွင် အပြန်အလှန်ထောက်ပံ့မှုများ ပြုလုပ်ကြခြင်းသည် နှစ်နိုင်ငံအကြား နီးကပ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပြသလျက်ရှိပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိတ်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အစဉ်အမြဲထောက်ပံ့ကူညီနေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ယခုအဆွေတော်၏ မြန်မာနိုင်ငံခရီးစဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတအဖြစ် တာဝန်ထမ်းဆောင်သောအချိန်မှစ၍ မြန်မာနိုင်ငံကိုလာရောက်သည့် ပထမဦးဆုံးခရီးစဉ်ဖြစ်ပါကြောင်း။

အဆွေတော်၏ခရီးစဉ်သည် ၁၉ နှစ်အတွင်း တရုတ်သမ္မတတစ်ဦးအနေဖြင့် ပြန်လည်လာရောက်ခြင်းဖြစ်ပြီး မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၇၀) ပြည့် အချိန်ကာလလည်းဖြစ်သည့်အတွက် အဆွေတော်၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းမှတ်ကျောက်တင်ရမည့် ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း။

ထို့ကြောင့် အဆွေတော်၏ ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြားတွင် ကာလရှည်ကြာစွာတည်ရှိနေသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ကမ္ဘာကသိအောင် ပြသနိုင်လိုက်ခြင်းဖြစ်ပါကြောင်း။

အဆွေတော်၏ခရီးစဉ်သည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးမြှင့်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ၊ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်တိုးမြှင့်အောင် တွန်းအားဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ထိုအရာများသည် နှစ်နိုင်ငံ နှစ်(၇၀)ပြည့် သံတမန်ဆက်ဆံရေး၏ အောင်မြင်မှုအထိမ်းအမှတ်များပင် ဖြစ်ပါကြောင်း။

### နှစ်နိုင်ငံဆက်ဆံရေးပိုမိုနက်ရှိုင်း

ထို့ပြင် ၂၀၂၀ ပြည့်နှစ် တစ်နှစ်ပတ်လုံးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး အထိမ်းအမှတ်အဖြစ် နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေးနှင့်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ သာသနာရေး၊ ယဉ်ကျေးမှုနှင့်အားကစား၊ ရုပ်မြင်သံကြား၊ သတင်းနှင့်ထုတ်ဝေရေး၊ သိပ္ပံနည်းပညာနှင့်ကျန်းမာရေး၊ ပညာရေးနှင့် လေ့ကျင့်ရေး၊ လူငယ်နှင့် အမျိုးသမီး၊ အသိပညာရှင်များအဖွဲ့ စသည့်ကဏ္ဍ (၁၁) ရပ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အစီအစဉ်များကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပခြင်းသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေမည်ဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ပိုမိုနက်ရှိုင်းစေမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်မြောက်သည့် အထိမ်းအမှတ်မှသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး အစွန့်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုပါကြောင်း။

မိမိတို့အနေဖြင့် ယခုထက်မက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ တစ်ဆက်တည်းတွင် အဆွေတော် သမ္မတကြီး၏ခရီးစဉ် အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၇ သို့*

> **"မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘော အကူအညီများ ပေးအပ်လျက်ရှိသည့်အပေါ် များစွာတန်ဖိုးထားပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေသည့် အသွင်ကူးပြောင်းရေးကာလတွင် မြန်မာနိုင်ငံအပေါ် အိမ်နီးချင်းကောင်းပီပီ နားလည်မှုရှိစွာဖြင့် အပြုသဘော ရပ်တည်ပေးလျက်ရှိသည့်အတွက် တရုတ်အစိုးရနှင့် ပြည်သူများကို မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်"**
>
> နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ မြန်မာ - တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် စတင်ခြင်းအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၆ မှ*

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်** က ယခုလို ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် အဆွေတော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး၏ ပထမဆုံး ပြည်ပခရီးစဉ်သည် မြန်မာနိုင်ငံဖြစ်သည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ ယခုခရီးစဉ်သည် တရုတ်နိုင်ငံ၏အိမ်နီးချင်းသံတမန်ဆက်ဆံရေး မူဝါဒအပေါ် များစွာအလေးထားမှုနှင့် သဟဇာတဖြစ်မှုကို ပေါ်လွင်စေပါကြောင်း။

ထို့အပြင် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုနှစ်(၇၀) ပြည့်မြောက်သည့် အထိမ်းအမှတ် အခမ်းအနားကို နှစ်ဖက်နိုင်ငံ့ခေါင်းဆောင်များက အတူတကွကျင်းပခွင့်ရခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် အလွန်ထူးခြားသည့်မှတ်တိုင်တစ်ခုကို စိုက်ထူလိုက်နိုင်ခြင်း ဖြစ်ပါကြောင်း။

### ကမ္ဘာ့စီးပွားရေးတွင် အရေးပါသောနိုင်ငံ

လွန်ခဲ့သောအနှစ် (၄၀) ကစ၍ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒကို ကျင့်သုံးခဲ့ပြီး ယနေ့တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့တွင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးနှင့် ဒုတိယစီးပွားရေးအင်အားကြီးနိုင်ငံတစ်ခုအဖြစ် ရောက်ရှိနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနိုင်ငံတကာအရေးကိစ္စများနှင့် ကမ္ဘာ့စီးပွားရေးတွင် အရေးပါသော နိုင်ငံကြီးတစ်နိုင်ငံအဖြစ် ဝင့်ကြွားစွာရပ်တည်လျက်ရှိသည့်အပေါ် အိမ်နီးချင်းမိတ်ဆွေ နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ဝမ်းမြောက်မိပါကြောင်း။

အဆွေတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရာပြည့်ပန်းတိုင်နှစ်ခု (The Two Centenary Goals) ရည်မှန်းချက်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

ယခုလို အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာ့နိုင်ငံအများအပြားနှင့် မျှဝေခံစားနိုင်ရန်၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာအောင် တည်ဆောက်နိုင်ရန် သမ္မတကြီး မစ္စတာရှီကျင့်ဖျင် ဦးဆောင်မှုနှင့် အကောင်အထည်ဖော်လျက်ရှိသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းကြီး၊ နိုင်ငံတော်ပြန်လည်ဆန်းသစ်ရေး (National Rejuvenation)၊ ကမ္ဘာ့နိုင်ငံများနှင့်အတူ လူသားအားလုံးအတွက် အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်နိုင်ရေး (Building a community with a shared future for mankind) တို့သည် ကမ္ဘာကြီးအတွက်အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုသစ်များကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်မှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို တဖြည်းဖြည်းချင်း ပိုမိုခိုင်မာတိုးတက်လာစေလျက်ရှိခဲ့ပါကြောင်း၊ ယခုလို တိုးတက်ခိုင်မာလာခဲ့ရာတွင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု နှစ်နိုင်ငံဆက်ဆံရေး အဆင့်ကနေပြီး ၂၀၁၁ ခုနှစ်မှာဆိုရင် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဆင့်ကို အောင်မြင်စွာတက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ယခုအဆွေတော်၏ ခရီးစဉ်တွင် နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေပြီး မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေးအတွက် စတင်လမ်းဖွင့်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာ-တရုတ်နှစ်နိုင်ငံ၏ ဆက်ဆံရေးတွင် တခြားနိုင်ငံများနှင့်မတူ ထူးခြားသည့် အချက်တစ်ချက်မှာ ရှည်လျားသော နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ခြင်းဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံဆိုသည်မှာ ရွေးချယ်၍မရဘဲ ကမ္ဘာတည်သရွေ့ အတူတကွ တည်ရှိနေမည်ဖြစ်သည်ကို အထူးပြောစရာမလိုပါကြောင်း။

### အစိုးရအဆက်ဆက်ထိန်းသိမ်း

မြန်မာပြည်တွင် နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းလဲခဲ့စေကာမူ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကိုအစိုးရအဆက်ဆက်က ထိန်းသိမ်းခဲ့ပြီး တိုးတက်ခိုင်မာအောင်ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

နှစ်နိုင်ငံအတူတကွ ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့်အညီ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသည် ပိုမိုတိုးတက်လာသကဲ့သို့ ကဏ္ဍစုံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပေါ် အားရကျေနပ်မိပါကြောင်း။

ယခုအဆွေတော်၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကြီးတွင်ပါဝင်သည့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းအပါအဝင် နှစ်နိုင်ငံအကြား အခြားလက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နေပြီး နှစ်နိုင်ငံအတွက် အဓိကသော့ချက်မှာ အပြန်အလှန်နားလည်မှု၊ လေးစားမှုကိုအခြေခံပြီး ကောင်းမွန်သည့် ပြည်သူချင်းထိတွေ့ဆက်ဆံရေးနှင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးပေးရေး ဖြစ်ပါကြောင်း။

ထို့ပြင် ယင်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံ၏ မဟာဗျူဟာမြောက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးစီမံကိန်းများနှင့် ကိုက်ညီမှုရှိရန်နှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်ရေး၊ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုရေးတို့အတွက် အထူးအလေးထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ယင်းသို့ပင် ခံယူထားမည်ဟု ယုံကြည်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုနှင့် တစ်ခု ချိတ်ဆက်နေခြင်းဖြစ်၍ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ ပိုမိုအောင်မြင်ရန်အတွက် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရန်လည်း အထူးလိုအပ်ပါကြောင်း။

### အိမ်နီးချင်းကောင်းပီပီ နားလည်မှုရှိ

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောအကူအညီများ ပေးအပ်လျက်ရှိသည့်အပေါ် များစွာတန်ဖိုးထားပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေသည့် အသွင်ကူးပြောင်းရေးကာလတွင် မြန်မာနိုင်ငံအပေါ် အိမ်နီးချင်းကောင်းပီပီ နားလည်မှုရှိစွာဖြင့် အပြုသဘော ရပ်တည်ပေးလျက်ရှိသည့်အတွက် တရုတ်အစိုးရနှင့် ပြည်သူများကို မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိသည်ဟု ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အကောင်းဆုံးအနေအထားကို ရောက်ရှိနေပြီဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အခမ်းအနားတက်ရောက်သူများ နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်



အနာဂတ်တွင် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကြီး၏ အောင်မြင်မှုများက ကျွန်မတို့နှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် အပြုသဘောရလဒ်ကောင်းများကို ပိုမိုဖော်ဆောင်ပေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

အဆိုပါ စီမံကိန်းများအောင်မြင်ရေးအဓိက အကျိုးစီးပွားတစ်ခုဖြစ်သော **“တရုတ်တစ်နိုင်ငံတည်းမူဝါဒ”** ကို အစဉ်တစိုက် ဆက်လက် ထောက်ခံရပ်တည်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုပြောကြားလိုပါကြောင်း။

ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုသည် နိုင်ငံများအကြားချစ်ကြည်ရင်းနှီးမှု ထွန်းကားရှင်သန်ရေးအတွက် အခြေခံကျသည့် အချက်တစ်ချက်ဖြစ်သည်ကို

*စာမျက်နှာ ၈ သို့*

# မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အဓိကအကျိုးစီးပွားတစ်ခုဖြစ်သော "တရုတ်တစ်နိုင်ငံတည်းမူဝါဒ" ကို အစဉ်တစိုက် ဆက်လက်ထောက်ခံရပ်တည်သွားမည်

*စာမျက်နှာ ၇ မှ*
မိမိအမြဲတမ်းပြောကြားလေ့ရှိပါကြောင်း၊ ယခုလို ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ရင်းနှီးမှုနှင့် နားလည်မှုများပိုမိုရရှိပြီး နှစ်နိုင်ငံဆက်ဆံရေး ရေရှည်ခိုင်မာစေမည်ဖြစ်ပါကြောင်း၊ ပြည်သူအချင်းချင်း နားလည်မှုရှိခြင်း၊ ချစ်ကြည်ရင်းနှီးမှုရှိခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို များစွာအထောက်အကူဖြစ်စေသည့်အတွက် ပြည်သူချင်းဆက်ဆံရေးကို ပိုမိုခိုင်မာအောင် တည်ဆောက်ရန် လိုအပ်ပါကြောင်း။

### ထိတွေ့မှုပိုမိုတိုးတက်စေ

ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်ကို မြန်မာ-တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်အဖြစ် သတ်မှတ်ဖော်ဆောင်ခြင်းသည် နှစ်နိုင်ငံပြည်သူချင်းထိတွေ့မှုများ ပိုမိုတိုးတက်စေမည်ဖြစ်သည့်အတွက် အားရကျေနပ်ပါကြောင်း။

အဆွေတော်သမ္မတကြီး၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတွင် စာမျက်နှာသစ်တစ်ခုဖွင့်လှစ်နိုင်ခဲ့သည့် အရေးကြီးခရီးစဉ်တစ်ရပ်ဖြစ်သည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု တည်ထောင်သောနှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားများနှင့် မြန်မာ-တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် အစီအစဉ်များကို တစ်နှစ်ပတ်လုံး အောင်မြင်စွာကျင်းပသွားနိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

### ဆုမွန်ကောင်းတောင်း

ယခုလိုကောင်းမြတ်သော အခါသမယတွင် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးသည် သားစဉ်မြေးဆက်တိုင်အောင် အစွန့်ရှည်ပါစေကြောင်းနှင့် မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းအောင်မြင်စွာ အကောင်အထည် ဖော်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် က** သမ္မတကြီး ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က မိန့်ခွန်းများကို လှိုက်လှဲစွာပြောကြားခဲ့ပါကြောင်း၊ ဆက်လက်ပြီး **မိမိတို့**အတူတကွ တရုတ် - မြန်မာ သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် တရုတ် - မြန်မာယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ်ကို စတင်တော့မည်ဖြစ်ကြောင်း၊ **ယင်းသည်** တရုတ် - မြန်မာ ချစ်ကြည်ရင်းနှီးစွာ သွားလာဆက်ဆံသည့် ထွန်းပြောင်သော သမိုင်းကြောင်းတွင် အရေးပါသည့် မှတ်တိုင်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ အတူဆင်နွှဲရမည့် ကိစ္စရပ်ကြီးလည်းဖြစ်ကြောင်း၊ ယင်းသမိုင်းဝင်အချိန်ကာလကို အားလုံးနှင့်အတူ သက်သေထူရသည့်အတွက် မိမိအနေဖြင့် အလွန်ဝမ်းမြောက်မိပါကြောင်း။

### ယဉ်ကျေးမှုချင်းဆက်နွှယ်

တရုတ် - မြန်မာ ယဉ်ကျေးမှုတွင် **"ရှေးရေစက်"** ကို ယုံကြည်ကြပါကြောင်း၊ နှစ်နိုင်ငံသည် ပထဝီတည်နေရာချင်းနီးကပ်ပြီး ပြည်သူချင်း ချစ်ခင်ရင်းနှီးကာ ယဉ်ကျေးမှုချင်းလည်း ဆက်နွှယ်နေပါကြောင်း၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲလျက်ရှိပါကြောင်း၊ ယင်းသည် နှစ်ဦးနှစ်ဖက်ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွန်အားနှင့် ဇာစ်မြစ်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက်သံတမန်ဆက်ဆံရေး အထိမ်းအမှတ်အခမ်းအနားများ အောင်မြင်စွာကျင်းပခြင်းဖြင့် ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်မှုများမြှင့်တင်ပြီး နှစ်နိုင်ငံပြည်သူအကြား ကူးလူးဆက်ဆံမှုများကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအတွက် လက်တွေ့ကျသည့်လုပ်ငန်းများ၊ ကောင်းမွန်သောကိစ္စရပ်များ ပိုမိုဆောင်ရွက်၍ တရုတ် - မြန်မာချစ်ကြည်ရေး လုပ်ငန်းများအတွက် ပါဝင်သူများ၊ အကျိုးခံစားရသူများ၊ ထောက်ခံအားပေးသူများ ပိုမိုမွေးထုတ်ပေးကာ နှစ်နိုင်ငံချစ်ကြည် ရင်းနှီးသည့် လူမှုအခြေခံကို ခိုင်မြဲစွာ တည်ဆောက်ရမည်ဖြစ်ကြောင်း။

### အတူတကွရင်ဆိုင်

သမိုင်းကို ဆက်လက်ပုံဖော်နေပါကြောင်း၊ ခေတ်သစ်ကာလတွင် တရုတ် - မြန်မာ ဆက်ဆံရေးကိုမြှင့်တင်ပြီး ရှေးလူကြီးများ၏ လက်ဆင့်ကမ်းမှုများအား အမွေဆက်ခံကာ လမ်းကြောင်းသစ်များကို ဖောက်လုပ်ကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့်လမ်းကြောင်းကို ဆက်လက်ထိန်းသိမ်းပြီး ဆန်းသစ်တီထွင်မှုကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ယခုအကြိမ်ခရီးစဉ်ကို **"စမှတ်"** အဖြစ် သတ်မှတ်ပြီး တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွတည်ဆောက်ရန် မိမိနှင့် သမ္မတကြီး ဦးဝင်းမြင့်တို့ တညီတညွတ်တည်း သဘောတူညီခဲ့ကြပါကြောင်း၊ အရေးပါသည့် နိုင်ငံရေးသဘောတူညီချက်သည် တရုတ် - မြန်မာ နှစ်နိုင်ငံရင်းနှီးနွေးထွေးသော အေးအတူပူအမျှ ထူးခြားသည့်ဆက်ဆံရေးကို နက်နက်ရှိုင်းရှိုင်း ပုံဖော်နေပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အခက်အခဲကို အတူတကွရင်ဆိုင်ကြသည့် အပြန်အလှန်အကူအညီပေးအပ်ကြသော ညီအစ်ကိုမောင်နှမ သံယောဇဉ်ကို သက်ဝင်လှုပ်ရှားစွာထင်ဟပ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် မိန့်ခွန်းပြောကြားစဉ်။
သတင်းစဉ်

> "နှစ်နိုင်ငံပြည်သူများ၏ အခက်အခဲကို အတူတကွရင်ဆိုင်ကြသည့် အပြန်အလှန် အကူအညီပေးအပ်ကြသော ညီအစ်ကိုမောင်နှမ သံယောဇဉ်ကို သက်ဝင်လှုပ်ရှားစွာ ထင်ဟပ်စေပြီး နှစ်ဦးနှစ်ဖက်ဆက်ဆံရေး၏ အနာဂတ် လမ်းပြမြေပုံသစ်ကို ဘက်စုံရေးဆွဲနေပြီဖြစ်"
>
> တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်

စေပြီး နှစ်ဦးနှစ်ဖက်ဆက်ဆံရေး၏ အနာဂတ် လမ်းပြမြေပုံသစ်ကို ဘက်စုံရေးဆွဲနေပြီဖြစ်ပါကြောင်း။

မိမိသည် တရုတ် - မြန်မာ သံတမန်ဆက်ဆံရေးနှစ် (၇၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုခဲ့ပါကြောင်း၊ ယင်းတွင် ဝန်ကြီးချုပ် ချူအင်လိုင်း ၁၉၅၄ ခုနှစ် ဇွန်လ ၂၈ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံ တစ်ပုံကို တွေ့လိုက်ပါကြောင်း၊ ထိုအချိန်က တရုတ်၊ အိန္ဒိယ၊ မြန်မာနိုင်ငံတို့ အသီးသီး ပူးတွဲကြေညာချက်ထုတ်ပြန်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အတူတကွ အဆိုပြုခဲ့ကြပါကြောင်း၊ ယင်းသည် နိုင်ငံတကာဆက်ဆံရေးသမိုင်းတွင် အရေးပါလှသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးသည် နှစ်တစ်ရာအတွင်း မရှိခဲ့ဖူးသည့် ပြောင်းလဲမှုကြီးများနှင့် ကြုံတွေ့နေရပါကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းသည် တစ်ဦးနှင့် တစ်ဦးအပြန်အလှန် ဆက်နွှယ်နေသော အေးအတူပူအမျှ အသိုက်အဝန်းအဖြစ် တစ်နေ့တခြား ဖြစ်ပေါ်လာနေပါကြောင်း၊ သို့သော် နိုင်ငံတကာ ဆက်ဆံရေးတွင် တရားမျှတမှု၊ တန်းတူညီမျှမှု မရှိသည့် လက္ခဏာများလည်း သိသိသာသာ ပေါ်ပေါက်နေဆဲဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး ထိန်းသိမ်းခြင်း၊ အတူတကွဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးခြင်းတို့သည် တာဝန် ကြီးလေးလှပြီး ခရီးဝေးလံနေဆဲဖြစ်ပါကြောင်း၊ အခြေအနေသစ်တွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်သည် ခေတ်နောက်ကျမှုမရှိရုံသာမက ကာလကြာရှည်စွာသစ်လွင်နေဆဲ ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ပြန့်ပွားစေပြီး လက်တွေ့ကျင့်သုံးသည့် စံနမူနာအဖြစ် ဆောင်ရွက်ရန်၊ နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံသည့် စံနမူနာအဖြစ်ရပ်တည်ရန်၊ နိုင်ငံတကာအသိုက်အဝန်းမှ လူသားကံကြမ္မာတူအသိုက်အဝန်း လက်တွဲ တည်ဆောက်မှုကို တွန်းအားပေးရန်ဆန္ဒရှိပါကြောင်း။

### အရှိန်အဟုန်ဖြင့်ချီတက်

၂၀ ရာစု ၆၀ ပြည့်နှစ်ကာလက တရုတ်နိုင်ငံမှ မာရှယ်ချိန်ယိ က "ဆွေမျိုးပေါက်ဖော် သံယောဇဉ်နက်ရှိုင်းနေ၊ မြစ်ရေတစ်သွင်သွင် စီးဆင်းစေ" ဟု ကဗျာစပ်ဆိုခဲ့ပါကြောင်း၊ နှစ်ဦးနှစ်ဖက်၏ အတူတကွကြိုးပမ်းမှုအောက်တွင် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်သော သမိုင်းရေစီးကြောင်းသည် မြစ်ဖျားခံရာတူညီသည့် တရုတ်နိုင်ငံမှ လန်ချန်းမြစ်နှင့် မြန်မာနိုင်ငံမှ ဧရာဝတီမြစ်ကဲ့သို့ တောတောင်အထပ်ထပ်ကို ဖြတ်သန်းပြီး အတားအဆီးများကို ကျော်လွှားကာ ရှေ့သို့ အရှိန်အဟုန်ဖြင့် ဆက်လက်ချီတက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် တရုတ် - မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ပါစေဟု မိမိအနေဖြင့် လေးလေးနက်နက် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ပြောကြားသည်။

### ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့က မြန်မာ - တရုတ်နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် စတင်ခြင်း အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့များက မြန်မာ-တရုတ်ချစ်ကြည်ရေးအက၊ ပွဲတော်နေ့မှာ ပျော်ပျော်ရွှင်ရွှင်ဆိုကြစို့အက၊ ကျေးလက်တေးကဗျာအက၊ အလင်္ကာ၊ ရောင်စုံတိမ်တိုက်ပမာလှပသော ယူနန်အကနှင့် စုပေါင်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❑ *ကျောဖုံးမှ*

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီအတွင်းရေးမှူး Mr. Chen Hao ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် အဖွဲ့အား နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ မြန်မာတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ယဉ်ကျေးမှု ယိမ်းအကအဖွဲ့တို့က ဂုဏ်ပြုကြိုဆိုကြသည့်အပြင် နေပြည်တော်လေဆိပ်အထွက် လမ်းဘေးဝဲယာ၌ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံ အလံငယ်များကို ဝှေ့ယမ်း၍ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်အထွက် လမ်းဘေး ဝဲ/ယာ ၌ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်းကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီယက်နမ်နိုင်ငံ၌ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၇

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ညကျန်းမြို့၌ ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။**

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၆ ရက်တွင် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh က တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲသို့ လည်းကောင်း၊ ဇန်နဝါရီ ၁၇ ရက်တွင်ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ လည်းကောင်း အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

**အမြင်ချင်းဖလှယ်**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းစဉ်နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံက “ပေါင်းစည်းညီညွတ်၍ တုံ့ပြန်နိုင်စွမ်းရှိသော အာဆီယံ” (Cohesive and Responsive ASEAN) ဘာသာရပ်ဆောင်ပုဒ်အောက်မှ ၂၀၂၀ ပြည့်နှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ အာဆီယံ၏ပြင်ပဆက်ဆံရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလုပ်သဘော ညစာစားပွဲတွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဆက်ဆံရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေး၊ အာဆီယံ-အမေရိကန်ပြည်ထောင်စု ထိပ်သီးအစည်းအဝေးကျင်းပရေးကိစ္စ၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ထိန်းသိမ်းရေးတွင် အာဆီယံ၏အခန်းကဏ္ဍအားမြှင့်တင်ရေးကိစ္စ၊ အာဆီယံအစည်းအဝေးများအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် ကျင်းပရေးကိစ္စများ၊ ရခိုင်ပြည်နယ်အရေးကိစ္စတို့ကို အလွတ်သဘောဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်း အလွတ်သဘော အသိပေးပြောကြားခဲ့သည်။

**အမျိုးသားအဆင့်မဟာဗျူဟာ**

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားရှိ နေရပ်စွန့်ခွာသူများထံ ဒုတိယအကြိမ် သွားရောက်၍ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည့်အစီအစဉ်၊ “ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ” ချမှတ်၍ ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်များတွင် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးကို အကောင်အထည်ဖော်နေသည့် အခြေအနေများ၊ မြန်မာဘက်ခြမ်းနယ်နိမိတ်အနီးတွင် နေထိုင်ကြသူများကို ပြန်လည်နေရာချထားရေးကြိုးပမ်းမှုများ၊ ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် လူမျိုး၊ ဘာသာ၊ ကျား/မ ခွဲခြားမှုမရှိဘဲ အသိုက်အဝန်းအားလုံး၏ ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ တိုးမြှင့်ရရှိရေးတို့အတွက် အစိုးရ၏ ဆောင်ရွက်ချက်များ စသည်တို့အပါအဝင် နေရပ်စွန့်ခွာသူများ မိမိဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ကောင်းမွန်သည့်ပတ်ဝန်းကျင်ကို ဖန်တီးရာတွင် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဓိကပြောကြားချက်များကို အကျဉ်းချုပ် ရှင်းလင်းအသိပေးသည်။

**ကြိုးပမ်းဆောင်ရွက်**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအပြီးတွင် အာဆီယံဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ရာ၌ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre နှင့် ASEAN-ERAT တို့မှ ကိုယ်စားလှယ်များလိုက်ပါသည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားရှိ နေရပ်စွန့်ခွာသူများထံသို့ ဒုတိယအကြိမ် သွားရောက်၍ ရှင်းလင်းပြောကြားခဲ့သည့် အစီအစဉ်ကို ကြိုဆိုကြောင်း၊ အာဆီယံပဏာမဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးမည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ယာယီအထောက်အကူပြုအဖွဲ့ (Ad Hoc Support Team) ဖွဲ့စည်းခြင်းကို ကြိုဆိုကြောင်း၊ လူသားချင်းစာနာမှုအကူအညီများပေးခြင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် ကူညီပံ့ပိုးခြင်းနှင့် ရခိုင်ပြည်နယ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ရာတွင် အာဆီယံ၏ကူညီပံ့ပိုးမှုကို ထပ်လောင်းအတည်ပြုကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးကြောင်း ဖော်ပြထားသည်။

ယခုအစည်းအဝေးသည် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံ၏ လက်ထက်တွင် ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ထမ်းဆောင်မည်ဖြစ်သည်။ ပထမအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ဒါနန်းမြို့၌ ကျင်းပသွားရန်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

* *ကျောဖုံးမှ*

ဒေါက်တာဇော်ဝင်းနှင့် ဘုတ်အဖွဲ့လူကြီးများ၊ အသင်းဝင် အသင်းတော် ၁၅ ပါးနှင့် အဖွဲ့အစည်း လေးပါးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အနားယူကျမ်းစာအသင်း ဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာမ ဒေါ်နီနီဆွေက အဖွင့်ဆုတောင်းပြီး ဘုရားသခင်အား ဘုန်းကြီးစေသောကျူး ဓမ္မသီချင်းသီဆိုသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အကြီးစားပြန်လည်ပြင်ဆင်မွမ်းမံထားသည့် မြန်မာနိုင်ငံကျမ်းစာအသင်းတိုက် အဆောက်အဦအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ဦးကြည်မင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင် ဒေါက်တာစောထွန်းအောင်မြင့်နှင့် မြန်မာနိုင်ငံကျမ်းစာအသင်းမှ ဒေါက်တာစောခရီးနာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

### ကျောက်စာတိုင်

ယင်းနောက် မြန်မာနိုင်ငံကျမ်းစာအသင်းတိုက် ကမ္ပည်းကျောက်စာတိုင်ကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ကျမ်းစာအသင်းမှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး သန့်ရှင်းသောရေဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ အသင်းတိုက်ဆိုင်ရာတင်ပြခြင်းနှင့် ဆုတောင်းခြင်းအခမ်းအနားကိုကျင်းပရာ ကျမ်းစာအသင်းဥက္ကဋ္ဌ သိက္ခာတော်ရ ဒေါက်တာဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက် ကျေးဇူးတင်စကားပြောကြားပြီး ကျမ်းစာအသင်းအထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဆရာဦးခွေလမ်းထန်က မြန်မာနိုင်ငံ ကျမ်းစာအသင်းအကြောင်း တင်ပြသည်။

### ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကျမ်းစာအသင်းသည် ခရစ်ယာန်သာသနာ ထွန်းကားပြန့်ပွားရေးအတွက် သမ္မာကျမ်းစာကို လူမျိုးတိုင်းက မိခင်ဘာသာစကားဖြင့် လုံလောက်စွာရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် သာသနာအဖွဲ့အစည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကျမ်းစာအသင်း၏ အသင်းဝင် အသင်းတော် ၁၅ ပါးနှင့် အဖွဲ့အစည်း လေးပါး ပါဝင်ကြောင်းကို အစပြုပြီး ဗြိတိသျှနှင့် နိုင်ငံရပ်ခြား ကျမ်းစာအသင်း (British and Foreign Bible Society) က ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ယခုဆိုလျှင် နှစ်ပေါင်း ၁၃၀ ရှိခဲ့ပြီဖြစ်ကြောင်း၊ ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံ ကျမ်းစာအသင်း (Bible Society of Myan–mar)ဟု ပြန်လည်ပြင်ဆင် ဖွဲ့စည်းခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့ (United Bible Societies)၏ တင်းပြည့်အသင်းဝင်ဖြစ်လာခဲ့ကြောင်း။

### ကြီးစားပြုပြင်

မြန်မာနိုင်ငံ ကျမ်းစာအသင်းပိုင်အဆောက်အဦ နှစ်ခုစလုံးသည် သက်တမ်းရင့်ပြီး ရာသီဥတုဒဏ်ကြောင့် လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ပတ်ဝန်းကျင် အဆောက်အဦများ တည်ဆောက်ခဲ့ကြစဉ် ကြွခိုင်မှု ထိခိုက်ခဲ့ရ၍ လည်းကောင်း မူလပုံစံမပျက် ကြိုးစားပြုပြင်ရန် လိုအပ်လာခဲ့ကြောင်း။

သာသနာပြု ဆရာကြီးများ ပြန်သွားပြီး ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် မူလပိုင်ဆိုင်မှု အမည်ပေါက် British and Foreign Bible Society ထံမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ ကျမ်းစာအသင်းပိုင်ဆိုင်မှု အမည်ပေါက်အဖြစ် တရားဝင်လွှဲပြောင်းနိုင်ခဲ့သည်ဟု သိရှိရကြောင်း။

ယင်းကဲ့သို့ လွှဲပြောင်းခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း MYO & PEC Group Construction Co.,Ltd က ကုန်ကျငွေကျပ် ၃၆၀၄ သိန်းကျော်ဖြင့် အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်ကို သိရကြပါကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို လူတိုင်းနှစ်သက်ကြကြောင်း၊ ထို့ကြောင့်လည်း ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများကို အထူးတလည် အာရုံစိုက်ဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ယင်းငြိမ်းချမ်းရေးလုပ်ငန်းများအောင်မြင်ရန် ခရစ်ယာန်အသင်းတော်များကလည်း ဆုတောင်းပေးကြရန်နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင်လည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

### ဆုမွန်ကောင်းတောင်း

ယခုပြုပြင်ပြီးသော ကျမ်းစာအသင်းတိုက်သည် ခရစ်ယာန်သာသနာ ရှင်သန်တည်ရှိမှု သက်သေအနေဖြင့်လည်းကောင်း၊ အသင်းတော်များ စည်းလုံးညီညွတ်မှု၏ အထင်ကရပြယုဂ်အဖြစ် လည်းကောင်း ရန်ကုန်မြို့လယ်တွင် အစွန့်ရှည်စွာရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ ကျမ်းစာအသင်းတိုက်ဆက်ကပ်ကျေးဇူးတော် ချီးမွမ်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

သိရှိရပါကြောင်း။

မြန်မာနိုင်ငံ ကျမ်းစာအသင်းအနေဖြင့် ယနေ့အထိ မြန်မာနိုင်ငံရှိ ဘာသာစကားပေါင်း ၄၅ မျိုးဖြင့် သမ္မာကျမ်းစာကို လည်းကောင်း၊ ဘာသာစကား ၂၁ မျိုးဖြင့် ဓမ္မသစ်ကျမ်းကို လည်းကောင်း ဘာသာပြန်ပြီးစီးပြီးဖြစ်ကာ နှစ်စဉ် ကျမ်းစာအုပ် ၈၀၀၀၀ ခန့် ပုံနှိပ်ဖြန့်ချိနေပါကြောင်း၊ ထို့ကြောင့် ကျမ်းစာအသင်းတိုက်သည် ခရစ်ယာန်တို့၏ ဂုဏ်ယူစရာ အမွေအနှစ်ဖြစ်သကဲ့သို့ ခရစ်ယာန်သာသနာ ရှင်သန်ရပ်တည်မှု၏ အထင်ကရပြယုဂ်အဖြစ် မားမားမတ်မတ်ရပ်တည်နေသည်ကို တွေ့ရပါကြောင်း။

မြန်မာနိုင်ငံတွင် သမ္မာကျမ်းစာ အမှုတော်လုပ်ငန်းကို ၁၈၈၉ ခုနှစ်မှ

ပါကြောင်း။

### အသိအမှတ်ပြု

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးဘိုးဘေးဘီဘင်တို့လက်ထက်၊ ရှေးပဝေသဏီခေတ်ကတည်းက တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာ အတူလက်တွဲ နေထိုင်ကြသည့် တိုင်းပြည်ဖြစ်ကြောင်း၊ အများစုက ဗုဒ္ဓဘာသာဝင် ဖြစ်ကြသော်လည်း ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့ကိုလည်း ကိုးကွယ်ရာ ဘာသာများအဖြစ် တရားဝင် အသိအမှတ်ပြုထားပါကြောင်း။

ဘာသာတရား အသီးသီး၏ အဆုံးအမအောက်တွင် မေတ္တာတရားကို အခြေပြုပြီး အသက်ရှင်

ယခုကဲ့သို့ ပြောင်းလဲလာခဲ့သည့် မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ရာသီဥတုဒဏ်၊ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ဒဏ်များကြားက ရာစုနှစ်တိုင်အောင် ကြံ့ကြံ့ခံကာ ရပ်တည်နိုင်ခဲ့သည့် မြန်မာနိုင်ငံ ကျမ်းစာအသင်းတိုက်ကြီးကို အကြီးစားပြင်ဆင်ရေးလုပ်ငန်းတွင် ငွေအား၊ လူအား၊ စိတ်ဓာတ်ရေးရာ ခွန်အားများဖြင့် အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်း ပံ့ပိုးကူညီပေးခဲ့ကြသူများအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြု ပြောကြားလိုပါကြောင်း။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)မှ ဓမ္မသံစုံ ချီးမွမ်းခြင်းပြုလုပ်ကာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ဖာသာမာရီရာနိုစိုးနိုင်က အထူးဆက်ကပ်ဆုတောင်းခြင်း ပြုလုပ်သည်။

ထို့နောက် တက်ရောက်လာသည့် ပရိသတ်များက "ကိုးစား၍နားထောင်" ဓမ္မသီချင်းသီဆိုပြီး သိက္ခာတော်ရဆရာအာရှုန်စွတ်ညက် (UBS Ministry Resource Facilitator – Team Leader) က ကောင်းချီးပေးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကမ္ဘာ့ဘဏ် Global Director အဖွဲ့အား ငြိမ်းချမ်းရေးရယူထားသောဒေသများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ကမ္ဘာ့ဘဏ်မှ Social Development ဆိုင်ရာ Global Director , Ms. Louise Cord နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

### လူထုဗဟိုပြု

တွေ့ဆုံစဉ် ကျေးလက်လူထုအခြေပြုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ၊ လူထုဖွံ့ဖြိုးရေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ ကမ္ဘာ့ဘဏ် Social Development ဆိုင်ရာ Global Director , Ms. Louise Cord နှင့် အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

လုပ်ငန်းများနှင့် လူထုအခြေခံသော သဘာဝဘေးအန္တရာယ် တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းစဉ်များတွင် နိုင်ငံသားများ၏ ပါဝင်မှုနှင့် တာဝန်ခံဆောင်ရွက်မှု၊ ကျား/မ ရေးရာကိစ္စရပ်များနှင့် လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် ညှိနှိုင်းဆောင်ရွက်နေမှုများ၊ လူထုဗဟိုပြု စီမံကိန်းအား မြို့နယ် ၆၃ မြို့နယ်အား အကောင်အထည်ဖော်လျက်ရှိရာ ၂၇ မြို့နယ်တွင် စီမံကိန်းစက်ဝန်း လေးနှစ်ဖြစ်ပြီး ကျန်စီမံကိန်းမြို့နယ် ၃၆ မြို့နယ်တို့တွင် စီမံကိန်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

### အသက်မွေးဝမ်းကျောင်း

ဆက်လက်၍ လူထုဗဟိုပြု စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ကျေးလက်လူနေမှု အဆင့်အတန်း မြင့်မားလာမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းလာနေမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်နိုင်မှု၊ ကျေးလက်မီးလင်းရေးလုပ်ငန်းဆောင်ရွက်နေမှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ ငြိမ်းချမ်းရေး ရယူထားသောဒေသများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အခွင့်အရေးများ ပိုမိုရရှိစေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်-မြန်မာ ပူးတွဲထုတ်လုပ်သည့် မှတ်တမ်းရုပ်ရှင် “Beautiful Myanmar” ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တရုတ်-မြန်မာ ပူးတွဲထုတ်လုပ်သည့် မှတ်တမ်းရုပ်ရှင် “Beautiful Myanmar” ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ National Radio and Television Administration of China (NRTA) မှ ဝန်ကြီး Mr. Nie Chenxi ၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ NRTA ၊ Yunnan Media Group (YMG) နှင့် YTV တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တရုတ်- မြန်မာ ချစ်ကြည်ရင်းနှီးမှု**

အခမ်းအနားတွင် NRTA မှ ဝန်ကြီး Mr. Nie Chenxi က “Beautiful Myanmar” မှတ်တမ်းရုပ်ရှင်သည် တရုတ်-မြန်မာ တောတောင်ရေမြေ ဆက်စပ်သော ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနှင့် နှစ်နိုင်ငံချစ်ခင်ရင်းနှီးမှုကို ဖော်ပြနေသည့်အပြင် မြန်မာနိုင်ငံ၏ သဘာဝ အလှအပများ၊ ယဉ်ကျေးမှုများနှင့် ပြည်သူပြည်သားတို့၏ ကောင်းမွန်သော အနာဂတ်အတွက် စိတ်အားထက်သန်မှုများကိုလည်း ဖော်ပြနေပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ် (၇၀) ပြည့်မြောက်မှုနှင့် အတူ မီဒီယာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ကာ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုခိုင်မြဲအောင် ဆောင်ရွက်လိုပါကြောင်း ပြောကြားသည်။



National Radio and Television Administration of China (NRTA) မှ ဝန်ကြီး Mr. Nie Chenxi အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တရုတ်-မြန်မာ ပူးတွဲထုတ်လုပ်သည့် မှတ်တမ်းရုပ်ရှင် “Beautiful Myanmar” ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နားလည်မှုစာချွန်လွှာလက်မှတ်ထိုး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့ ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းနှင့် ပြန်ကြားရေးဌာနတို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ပြန်ကြားရေးဆိုင်ရာကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုများအရ တရုတ်ရုပ်သံဇာတ်လမ်းတွဲ အစီအစဉ်များကို မြန်မာအသံသွင်းပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)တွင် ၂၀၁၇ ခုနှစ် ဩဂုတ်မှ စတင်ပြသခဲ့ရာ ယခုအခါ ဇာတ်လမ်းတွဲ ရှစ်ခုရှိပြီ ဖြစ်ပါကြောင်း။

**ရုပ်သံမှတ်တမ်းအစီအစဉ်**

ယခု အခမ်းအနားကိုလည်း “Beautiful Myanmar” မှတ်တမ်းရုပ်ရှင်ကို အပိုင်းတစ်ပိုင်းလျှင် မိနစ် ၃၀ စာဖြင့် အပိုင်းလေးပိုင်းထုတ်လွှင့်ပြသမည့် အထိမ်းအမှတ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရှိရသည့်အတွက် နှစ်နိုင်ငံအကြား မီဒီယာပေါင်းစည်းမှု သင်္ကေတအဖြစ် ဝမ်းသာမိပါကြောင်း၊ ဆက်လက်၍လည်း ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ အပြင် နှစ်နိုင်ငံ ယဉ်ကျေးမှုဓလေ့ ထုံးစံများ၊ ခရီးသွားအစီအစဉ်များကို ရုပ်သံမှတ်တမ်းအစီအစဉ်များအဖြစ် အပြန်အလှန် ရိုက်ကူးထုတ်လုပ်သွားရန် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဆန္ဒရှိပါကြောင်းပြောကြားသည်။

ယင်းနောက် YMG နှင့် YTV တို့ ပူးပေါင်းရိုက်ကူး ထုတ်လုပ်သည့် “Beautiful Myanmar” မှတ်တမ်းရုပ်ရှင်နမူနာကို ပြသသည်။

ထို့နောက် မှတ်တမ်းရုပ်ရှင် ဖန်တီးရိုက်ကူးမှုများနှင့် စပ်လျဉ်း၍ ဒါရိုက်တာကျိုးဝေဖင့်၊ YMG ထုတ်လုပ်ရေးမှူး မစ္စ ဟိုင်ယွင့်နှင့် YTV ထုတ်လုပ်ရေးမှူး ဒေါ်နန်းစောထွေးမြင့်တို့က ရှင်းလင်းပြောကြားကြသည်။

**မှတ်တမ်းခွေများပေးအပ်**

ထို့နောက် YMG ဥက္ကဋ္ဌ Mr. He Yaning က YMG နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) တို့ ပူးပေါင်းရိုက်ကူးထားသည့် တရုတ်ဟင်းလျာ အစီအစဉ်၊ ဖူးအယ်လက်ဖက်ခြောက်၊ ယူနန်အရသာနှင့် မုဖူဇာတ်လမ်းတွဲ ရုပ်သံ မှတ်တမ်းခွေများကို လည်းကောင်း၊ ပေကျင်း CCTV လယ်ယာစိုက်ပျိုးရေး ချန်နယ်မှ ဒုတိယညွှန်ကြားရေးမှူး Mr. Ouyang Haihong က လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အစီအစဉ်မှတ်တမ်းခွေများကို လည်းကောင်း ပေးအပ်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က လက်ခံခဲ့သည်။

**သတင်းစဉ်**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေရေးဆွဲရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

**အမွေကောင်းများ လက်ဆင့်ကမ်း**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့အနေဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်ရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ အစိုးရက ဆောင်ရွက်လျက်ရှိသည့်ကိစ္စများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးကို ဦးတည်ပါကြောင်း၊ လက်ရှိဆောင်ရွက်မှုများသည် အနာဂတ်နိုင်ငံတော်အတွက် အမွေကောင်းများ လက်ဆင့်ကမ်းနိုင်ဖို့ ဖြစ်ပါကြောင်း၊ လက်ဆင့်ကမ်းအမွေယူကြမည့်သူများသည် ကလေးငယ်များပင် ဖြစ်ပါကြောင်း။

**ကလေးသူငယ်များတန်းတူခံစားရရှိအောင်**

ထို့ကြောင့် အကောင်းဆုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်းဆုံး အကျိုးစီးပွားများကို ခံစားရရှိစေရန် ကြိုးပမ်းကြခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လိုအပ်ချက်များပြားသည့်အတွက် အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရှေ့ဆက်ဆောင်ရွက်ရာ၌ လုပ်ငန်းများ သွက်လက်မှန်ကန်ဖို့၊ ထက်ထက်မြက်မြက်ရှိဖို့နှင့် စွမ်းဆောင်ရည်မြင့်မားပြီး အောင်မြင်ရန်အတွက် ကလေးငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် လက်ဆင့်ကမ်းအမွေယူကြမည့် ကလေးသူငယ်များအတွက်အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်အောင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြောင်းလဲလာသောခေတ်စနစ်များနှင့် သော်လည်ကောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နှင့်သော် လည်ကောင်း ကိုက်ညီမှုရှိအောင် ရေးဆွဲခဲ့ကြပါကြောင်း၊ အခွင့်အရေးများကို ဖော်ဆောင်ပေးရန် နည်းလမ်းများရှိရမည်ဖြစ်ကြောင်း၊ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ပါက ကလေးသူငယ်များအားလုံး သာတူညီမျှ ခံစားရရှိမည်ဖြစ်ကြောင်း၊ တူညီသည့်ဥပဒေအကျိုးကို မတူညီသည့်နေရာဒေသများတွင် ရှိသည့် ကလေးသူငယ်များအားလုံး ပြည့်ပြည့်ဝဝတန်းတူခံစားရရှိအောင် နည်းဥပဒေတွင် ပြည့်ပြည့်စုံစုံထည့်သွင်းပေးရန် မှာကြားလိုပါကြောင်း၊ ဥပဒေအသစ်တွင် ကလေးသူငယ်များ၏ အသက်ကို (၁၈)နှစ်အောက်ဟု သတ်မှတ်ထားသောကြောင့် နည်းဥပဒေဖော်ဆောင်ရာတွင် ကလေးသူငယ်များအား စောင့်ရှောက်ခြင်း၊ အပြစ်ပေးအရေးယူခြင်းများနှင့် ပတ်သက်၍ အထူးအလေးထားဂရုစိုက်ရမည့်ကိစ္စများ ရှိလာမည်ဖြစ်ကြောင်း၊ ကလေး သူငယ် မွေးစားခြင်းကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို မသွေဖည်ဘဲ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နည်းဥပဒေပေါ်ပေါက်လာရေး ဝိုင်းဝန်းကြိုးပမ်း**

နည်းဥပဒေကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြတ်သားစွာပါရှိရန်လည်းလိုပါကြောင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်လည်း ထုတ်ပြန်ရမည့် အမိန့်ညွှန်ကြားချက်များသည် ဥပဒေနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါကြောင်း၊ နည်းဥပဒေကိုရေးဆွဲရာတွင် အတွေ့အကြုံများပြားသူများ လုပ်ငန်းအဖွဲ့ထဲတွင် ပါဝင်သည့်အတွက်ကြောင့် အတွေ့အကြုံများကို အချင်းချင်းဖလှယ်ပြီး ပြဿနာရှိနိုင်သည့်ကဏ္ဍများတွင် အကောင်းဆုံးအဖြေရရှိအောင် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ကလေးသူငယ်များသည် မိဘ၊ မိသားစုဝင်များနှင့် ဆက်စပ်ရပ်တည်ရသောကြောင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေကို ဖော်ဆောင်ရာတွင် ကလေးသူငယ်များ နှင့်ဆက်စပ်သောသူများအတွက်ပါ စဉ်းစားထည့်သွင်းပေးဖို့ တိုက်တွန်းလိုပါကြောင်းနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေပေါ်ပေါက်လာရေး ဝိုင်းဝန်းကြိုးပမ်းပေးကြမည့် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း (The International Development Law Organization– IDLO)၏ တာဝန်ရှိသူ တစ်ဦးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေဖော်ဆောင်ရေးအတွက် လေ့လာဆန်းစစ်ချက်များ၊ တွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။

လူမှုဝန်ထမ်းဦးစီးဌာန၊ တာဝန်ရှိသူများက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေဖော်ဆောင်ရေးအတွက် ကဏ္ဍများအလိုက် သတ်မှတ်ဆွေးနွေးခြင်း၊ လုပ်ငန်းစဉ်များ အတွက် ဆွေးနွေးခြင်းနှင့် တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှု ရှိ မရှိ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဆက်လက် အကောင်အထည်ဖော်မည့် လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုများကိုသိရှိ၍ လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တက်ရောက်လာကြသူများမှ ဆွေးနွေးတင်ပြပေးရန် ပြောကြားသည်။

ဆက်လက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့် ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းကော်မတီဝင်များ၏ ဆောင်ရွက်ပြီးစီးမှု၊ အမျိုးသားကော်မတီ၏ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်ပါ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက် (၅) ချက်၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများ၊ အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများက အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဖြစ်ပေါ်တိုးတက်မှုများ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကိုအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန် အထက(၈)တွင် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြို ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ စာပေဗိမာန် စာဖတ်အသင်းနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက်က အင်းစိန်မြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း နဂရတ်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုစန်းက အမှာစကားပြောကြားပြီး စာပေဗိမာန် စာဖတ်အသင်းနှင့် မြို့နယ်သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က ကျောင်းသား ကျောင်းသူများကို "ပြည်ထောင်စုနေ့ တို့မမေ့" ခေါင်းစဉ်ဖြင့် ဟောပြောကြကာ ဟောပြောပွဲတက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းများ မေးမြန်းပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။


**ဉာဏ်လင်း**

# မော်လမြိုင်ကမ်းနား လျှောက်လမ်းကို ဇန်နဝါရီ ၁၈ ရက်(ယနေ့) ဖွင့်မည်

**မော်လမြိုင် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်မြို့တွင် ယဉ်ကျေးမှုဖျော်ဖြေရေးများ ပါဝင်သော မော်လမြိုင်ကမ်းနား လျှောက်လမ်းကို ဇန်နဝါရီ ၁၈ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် ကမ်းနားလမ်း၌ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မော်လမြိုင် ကမ်းနားလျှောက်လမ်း**(ယာပုံ)** ဖွင့်ပွဲအခမ်းအနားတွင် မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှု အကအလှများအပြင် အခြားသော အကများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး မော်လမြိုင်မြို့သို့ ရောက်ရှိလာသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအတွက် တစ်နေရာတည်းတွင် လွယ်ကူစွာ ဝယ်ယူသုံးဆောင်နိုင်စေရန် ဒေသထွက် တိုင်းရင်းသား ရိုးရာ အစားအစာများ၊




အဝတ် အထည်များ၊ အမှတ်တရ ပစ္စည်းများ၊ မုန့်များနှင့် ဒေသထွက် သီးနှံတို့ကို ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

အဆိုပါ မော်လမြိုင် ကမ်းနား လျှောက်လမ်းကို လာရောက်လည်ပတ်သူများ အဆင်ပြေစေရန် အတွက် ကား၊ ဆိုင်ကယ်များ ရပ်နားရန်နေရာများထားရှိပြီး လာရောက်လည်ပတ်သူများ စားသုံးပြီးသော အမှိုက်များကို သံလွင်မြစ်အတွင်းနှင့် လမ်းပေါ်သို့ပစ်ချခြင်းများ မပြုလုပ်နိုင်ရေးအတွက် အမှိုက်ပုံးများကို စည်ပင်သာယာရေးအဖွဲ့မှ ချထားပေးမည်ဖြစ်သည်။ ညနေ နေဝင်ချိန်အလှကြည့်ခြင်းနှင့် အပန်းဖြေအနားယူခြင်းတို့အတွက် ထိုင်ခုံများကိုလည်း စနစ်တကျ ချထားပေးကာ သံလွင်မြစ်၏ အလှနှင့် ကမ်းနားလမ်းသာယာလှပမှုတို့ကို ကြည့်ရှုနိုင်ရန်အတွက် မြင်းလှည်းများကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များရွေးကောက်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။
ဓာတ်ပုံ-ဖိုးသော်ဇင်

*✻ ကျောဖုံးမှ*

ယှဉ်ပြိုင်နေသည့် ကလပ်အသင်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၆ဝ မဲပေးခွင့်ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ ရွေးကောက်ပွဲကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများလည်း တက်ရောက်လေ့လာမည် ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဦးဇော်မင်းစိန် (ဥပဒေအကြံပေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ အဖွဲ့ဝင်များအဖြစ် ဦးဘန်နီတင်အောင် (နည်းစနစ်ကော်မတီနာယက၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ ဦးခင်မောင်မြင့် ( ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးသန်းထွန်း (အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီ)၊ ဦးတင်အောင် (ဂိုး)၊ (နည်းစနစ်ကော်မတီနာယက၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်) တို့ ပါဝင်သည်။

**ညီမြတ်သော်တာ**

# WLC မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံဘွဲ့ကို ထိန်းသိမ်းကာကွယ်မည်ဟု တူးတူး ပြောဆို

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၂၀ ပြည့်နှစ်၏ ပထမဆုံး WLC Battlebones ပွဲစဉ်တွင် WLC မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံဘွဲ့ကို ဆက်လက် ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ကြောင်း တူးတူး က ပြောသည်။

မြန်မာ့လက်ဝှေ့ကျော် တူးတူးနှင့် ဥဇဘက်ကစ္စတန်နိုင်ငံသား ကမ္ဘာ့အဆင့် ဖိုက်တာ တူတာဗို့(Naimjon Tuhtaboyev)တို့သည် မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံဘွဲ့လုပွဲစဉ် အဖြစ် ဇန်နဝါရီ ၃၁ ရက်တွင် ညနေ ၅ နာရီ၌ ရန်ကုန်မြို့ရှိ သိမ်ဖြူအားကစားခန်းမတွင် ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။

"ပြိုင်ဘက်ရဲ့ ထိုးသတ်ပုံတွေကို လေ့လာခဲ့ပါတယ်။ နောက်ပိုင်းမှာ သူဘယ်လို ယှဉ်ပြိုင်လာသလဲပေါ့။ လာမယ့် ကျွန်တော့်ရဲ့ ပြိုင်ပွဲကို ရုံတွင်းကိုလည်း လာရောက်အားပေးကြဖို့၊ ရုံတွင်းမလာနိုင်ရင်လည်း ရုပ်သံကနေ ကြည့်ရှုအားပေးကြဖို့ ပြောချင်ပါတယ်။ ပြိုင်ပွဲကြီးမှာလည်း အကောင်းဆုံး ကြိုးစားပြီးတော့ ချန်ပီယံခါးပတ်ကို ကာကွယ်ဖို့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားပါမယ်" ဟု မြန်မာ့လက်ဝှေ့ကျော် တူးတူး က ပြောသည်။

အဆိုပါ လက်ဝှေ့ပွဲစဉ်တွင် ဟိန်းထွန်းအောင်နှင့် အမ်ဆိုသီ EM Sothy(ကမ္ဘောဒီးယား)၊ သားဂင်းထွန်းနှင့် EH MWE(မြန်မာ)၊ စောကောင်းထက်နှင့် ဆင်မြူရယ်တော့စ်ကာနိုဟာ Samuel Toscano (အီတလီ)၊ စောလှမင်းနှင့် ထွန်းလင်းအောင် ၊ လင်းထက်အောင်နှင့် ဇင်ဘို ၊ ဆိုရိစ်မန်ဖရက်ဒီ (ပြင်သစ်) နှင့် ထရန်သီလူူအာ (ဗီယက်နမ်)၊ စိုးမင်းအောင်နှင့် ဆော့ရစ်သ်တို့၏ တွဲဆိုင်းများလည်းပါဝင်ပြီး အသီးသီး ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။




WLC မစ်ဒယ်ဝိတ်
ကမ္ဘာ့ချန်ပီယံ တူးတူး

အဆိုပါ လက်ဝှေ့ပွဲစဉ်ကို (Canal+) နှင့် UFC Fight Pass ရုပ်သံတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ - အာကာစိုး**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၇** - စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်း ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မန္တလေးမြို့ ရတနာပုံဈေး Sky walk အဆောက်အအုံမီးလောင်မှုဖြစ် မီးသတ်တပ်ဖွဲ့မှ Level 5 ယာဉ်အုပ်စုများဖြင့် ငြှိမ်းသတ်ခဲ့ရ

**မန္တလေး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်ရှိ ရတနာပုံဈေး Sky Walk ရှိအပေါ်ထပ်လေးလွှာတွင် ယနေ့ ညနေ ၆ နာရီဝန်းကျင်မှ စတင်၍ မီးလောင်မှုဖြစ်ရာ level 5 အဆင့်သတ်မှတ်၍ မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးစားငြှိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးဆောင်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မီးငြှိမ်းသတ်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ည ၇ နာရီ ၂၃ မိနစ်မှစတင်၍ Level 5 အဆင့်သတ်မှတ်ကာ မီးလောင်မှုစတင်ဖြစ်ပွားပြီးနောက် ည ၁၁ နာရီခန့်အထိ မီးများကို ဆက်လက်ငြှိမ်းသတ်နေရကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကနဦးသတင်းအရ သိရသည်။

အဆိုပါမီးလောင်မှုဖြစ်သည့်နေရာသို့ ရောက်ရှိနေသည့် မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က "မန္တလေးတိုင်းဒေသကြီး တစ်ခုလုံးမှာရှိတဲ့ မီးသတ်သမားတွေက စွန့်စွန့်စားစား အောက်ဆီဂျင်စက်တွေ အကူအညီနဲ့ အထဲထိဝင်ရောက်ငြှိမ်းသတ်နေပါတယ်။ အထပ်မြင့်ဖြစ်တဲ့အတွက် မီးငြှိမ်းသတ်ရတာ ခက်ခဲပါတယ်။ လိုအပ်ရင် စစ်ကိုင်းတိုင်းဒေသကြီးဘက်ကလည်း ကူညီဖို့အတွက် အဆင်သင့်ပြင်ဆင်ထားပါတယ်"ဟုပြောသည်။

ရတနာပုံဈေးမီးလောင်မှုကို မီးသတ်တပ်ဖွဲ့နှင့်အတူ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများပါ ပူးပေါင်းပြီး ငြှိမ်းသတ်ခဲ့ရပြီး မီးလောင်မှုစတင်ဖြစ်ပွားပြီးနောက် နှစ်နာရီခွဲအကြာတွင် မီးကိုထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

မီးလောင်မှုဖြစ်သည့် အကြောင်းရင်းကို သက်ဆိုင်ရာမှ စုံစမ်းလျက်ရှိပြီး အဆိုပါ ရတနာပုံဈေးမှာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က မီးလောင်မှုဖြစ်ခဲ့ပြီး ဆိုင်ခန်းပေါင်း ၁၅၀၀ ကျော်နှင့် ငွေကျပ်သန်းပေါင်း နှစ်ထောင့်ခြောက်ရာကျော် ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အလားတူ ယနေ့ ညနေ ၄ နာရီ ၁၁ မိနစ်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြစ်ကမ်းဆိပ်တွင် ဆိုက်ကပ်ထားသော စစ်ကိုင်းမြို့နယ် မင်းကွန်းရွာနေသူ ဦးမျိုးမင်းသန့် ပိုင်ဆိုင်သည့် ဆီတင်ရေယာဉ် မီးလောင်မှုဖြစ်ရာ မီးသတ်တပ်ဖွဲ့မှ Level 2 အဆင့်ယာဉ်အုပ်စုများ ထွက်ခွာငြှိမ်းသတ်မှုကြောင့် ညနေ ၄ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကြောင့် ဆီတင်ရေယာဉ်ပေါ်ပါ ဒီဇယ်ဂါလန် ၄၀၀ ကျော် ဆုံးရှုံးပြီး လူလေးဦးထိခိုက်ဒဏ်ရာများရရှိသဖြင့် ပုသိမ်ကြီး မြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။



မီးလောင်မှုဖြစ်သည့် အဆောက်အအုံကို မီးသတ်တပ်ဖွဲ့ဝင်များ ငြှိမ်းသတ်ကြစဉ်။ ဓာတ်ပုံ- အောင်ဖြိုးကျော်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား

၁၈-၁-၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၃၅ - Weekly Sport Info
- ၈:၄၀ - "ဘင်း(မ်)ကေဦဒ္ဒါ(ခ်)နီပေါ သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၀:၃၀ - ရုပ်ရှင်ရာပြည့်(Promo)
- ၁၀:၃၅ - လုံမမှတ်စု(၁၂)
- ၁၂:၃၅ - "မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး Dr . လုသို့ဗွန်းနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၂:၅၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၂)(၂) (ပင်အဲသည်အမှားကို အမှန်ဖြစ်စေရန်အတွက် အာဏာသုံးခြင်း)(၂)
- ၁၅:၃၀ - "လူ လူ လူ လူသည် ရောင်းကုန်မဟုတ်ပါ"

**ညပိုင်း**

- ၁၆:၃၅ - "မြစ်သားမြို့သို့ အလည်တစ်ခေါက်"
- ၁၇:၀၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၇:၂၀ - "ဗိုလ်ချုပ်ရုပ်ပုံစက္ကူသစ်... ကျပ်တစ်ထောင်တန်"
- ၁၇:၃၅ - NHKအစီအစဉ်"Project X : Innovators"(နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်းရောဂါရှာဖွေရေး အဖွဲ့အစည်း)(ဒုတိယပိုင်း)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ "ရှင်သန်နေဆဲဒြပ်မဲ့ယဉ်ကျေးမှုများ" (စက္ကူခေါင်းပွလုပ်ငန်း)
- - ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "မြတ်ပန်းတော်ဝင်"

## တာချီလိတ်နှင့် သီပေါမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် နံနက် ၆ နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ တည်းခိုခန်းရှေ့တွင် တွေ့ရှိသည့် မသင်္ကာဖွယ် စက္ကူပုံးကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၆၀၀ သိမ်းဆည်းရမိခဲ့သည်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် နောင်အန်ကျေးရွာအုပ်စု ခိုလုံကျေးရွာအဝင်၊ သီပေါ-မိုင်းရယ် ကားလမ်းတွင် သိန်းဟန် (ခ) စိုင်းဟန် မောင်းနှင်ပြီး စိုင်းဝင်းမြတ်ဦး (ခ) ဝင်းလူ (ခ) ဝီလ လိုက်ပါလာသည့် တိုယိုတာခရောင်း မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၇၉၈၂ ပြား၊ မြန်မာငွေကျပ် ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၅၃ စီး၊ သွင်းကုန် ၁၉၉၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက ဖမ်းဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၆၅၀ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု ငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀ ဒသမ ၇၁၀ သန်း စုစုပေါင်း ဖမ်းဆီးမှု ခုနစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁ ဒသမ ၃၆၀ သန်းဖမ်းဆီးရမိခဲ့သည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် တိုယိုတာခရောင်းယာဉ် တစ်စီးပေါ်တွင် တရားဝင်စာရွက် စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ (813) Kg နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီးကို လည်းကောင်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားမဝင် လိုင်စင်မဲ့ယာဉ်ဖြစ်သော တိုယိုတာမတ်တူးယာဉ်တစ်စီး၊ တိုယိုတာဆလွန်းယာဉ်တစ်စီးနှင့် ရယ်ဂွန်းထရပ်စ် နီဆန်း GE 13 Box ထရပ်စ် (12W) ယာဉ်တစ်စီး အားလည်းကောင်း၊ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Dr Nature (Dietary Supplement) (1x80 Box) (30 PKgs) ကိုလည်းကောင်း၊ စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၈ ဒသမ ၆၅၀ သန်းကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးကောင်း၌ ကျောင်းသားတစ်ဦး ရေနစ်ပျောက်ဆုံး

**မိုးကောင်း ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းက ကျောင်းသားတစ်ဦး ချောင်းအတွင်းရေဆင်းချိုးရာမှ ရေနစ်ပျောက်ဆုံးနေကြောင်း သိရသည်။

မိုးကောင်းမြို့ အလယ်ရပ်ကွက်ရှိ နဝမတန်းကျောင်းသား မောင်မိုးကိုဝင်း (၁၆ နှစ်) သည် ဇန်နဝါရီ ၁၆ ရက် ညနေ ၄ နာရီခန့်က သူငယ်ချင်း နှစ်ဦးနှင့်အတူ ဘောလုံးကစားပြီး နန့်ကောင်းချောင်းအတွင်းရေဆင်းချိုးစဉ် ရေနစ်ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေနစ်ပျောက်ဆုံးနေသူအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးလဂျွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများမှ ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## တာချီလိတ်မြို့၌ ထိုင်းနိုင်ငံသားတစ်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်က တာချီလိတ်မြို့၌ ထိုင်းနိုင်ငံသား တစ်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တာချီလိတ်မြို့ ရန်အောင်မြင် ရပ်ကွက်နေ ထိုင်းနိုင်ငံသား P-Kitty (ခ) နိုင်ဝမ်နာ ထောင်ပိုင်ထောင်း (ခ) စိုင်းလုံ (၃၃ နှစ်) ၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ ဩစတြေးလျ နိုင်ငံထုတ် ၉ မမ ပစ္စတိုသေနတ် တစ်လက်၊ ကျည်ကတ် တစ်ခု၊ ကျည် ကိုးတောင့်၊ Para တရုတ်နိုင်ငံထုတ် ၉ မမ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ကျည် ရှစ်တောင့်၊ ဖုန်း ၁၄ လုံးနှင့် မော်တော်ယာဉ် နှစ်စီး တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် P-Kitty (ခ) နိုင်ဝမ်နာထောင်ပိုင်ထောင်း (ခ) စိုင်းလုံအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ယာဆေး(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁-၂၀၂၀ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၆ နှင့် ၇ တွင်ပါရှိသည့် "ပြည်သူတွေအနေနဲ့သစ်လွင်ကောင်းမွန်တဲ့ ငွေစက္ကူတွေကိုင်တွယ်သုံးစွဲနိုင်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ဆောင်ရွက်ပေးလျက်ရှိ" တွေ့ဆုံမေးမြန်းခြင်း၌ စာမျက်နှာ ၇ ပါ ငွေစက္ကူ ဓာတ်ပုံ ပုံစာကို ၁၉၇၂ ခုနှစ်မှ ၁၉၀၀ ပြည့်နှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများ **(အစား)** ၁၉၇၂ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများဟုလည်းကောင်း၊ ၁၉၀၀ ပြည့်နှစ်မှ ယနေ့အထိထုတ်ဝေခဲ့သော ငွေစက္ကူများ **(အစား)** ၁၉၉၀ ပြည့်နှစ်မှ ယနေ့အထိထုတ်ဝေခဲ့သော ငွေစက္ကူများဟုလည်း ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

# ဇန်နဝါရီ ၈ ရက်က အီရတ်အခြေစိုက် အမေရိကန်စစ်စခန်းကို အီရန်တိုက်ခိုက်မှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၁ ဦး ဒဏ်ရာရရှိခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်တပ်ဖွဲ့ဝင်များရှိရာ အီရတ်စစ်အခြေစိုက်စခန်းကို အီရန်ဘက်မှ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၁ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီ ၁၆ ရက်တွင် အမေရိကန်အလယ်ပိုင်း စစ်ဌာနချုပ်က ပြောသည်။

အီရန်တို့၏ တိုက်ခိုက်မှုကြောင့် အမေရိကန်ဘက်မှ အပျက်အစီးဆုံးရှုံးမှုမရှိဟု အစောပိုင်းက ပြောကြားခဲ့သော်လည်း ယခုအခါ ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၈ ရက်တွင် အယ်အာဆတ် လေတပ်အခြေစိုက်စခန်းကို အီရန်တို့ တိုက်ခိုက်မှုကြောင့် အမေရိကန်ဘက်မှ သေဆုံးခဲ့သူ မရှိခဲ့သော်လည်း ပေါက်ကွဲမှုအရှိန်ကြောင့် ဦးခေါင်းတွင် ထိခိုက်ခံစားရသူများကို ကုသမှုများ ပြုလုပ်ပေးခဲ့ပြီး စောင့်ကြည့်ဆဲကာလဖြစ်ကြောင်း အမေရိကန် အလယ်ပိုင်းစစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး ဘေလ်အာဘန်က ပြောသည်။



ဇန်နဝါရီ ၈ ရက်က အီရန်တို့၏ တိုက်ခိုက်မှုအပြီး အယ်အာဆတ်အခြေစိုက်စခန်းတွင် ပျက်စီးနေမှုများကို တွေ့ရစဉ်။

တိုက်ခိုက်မှုခံရချိန်တွင် စခန်း၌ အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀ က ကတုတ်ကျင်းတွင် ခိုအောင်းနေခဲ့သည်။ အမေရိကန်ဘက်မှ အစောပိုင်း သတင်းထုတ်ပြန်မှုများတွင် တိုက်ခိုက်မှုကြောင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အပျက်အစီး ကြီးမားသော်လည်း သေကျေ ဒဏ်ရာရရှိသူ မရှိကြောင်း ပြောခဲ့သည်။ တိုက်ခိုက်ခံရပြီး နောက်တစ်နေ့တွင် အမေရိကန်တစ်ဦးတစ်ယောက်မှ ထိခိုက်ခဲ့ခြင်းမရှိကြောင်း အမေရိကန်သမ္မတ ထရမ့်ကိုယ်တိုင် ပြောကြားခဲ့သည်။ တိုက်ခိုက်ခံရပြီး နောက်ပိုင်းနေ့များတွင် အယ်အာဆတ်လေတပ်အခြေစိုက်စခန်းမှ တပ်ဖွဲ့ဝင်များကို သယ်ယူပို့ဆောင်မှုများ ပြုလုပ်ခဲ့ကြောင်း အာဘန်က ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အရှေ့အလယ်ပိုင်းတင်းမာမှုများ မြင့်တက်ရန်မရှိဟု ဂျပန်ကာကွယ်ရေးဝန်ကြီး ပြော

**တိုကျို ဇန်နဝါရီ ၁၇**

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး တာရိုကိုနိုက အရှေ့အလယ်ပိုင်း တင်းမာမှုများသည် လတ်တလော မြင့်တက်လာမည့် အလားအလာမရှိကြောင်း ပြောကြားလိုက်သည်။

ဇန်နဝါရီ ၁၇ ရက်တွင် အောက်လွှတ်တော်ကော်မတီ၌ ကိုနိုက ၎င်း၏ အမြင်ကို ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ အောက်လွှတ်တော်ကော်မတီတွင် အဖွဲ့ဝင်များက ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ဖျက်သင်္ဘောနှင့် ကင်းလှည့်လေယာဉ်များကို ထောက်လှမ်းရေးသတင်းရယူရန် အရှေ့အလယ်ပိုင်းသို့ စေလွှတ်မည်ဆိုသည့် အစိုးရဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ထိုသို့ စေလွှတ်ခြင်းသည် ဂျပန်နှင့် ဆက်နွှယ်ပတ်သက်လျက်ရှိသော ကုန်သွယ်ရေကြောင်း သင်္ဘောများကို လုံခြုံမှုပေးရန်ဖြစ်ကြောင်း သိရသည်။

အမေရိကန်၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အီရန်တပ်မှူး သေဆုံးခဲ့သည့်အပေါ် ကိုနိုကို မှတ်ချက်ပေးရန် အတိုက်အခံအမတ်များက တောင်းဆိုလာသည့်အပေါ် ကိုနိုက အရှေ့အလယ်ပိုင်း တင်းမာမှုသည်ပြန်လည်မြင့်တက်လာမည်လားဆိုသည်ကိုမူ ကျိန်းသေမပြောနိုင်သေးကြောင်း၊ သို့သော်လည်း လက်ရှိအခြေအနေပေါ်မူတည်ပြီး နောက်ထပ်တင်းမာမှု မဖြစ်ပေါ်နိုင်ဟု သုံးသပ်နိုင်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

အရှေ့အလယ်ပိုင်းသို့ ဂျပန်ကင်းလှည့်လေယာဉ်များနှင့် ဖျက်သင်္ဘောစေလွှတ်သည့် ခရီးစဉ်တွင် မမျှော်လင့်သော အခြေအနေတစ်ခုခုပေါ်ပေါက်လာမည်ဆိုပါက ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို ရေကြောင်းအန္တရာယ်ကင်းစင်ရေး ပူးပေါင်းဆောင်ရွက်ရန် အစိုးရအဖွဲ့က ဆုံးဖြတ်ထားသည်ဟု သိရသည်။

ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဂျပန်နိုင်ငံသားများနှင့် နိုင်ငံခြား ကုန်တင်သင်္ဘောများကို ကာကွယ်ရုံနှင့် မလုံလောက်ဘဲ မထင်မှတ်သော ဘေးအန္တရာယ်ကျရောက်လာပါက ကိုယ်ပိုင်ကာကွယ်ခွင့်ရှိရမည်ဖြစ်ကြောင်း ကိုနိုက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ကာကွယ်ရေးဝန်ကြီး တာရိုကိုနို။

## အီကာတာ နျူကလီးယားဓာတ်ပေါင်းဖိုကို ရပ်ဆိုင်းထားရန် တရားရုံးက အမိန့်ချ

**တိုကျို ဇန်နဝါရီ ၁၇**

ဂျပန်ဒေသခံများက နိုင်ငံအနောက်ပိုင်းရှိ နျူကလီးယားဓာတ်ပေါင်းဖိုမှာ လုံခြုံစိတ်ချရမှုအတွက် အန္တရာယ်ရှိသည်ဟု တရားရုံးတွင် လျှောက်ထားခဲ့ရာ ယခုအခါ အဆိုပါဓာတ်ပေါင်းဖိုကို ရပ်ဆိုင်းထားရန်တရားရုံးမှ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းတွင် ဟီရိုရှီးမားတရားရုံးက တားမြစ်မိန့်ထုတ်ပြန်ခဲ့ပြီး အီဟီမဲစီရင်စုရှိ အီကာတာ နျူကလီးယားဓာတ်ပေါင်းဖိုအမှတ် ၃ ဓာတ်ပေါင်းဖိုကို ရပ်နားထားရန် အမိန့်ထုတ်ခဲ့ခြင်းဖြစ်သည်။ နျူကလီးယားဓာတ်ပေါင်းဖိုအနီးတွင်ရှိသော ယာမာဂူချီ စီရင်စုအတွင်း ကျွန်းတစ်ကျွန်းပေါ်မှ ဒေသခံသုံးဦးသည် ယခင်က နျူကလီးယားဓာတ်ပေါင်းဖိုကို ရပ်ဆိုင်းပေးရန် တရားရုံးကို တောင်းဆိုမှုပြုခဲ့ရာ ပြီးခဲ့သည့်နှစ် မတ်လတွင် တရားရုံးမှ ပယ်ချခဲ့သည်။ ယခုတရားရုံး၏ ဆုံးဖြတ်မှုကြောင့် ဧပြီလနောက်ပိုင်းအထိ ရပ်နားထားဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံ ခရီးသွားကဏ္ဍဖွံ့ဖြိုးရန် ကိုယ်ပိုင်ရဟတ်ယာဉ်ပျံသန်းမှုကို ခွင့်ပြု

**ကိုလံဘို ဇန်နဝါရီ ၁၇**

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားမှုတစ်ရပ်အနေဖြင့် သီရိလင်္ကာသမ္မတ ရာဂျာပက်ဆာသည် ဇန်နဝါရီ ၁၇ ရက်က ကိုလံဘိုမြို့တွင် ကိုယ်ပိုင်ရဟတ်ယာဉ်များ ပျံသန်းဆင်းသက်ခွင့်ကို ၂၅ နှစ်ကြာ ပိတ်ပင်ထားမှုမှ ပယ်ဖျက်ပေးလိုက်ကြောင်း သိရသည်။

လေကြောင်းထိန်းသိမ်းရေးအာဏာပိုင်များ၏ အဆိုအရ ကိုယ်ပိုင်ခရီးသွား ရဟတ်ယာဉ်များသည် ယခုအချိန်တွင် ကိုလံဘိုမြို့ ဂယ်လီဖေ့စ်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၏ လေယာဉ်ကွင်းသို့ ဆင်းသက်ပျံသန်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ခရီးသွားကဏ္ဍတိုးတက်ရန် ပြည်တွင်းကိုယ်ပိုင်လေယာဉ် ပြေးဆွဲသည့်လုပ်ငန်းလေးခုကို ယခုကဲ့သို့ ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။ ယခုဖြစ်စဉ်သည် သီရိလင်္ကာလေကြောင်းသမိုင်းတွင် သမိုင်းတွင်သည့်ကိစ္စ ဖြစ်ကြောင်း လေယာဉ်ပျံသန်းရေးလုပ်ငန်းတစ်ခုမှ မန်နေဂျာရာဗီက ပြောသည်။

သီရိလင်္ကာနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာလှည့် ခရီးသွားနှစ်သန်းနှင့် ၂၀၂၅ ခုနှစ်တွင် ခရီးသည် ၁၀ သန်း ဝင်ရောက်ရန် ခန့်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂွါတီမာလာနိုင်ငံက ဗင်နီဇွဲလားနိုင်ငံကို သံတမန်ဆက်သွယ်ရေးဖြတ်တောက်

**ဂွါတီမာလာစီးတီး ဇန်နဝါရီ ၁၇**

ဂွါတီမာလာသမ္မတသစ် အလီဂျန်ဒရို ဂျီအာမတီသည် ဗင်နီဇွဲလားနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေး ဖြတ်တောက်လိုက်ကြောင်းကို ဇန်နဝါရီ ၁၆ ရက်က ကြေညာခဲ့ပြီး ကရာကတ်စ်ရှိ ဂွါတီမာလာ သံရုံးကိုလည်း ပိတ်ပစ်ခဲ့သည်။

ဝါရှင်တန်အခြေစိုက် အမေရိကနိုင်ငံများ အဖွဲ့အစည်း(OAS)မှ အတွင်းရေးမှူးချုပ် လူးဝစ်အမာဂိုနှင့် ဂျီအာမတီတို့ တွေ့ဆုံမှုအပြီးတွင် သံတမန်ဆက်ဆံရေး ဖြတ်တောက်မည့်သတင်းကို သတင်းထောက်များအား အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ ကရာကတ်စ်ရှိ သံရုံးကို ပိတ်ပစ်ရန်လည်း နိုင်ငံခြားရေးဝန်ကြီးကို ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဗင်နီဇွဲလားရှိ သမ္မတမာဒူရိုအစိုးရနှင့် ဆက်ဆံရေးကို နိဂုံးချုပ်လိုက်ပြီဖြစ်ကြောင်း၊ သံရုံးကိုလည်း မကြာမီပိတ်သွားတော့မည်ဖြစ်ကြောင်း ဂွါတီမာလာသမ္မတက ပြောကြားခဲ့သည်။ ဂျီအာမတီသည် ဇန်နဝါရီ ၁၄ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

**ဆင်ဟွာ**

# ယူကရိန်းခရီးသည်တင်လေယာဉ်၏ ဘလက်ဘောက်စ်ကို အီရန်ပြန်ပေးမည်ဟု ယူကရိန်းပြော

ကီယက်ဗ် ဇန်နဝါရီ ၁၇

**အီရန်နိုင်ငံက ဒုံးကျည်ဖြင့် ပစ်ချလိုက်သည့် ယူကရိန်းခရီးသည်တင်လေယာဉ် ပျံသန်းမှုမှတ်တမ်းတင်ကိရိယာ (ဘလက်ဘောက်စ်)ကို အီရန်က ပြန်လည်လွှဲပြောင်းပေးအပ်ရန် အဆင်သင့်ဖြစ်နေကြောင်း ယူကရိန်းက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားလိုက်သည်။**

ဇန်နဝါရီ ၈ ရက်က ကီယက်ဗ်သို့ ဦးတည်ပျံသန်းမည့် ယူကရိန်းအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ဘိုးရင်း ၇၃၇ သည် အီရန်လေဆိပ်မှ ပျံတက်ပြီးမကြာမီ ဒုံးကျည်ဖြင့် ပစ်ချခံလိုက်ရသောကြောင့် အီရန်နှင့် ကနေဒါနိုင်ငံသားအများစုအပါအဝင် လေယာဉ်ပေါ်ပါသူ ၁၇၆ ဦးလုံး သေဆုံးခဲ့သည်။

လေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးရာတွင် အီရန်နိုင်ငံနှင့် ကနေဒါနိုင်ငံသားများပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့လည်း ပါဝင်ကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ထို့နောက် အီရန်နိုင်ငံက ယူကရိန်းနိုင်ငံသို့ လေယာဉ်ပျံသန်းရာ လမ်းကြောင်းအချက်ပြကိရိယာကို ပြန်ပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဗာဒံပရက်စတိန်ကိုက မူဝါဒရေးရာပြဋ္ဌာန်းသူများကို ပြောကြားလိုက်သည်။

"ကျွန်တော်တို့က သူတို့ကို ဘလက်ဘောက်စ်ကို ချက်ချင်းပြန်ပေးဖို့ တောင်းဆိုလိုက်သော်လည်း အနည်းငယ် ကြန့်ကြာနေတယ် ဆိုတဲ့ကိစ္စဟာလည်းပဲ နိုင်ငံတကာစံနှုန်းအတိုင်းပါပဲ"ဟု ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**



ယူကရိန်းလေယာဉ်ပျက်ကျမှုတွင် သေဆုံးသူများ၏ ဓာတ်ပုံများရှေ့၌ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပန်းစည်းများ ချထားသည်ကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ယူကရိန်းဝန်ကြီးချုပ် နုတ်ထွက်စာတင်သွင်း

**ကီယက်ဗ် ဇန်နဝါရီ ၁၇**

ယူကရိန်းဝန်ကြီးချုပ် အိုလက်ဆေးဟွန်ချာရက်က ယမန်နေ့က ၎င်း၏နုတ်ထွက်လွှာကို သမ္မတ ဇလေဒ့်ဒီမာဇယ်လန်စကီးထံသို့ တင်သွင်းခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၁၇ ရက်က ဖော်ပြခဲ့သည်။

သမ္မတအပေါ်လေးစားယုံကြည်မှုနှင့် သံသယများ ဖယ်ရှားရန် နုတ်ထွက်လွှာကို သမ္မတထံ ကိုယ်တိုင် ရေးတင်ခဲ့ခြင်းဖြစ်ကြောင်း ဟွန်ချာရက်က ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

သမ္မတရုံးက သမ္မတအနေဖြင့် ဟွန်ချာရက်၏ နုတ်ထွက်စာကို လက်ခံခဲ့ကြောင်းနှင့် နုတ်ထွက်စာအပေါ် ဆင်ခြင်သုံးသပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတ၏ စီးပွားရေးအပေါ် နားလည်နိုင်စွမ်းအားကို ဝေဖန်ခဲ့သည့် အသံသွင်းမှတ်တမ်းပေါ်ထွက်လာပြီးနောက် ဝန်ကြီးချုပ်၏ နုတ်ထွက်စာ တင်သွင်းသည့်ကိစ္စ ပေါ်ပေါက်လာခြင်းဖြစ်သည်။ **ဆင်ဟွာ**

### မော်ရိုကိုရှိ တရုတ်ယဉ်ကျေးမှုပွဲတော် ကျင်းပ

**ရာဘတ် ဇန်နဝါရီ ၁၇**

မော်ရိုကိုမြို့တော် ရာဘတ်ရှိ တရုတ်ယဉ်ကျေးမှုဌာနမှ တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်အနေဖြင့် ချန်ဒု ဘုရားကျောင်းပွဲတော်ကို ကျင်းပခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၁၇ ရက်က ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ချန်ဒုမှ အနုပညာရှင်များ၊ စားဖိုမှူးများ၊ လက်မှုပညာရှင်များသည် ဘုရားကျောင်းပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ပြီး ဧည့်သည်တော် ၃၀၀ ထက်မနည်း ပွဲတော်သို့ လာရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်သို့ လာရောက်ကြသည့် ဧည့်သည်များသည် ချန်ဒုရိုးရာမုန့်များ၊ အစားအစာများကို သုံးဆောင်ခဲ့ကြပြီး ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မော်ရိုကိုမိန်းကလေးတစ်ဦး ဖြစ်သည့် ဂျီဟန်က ဘုရားကျောင်းပွဲတော်သည် အမယ်စုံပြီး ပျော်ရွှင်စရာကောင်းကြောင်း၊ တရုတ်နွေဦးရာသီပွဲတော်၏ အငွေ့အသက်ကိုလည်း ခံစားရကြောင်းနှင့် တရုတ်ယဉ်ကျေးမှုအပေါ် ပိုမိုနားလည်လာစေကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားလိုက်သည်။

ထို့အပြင် တရုတ်နိုင်ငံနှင့်လည်း ရင်းနှီးကျွမ်းဝင်မှု ပိုမိုဖြစ်ထွန်းလာစေကြောင်း တရုတ်စာသင်ယူနေသော မော်ရိုကို ဆရာတစ်ဦးက ပြောကြားသည်။ **ဆင်ဟွာ**

# အမေရိကန်နဲ့ တရုတ်သာမက ကမ္ဘာကြီးတစ်ခုလုံးအတွက် မင်္ဂလာရှိတဲ့အချိန်

*— — ထွန်းသစ်စ — —*

**နှစ်နိုင်ငံကြား ကုန်သွယ်ရေးသဘောတူညီမှု ပထမအဆင့်ကို ဇန်နဝါရီ ၁၅ ရက်မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနဲ့အတူ နှစ်နှစ်ကျော်ကြာ ကုန်သွယ်ရေးတင်းမာမှုတွေ ဖြစ်ပွားခဲ့တဲ့ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဟာ အခုအခါမှာတော့ ကောင်းမွန်တဲ့အချိန်အခါကောင်းတွေ ရောက်ရှိလို့လာခဲ့သလို သမိုင်းတစ်ခေတ် ဖွင့်လှစ်နိုင်ခဲ့ပြီလို့ ပြောရမှာပဲ ဖြစ်ပါတယ်။**



တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်-အမေရိကန် ဘက်စုံစီးပွားရေးဆွေးနွေးမှု၏ တရုတ်နိုင်ငံဆိုင်ရာ အကြီးအကဲလျူဟဲနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ တွေ့ဆုံနေစဉ်။

**အရေးပါတဲ့ခြေလှမ်းတစ်ရပ်**

ဒီလိုဆောင်ရွက်နိုင်ခဲ့ခြင်းဟာ တရုတ်နိုင်ငံအတွက် သာမက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အတွက်ပါ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံခညောင်းခဲ့တာပဲ ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ လတ်တလောမှာ တရားစွဲဆိုမှုတွေနဲ့လည်း ရင်ဆိုင်နေရသလို သူ့ရဲ့ တရားစွဲဆိုမှုတွေကို ဇန်နဝါရီ ၂၁ ရက်မှာ ကြားနာမှုတွေ ပြုလုပ်မယ်ဆိုပြီး သတင်းများလည်း ထွက်ပေါ်နေပါတယ်။ တစ်ဖက်မှာလည်း ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် ကြိုးစားနေရတဲ့အချိန်မှာ အခုလိုမျိုး တရုတ်နဲ့ ကုန်သွယ်ရေးကိစ္စ အဆင့်-၁ ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် သူ့အတွက်တော့ ဒါဟာ ကောင်းမြတ်တဲ့အချိန်အခါပဲ ဖြစ်ပါတယ်။

အမေရိကန်နဲ့တရုတ်အဆင့်-၁ ကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ထက်မနည်းတဲ့ တရုတ်သွင်းကုန်တွေရဲ့ သုံးပုံနှစ်ပုံလောက်မှာ အခွန်စည်းကြပ်မှုတွေ ရှိနေပါသေးတယ်။ အမေရိကန်စားသုံးသူတွေနဲ့ စီးပွားရေးလုပ်ငန်းတွေဟာလည်း အခွန်စည်းကြပ်မှုတွေကို ပေးဆောင်နေရဆဲ ရှိပါသေးတယ်။

အမေရိကန်နဲ့တရုတ်အဆင့်-၁ ကုန်သွယ်ရေး သဘောတူညီချက်မှာ အမေရိကန် လယ်ယာထွက်ကုန်တွေနဲ့ တခြားပို့ကုန်တွေကို နှစ်နှစ်အထိ တိုးမြှင့်ဝယ်ယူရေးဆိုတဲ့ အချက်ပါရှိနေသလို အမေရိကန်နည်းပညာများကို ကာကွယ်ရေးနဲ့ အမေရိကန်နိုင်ငံက ပြစ်ဒဏ်များ၊ မြန်မြန်ဆန်ဆန် အရေးယူမှုများ ပြုလုပ်ရန် ခွင့်ပြုထားတဲ့ လုပ်ထုံးလုပ်နည်းအသစ်များအပေါ် တရုတ်နိုင်ငံက လက်တုံ့မပြန်နိုင်စေရေးဆိုတဲ့အချက်တွေလည်း ပါရှိနေပါတယ်။

ယနေ့ အမေရိကန်နိုင်ငံ အနေဖြင့် တရုတ်နိုင်ငံနဲ့ ဘယ်တုန်းကမှ မလုပ်ဖူးတဲ့ တရားမျှတပြီး အပြန်အလှန်သဘောပါဝင်တဲ့ ကုန်သွယ်မှုတစ်ခုပေါ်ပေါက်စေမယ့် အလွန်အရေးပါတဲ့ခြေလှမ်းတစ်ရပ်ကို ချမှတ်နိုင်ခဲ့တယ်လို့ အိမ်ဖြူတော်မှာ ပြုလုပ်ခဲ့တဲ့ လက်မှတ်ရေးထိုးပွဲမှာ အမေရိကန်သမ္မတ ထရမ့်က ပြောလိုက်ပါတယ်။

**အာရှဈေးကွက်ပြန်လည်မြင့်တက်လာ**

ဒီလက်မှတ်ရေးထိုးပွဲမှာ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေး ဗျူရိုအဖွဲ့ဝင်နဲ့ တရုတ် - အမေရိကန် ဘက်စုံစီးပွားရေးဆွေးနွေးမှုရဲ့ တရုတ်နိုင်ငံဆိုင်ရာ အကြီးအကဲ လျူဟဲနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က သမိုင်းတွင်မယ့် လက်မှတ်ကို ရေးထိုးနိုင်ခဲ့ကြပါတယ်။ ထို့အတူပဲ အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ် ရောဘတ်လိုက်သင်ဇာနဲ့ဘဏ္ဍာရေးဝန်ကြီး စတီဗင် မန်နျူချင်တို့လည်း တက်ရောက်ခဲ့ကြပါတယ်။

အတိတ်က အမှားတွေကို ကျွန်တော်တို့ အတူတကွ ပြင်ဆင်နေကြပါတယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်ပါတယ်။ အမေရိကန် သမ္မတကို တရားစွဲဆိုထားတဲ့အကြောင်းအရာခေါင်းစဉ်တွေကိုလည်း အမေရိကန်အထက်လွှတ်တော်ကို ပေးပို့ထားပြီး ကြားနာစစ်ဆေးမှုတွေအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေတဲ့အချိန်ဆိုတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေနဲ့ ကုန်သွယ်ရေးနဲ့ သက်ဆိုင်တဲ့ မျက်မှောက်ရေးရာတွေအပေါ် စိတ်သွားတိုင်း ကိုယ်မပါဖြစ်မှာတော့ စိုးရိမ်ရပါတယ်။

နှစ်နိုင်ငံကြား ကုန်သွယ်ရေး ပွတ်တိုက်မှုတွေ ဖြေလျှော့လာတဲ့အတွက် မကြာသေးမီ သီတင်းပတ်တွေက ကမ္ဘာတစ်ဝန်းမှာရှိတဲ့ စတော့ဈေးကွက်တွေ ပြန်လည်ဦးမော့လာခဲ့ပါတယ်။ လတ်တလောမှာ ကုန်သွယ်ရေး အခွန်စည်းကြပ်မှုတွေကို နှစ်နိုင်ငံကြား တွေ့ဆုံဆွေးနွေးလက်မှတ်ရေးထိုး နိုင်ခဲ့တဲ့အတွက် စတော့ကုမ္ပဏီတွေအနေနဲ့ သူတို့ရဲ့ စတော့ဈေးတွေ စံချိန်တင်ရလောက်တဲ့အထိ မြင့်တက်သွားခဲ့ပါတယ်။ ထို့အတူပဲ အာရှဈေးကွက်မှာလည်း နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့တဲ့နေ့ရဲ့ မွန်းလွဲပိုင်းလောက်မှာကိုပဲ ဈေးတွေ ပြန်လည် မြင့်တက်သွားခဲ့ပါတယ်။

**အလွန်ကိုကောင်းမြတ်**

ဒီလိုနှစ်နိုင်ငံ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ကျေးဇူးအထူး တင်ရှိသလို မကြာမီကာလမှာလည်း တရုတ်နိုင်ငံကို လာရောက်မယ်လို့လည်း ပြောပါတယ်။ ကျွန်တော်တို့အတွက် ညှိနှိုင်းဆွေးနွေးမှုတွေဟာ ခက်ခဲခဲ့ပါတယ်။ အခုတော့ အခက်အခဲတွေကို မယုံကြည်နိုင်စရာကောင်းအောင် ကျော်ဖြတ်နိုင်ခဲ့ပြီလို့ အမေရိကန်သမ္မတ ထရမ့်က ပြောပါတယ်။

အကယ်၍များ မိမိတို့အနေနဲ့ ကုန်သွယ်ရေး သဘောတူညီချက်အဆင့်-၂ ကိုသာ လက်မှတ်ရေးထိုးနိုင်ခဲ့မယ်ဆိုရင် အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကားဆိုသလိုပဲ ကျန်ရှိတဲ့ အခွန်စည်းကြပ်မှုတွေကို အားလုံး ဖြေလျှော့နိုင်တော့မှာ ဖြစ်တယ်လို့ ပြောပါတယ်။

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဆီ ပေးလိုက်တဲ့စာကို လျူဟဲက ဖတ်ပြရာမှာတော့ အခုလိုမျိုး သဘောတူညီချက်အဆင့်-၁ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် ဒါဟာ တရုတ်နိုင်ငံအတွက် အလွန်ကောင်းမြတ်သလို အမေရိကန်နဲ့ ကမ္ဘာကြီးတစ်ခုလုံးအတွက်လည်း အလွန်ကို ကောင်းမြတ်ကြောင်း ဖော်ပြထားပါတယ်။

**“တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ပေးလိုက်တဲ့စာကို လျူဟဲက ဖတ်ပြရာမှာတော့ အခုလိုမျိုး သဘောတူညီချက်အဆင့်-၁ ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် ဒါဟာ တရုတ်နိုင်ငံအတွက် အလွန်ကောင်းမြတ်သလို အမေရိကန်နဲ့ ကမ္ဘာကြီး တစ်ခုလုံးအတွက်လည်း အလွန်ကို ကောင်းမြတ်ကြောင်း ဖော်ပြထားပါတယ်”**

ထို့အတူပဲ မိမိတို့နှစ်နိုင်ငံဟာ အခြေခံတူညီမှုများနဲ့ အပြန်အလှန်လေးစားမှုများ ရှိတယ်ဆိုတဲ့ အချက်ကို ပြသနိုင်ခဲ့ပြီလို့လည်း တရုတ်သမ္မတ ရှီကျင့်ဖျင်က စာထဲမှာ ဆက်လက် ဖော်ပြထားပါတယ်။ ပုဂ္ဂိုလ်ရေးအရလည်း နီးကပ်စွာ ဆက်ဆံချင်ပါတယ်လို့ တရုတ်သမ္မတက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ပေးလိုက်တဲ့စာထဲမှာ ဆက်လက် ဖော်ပြထားပါတယ်။

ဒါဟာ တရုတ်နဲ့ အမေရိကန်အတွက်ရော ကမ္ဘာကြီးတစ်ခုလုံးအတွက်ပါ ဘယ်လောက်ထိ အကျိုးများမလဲဆိုတာ အထွေအထူးပြောနေစရာတောင် မလိုပါဘူး။ ဒီလိုလုပ်ဆောင်နိုင်ခဲ့တာဟာ နှစ်နိုင်ငံလုံးအတွက် ကောင်းမြတ်တဲ့အချိန်အခါ ဖြစ်ခဲ့သလို ကမ္ဘာကြီးအတွက်လည်း ကောင်းမြတ်တဲ့ အချိန်အခါဆိုရင်လည်း မမှားပါဘူး။

**မင်္ဂလာရှိသောအချိန်အခါ**

ဒီအရေးဟာ ခဲရာခဲဆစ် ကြိုးကြိုးစားစား လုပ်ဆောင်နိုင်ခဲ့တဲ့ သဘောတူညီမှုလို့ တရုတ်မီဒီယာတွေမှာလည်း ဆိုခဲ့ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် ဒါဟာ နှစ်နိုင်ငံ ကုန်သွယ်ရေးမှာတော့ သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

တရုတ်နိုင်ငံမှာရှိတဲ့ အမေရိကန်ကုန်သည်ကြီးများအသင်းကတော့ ဒီအရေးကို နှစ်နိုင်ငံကြား သမိုင်းစာမျက်နှာ ဖွင့်လှစ်နိုင်ခဲ့တဲ့အရေးလို့တောင် တင်စားခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ကုန်သွယ်ရေး သဘောတူညီချက် အဆင့်-၂ ကိုလည်း ဆက်လက်အကောင်အထည်ဖော်ဖို့ အခက်အခဲတွေကို ကျော်ဖြတ်ဖို့တော့ ရှိပါသေးတယ်။ သို့သော်လည်း အမေရိကန်နဲ့ တရုတ်နိုင်ငံကြား သမိုင်းဝင်မယ့် ရက်စွဲတစ်ခုအဖြစ် ရာဇဝင်မှာ စာတင်လောက်အောင် အခုလို လက်မှတ် ရေးထိုးနိုင်ခဲ့ခြင်းဟာ အလွန်အင်မတန်မှ မင်္ဂလာရှိသော အချိန်အခါတစ်ခု ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# ကချင်မြေကိုလာပါ တကယ်ပျော်မယ်နော်

## Truly Amazing The Northern Part of Myanmar, Kachin’s Myitkyina

Thiha, the Traveller @ သီဟလုလင်



ရွှေမြဦးရေလယ်ဘုရားအား တွေ့ရစဉ်။

*(ယခင်အပတ်ကအဆက်)*

### အောင်မြေသာကြိုးတံတား

အောင်မြေသာစံပြရွာမှာရှိတဲ့ သံယောဇဉ်ကြိုးတံတားနဲ့ ချောင်းလေးဆီ အပန်းဖြေစရာနေရာတစ်ခုအဖြစ် ဒေသခံတွေရော ခရီးသွားဧည့်သည်တွေပါ လာရောက်လည်ပတ်ကြပါတယ်။ ချစ်စရာ ဝါးအိမ်လေးတွေနဲ့ စားသောက်ဆိုင်လေးတွေ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေ စုံလင်ပြီး ရေဆင်းချိုးကြရတာလည်း ပျော်စရာဖြစ်ပါတယ်။ ဒီမှာ စကားတွေကို အမြဲမှားပြောတတ်လို့ တစ်ပြည်လုံးက ချစ်ခင်ကြတဲ့ ဆယ်လီမမရဲ့ ဆိုင်ကလည်း ဒီမှာပါပဲ။ မြစ်ကြီးနားမြို့နဲ့တော့ နည်းနည်းလှမ်းပါတယ်။ မြစ်ဆုံနဲ့ ပိုနီးပါတယ်။

### ရွှေမိုးတောင် ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီ

တည်ထားတာ မကြာသေးပေမယ့် ဘုရားဖူး လာရောက်သူများတဲ့ စေတီပါ။ ကြက်နဲ့ ဖားရုပ်အကြီးကြီးတွေရှိလို့ အမှတ်တရ ဓာတ်ပုံရိုက်ကူးသူလည်း များပါတယ်။ ကျွန်တော်သဘောကျတာက စေတီအတွင်းက ဆင်းတုတော်တွေနဲ့ နေ့နံတိရစ္ဆာန်ရုပ်တုတွေဟာ ထူးခြားစွာ အညိုရောင်အဆင်း ဖန်တီးထားတယ်။ စေတီကိုတည်ဆောက်ရာမှာလည်း ဆင်ဖြူတွေခံပြီး တည်ထားတယ်။ စေတီအတွင်း ပတ်လမ်းကတော့ ကျဉ်းမြောင်းပါတယ်။

### ဆဒုံး လန်နခရေတံခွန်

ဆဒုံးရေတံခွန်လို့ လူသိများကြတဲ့ ဆဒုံးမြို့အနီးက လန်နခရေတံခွန်က အတော်လှတဲ့ ရေတံခွန်ပါ။ အတော်တော့ သွားယူရပါတယ်။ တောတောင်စိမ်းစိမ်းကြားကနေ ရေတံခွန်အထပ်ထပ် ရေအားကောင်းကောင်း စီးဆင်းလာတာမို့ မြင်ကွင်းက သိပ်လှတဲ့အပြင် အောက်ဘက်မှာလည်း စီးဆင်းနေတဲ့ ချောင်းကျယ်ကျယ်ရှိတာမို့ တောင်ပေါ်က ဆင်းလာတဲ့ ရေတံခွန်ရယ်၊ တောင်အောက်က စီးနေတဲ့ချောင်းရယ် ပေါင်းဆုံတဲ့အလှကို ကြိုးတံတားပေါ်ကနေ ကြည့်ရတာ သိပ်သဘာဝဆန်ပြီး မြင်ရသူကို လွမ်းမောကြည်နူးစေပါတယ်။ ကြိုးတံတားလေး တစ်ဖက်မှာ နားနေစရာဆိုင်လေးလည်း ရှိသလို ရေတံခွန်အဆင့်ဆင့် တက်ရင်လည်း နားခိုစရာ အဆောင်လေးတွေ ရှိပါတယ်။ စိမ်းလန်းအေးချမ်းတဲ့ တောရိပ်တောင်ရိပ်လေးကို ရေတံခွန်သံလေးနဲ့ ခံစားရစေတဲ့ နေရာလေးပါ။

### ကမ္ဘာလုံးစေတီ

ထူးခြားတဲ့ စေတီတည်ဆောက်ပုံနဲ့ပါ။ ကမ္ဘာလုံးပေါ်မှာ စေတီတည်ထားတာဖြစ်လို့ ကမ္ဘာလုံးစေတီလို့ ရိုးရိုးခေါ်ဆိုကြတာ ဖြစ်ပါမယ်။ အနီးဝန်းကျင်ရှုခင်းက လှပါတယ်။

### မြစ်ဆုံ

မြစ်ကြီးနားမြို့ရဲ့ မြောက်ဘက် ၂၆ မိုင်ခန့်အကွာက တန်ဖဲရွာအနီးမှာရှိတဲ့ ဧရာဝတီမြစ်ကြီး ဖြစ်ပေါ်ရာအစ မေခနဲ့ မလိခမြစ်နှစ်စင်းပေါင်းဆုံတဲ့အရပ်ကို အနယ်နယ်အရပ်ရပ်က ခရီးသွားတွေရယ်၊ ဓာတ်ပုံဝါသနာအိုးတွေရယ် လာရောက်တတ်ပါတယ်။ မြစ်ဆုံဟာ ရေကျချိန်ဆို ကျောက်ချောလုံးလေးတွေ များစွာနဲ့ သိပ်လှတဲ့နေရာပါ။ ကျွန်တော်ရောက်တဲ့အချိန်က ရေမကျသေးတာမို့ မြစ်ပြင်က ကျယ်နေပါတယ်။ ရေကျချိန်ဆို မြစ်အလယ်လောက်ထိ သွားလို့ရပြီး ကျောက်ချောတွေနဲ့ ပိုလှတယ်လို့ ဒေသခံတွေက ပြောပါတယ်။ ကချင်တိုင်းရင်းသားဝတ်စုံတွေ ငှားရမ်းဝတ်ဆင်ပြီး ဓာတ်ပုံရိုက်နိုင်ပါတယ်။ တစ်စုံကို ငွေကျပ် ၂၀၀၀ ပေးရတယ်။ ဓာတ်ပုံခက သီးသန့်ထပ်ပေးရပါတယ်။ မြစ်ဆုံဟာ နေထွက်ချိန် လှတဲ့အရပ်မို့ ဓာတ်ပုံဝါသနာအိုးတွေက နေထွက်ချိန်စောင့်ရိုက်လေ့ရှိတယ်လို့ ကြားရပါတယ်။




မြစ်ကြီးနားမြို့သို့ လာရောက်လည်ပတ်သူများပြားသည့် မြစ်ဆုံ

### ဗုဒ္ဓသာသနာငါးထောင်စံစေတီ

မြစ်ဆုံနဲ့မနီးမဝေးမှာ သာသနာငါးထောင်စံစေတီကိုလည်း ဖူးမြော်နိုင်ပြီး အဆာပြေစားဖို့ စားသောက်ဆိုင်တွေ၊ အမှတ်တရပစ္စည်းဆိုင်တွေလည်း လည်ပတ်ကြည့်ရှုနိုင်ပါသေးတယ်။ မြစ်အတွင်း စက်လှေနဲ့ လှည့်ပတ်ပြသပေးတဲ့ ဝန်ဆောင်မှုလည်းရှိပြီး တစ်စင်းကို ငွေကျပ်နှစ်သောင်း ပေးရတယ်လို့ ဆိုပါတယ်။

### ဝါရှောင်ဆည်

ဝါရှောင်ဆည်နဲ့ ကြိုးတံတားကိုလည်း မြစ်ကြီးနားမှာ အချိန်ယူနိုင်ခဲ့ရင် လည်ပတ်ခဲ့စေချင်ပါတယ်။ အချိန်အားဖြင့် တစ်နာရီလောက်တော့ ကားနဲ့ သွားရပါတယ်။ ကျွန်တော်ကတော့ အချိန်နည်းနေလို့ ဒီတစ်ခါ မရောက်ဖြစ်နိုင်ခဲ့ပါဘူး။


### ကျောက်စိမ်းအဝိုင်း

မြို့တွင်းက ကျောက်စိမ်းကို ကလပ်ပေါ်တင်ထားပြီး Myitkyina City လို့ ဖောင်းကြွစာလုံး ထောင်ထားတဲ့ ဒီအဝိုင်းပတ်ကို သဘောကျမိပါတယ်။ အလည်လာသူ ခရီးသွားဧည့်သည်တွေအတွက် အမှတ်တရဓာတ်ပုံ ရိုက်ချင်စရာပါ။

### အင်းတော်ကြီးနှင့် ရွှေမြဦးရေလယ်ဘုရား

အင်းတော်ကြီးကို မြစ်ကြီးနား လည်စရာထဲ ထည့်ရတာက ကျွန်တော်ကတော့ ခရီးမကြုံ ကြုံအောင်လည်း သွားထားတာမို့သာ ထည့်ရတာပါ။ တကယ်တမ်းတော့ မြစ်ကြီးနားကနေ အင်းတော်ကြီးကို လေးနာရီလောက် ကားစီးသွားရတာမျိုးပါ။ နေ့ချင်းပြန်ဆိုရင် ရှစ်နာရီ အသွားအပြန် ကားစီးချိန်မို့ အကြံပြုရရင် အင်းတော်ကြီးမှာ တစ်ညအိပ်ပြီး အေးအေးလူလူ သက်သောင့်သက်သာ သွားနိုင်ရင် ပိုပြီးပျော်ကြရမှာပါ။ အင်းတော်ကြီးဟာ အရှေ့တောင်အာရှမှာ အကြီးဆုံး အင်းကြီးလည်းဖြစ်သလို သဘာဝအင်းကြီးလည်း ဖြစ်ပါတယ်။ အင်းတော်ကြီးမှာ ဟိုတယ်တော့ မရှိဘူး၊ ဒါပေမယ့် တည်းခိုဆောင်လေးတွေရှိတယ်။ များသောအားဖြင့်တော့ ပွဲရာသီအတွက် တည်ဆောက်ငှားရမ်းကြတာမျိုးပါ။ သေချာလေးတည်ဆောက်ထားတာက အနည်းငယ်ပဲ ရှိပါတယ်။ အဲဒီမှာ တစ်ညအိပ်ရင်း အင်းတော် ကြီးထဲက ရွှေမြဦးရေလယ်ဘုရားကို သွားဖူးနိုင်ပါတယ်။ စက်လှေက တစ်ယောက်ကို ငွေကျပ် ၂၀၀၀ ပေးရပါတယ်။ လှေဆိပ်မရောက်ခင် ဆိုင်လေးတွေများစွာ ဖြတ်သွားရတာလည်း အပျင်းပြေပါတယ်။ လှေဆိပ်မှာ ရေတက်ချိန်ဆို လှေစီးသွားတယ်။ ရေကျလို့ လမ်းပေါ်ချိန်ဆို လမ်းလျှောက်သွားကြတာလည်း ပျော်စရာတစ်ခုပါ။ နတ်လမ်းပေါ်တဲ့အချိန်ဆို ရေပြင်ထက်မှာ ဘုရားအထိ အဖြူရောင်လို တံလှပ်လေးတန်းပြီး ပြေးနေတာကို တွေ့ရပါမယ်။ သွားလျှောက်လို့တော့ မရပါဘူး။ မြင်တော့ မြင်နေရတာမျိုးပါ။

ရေလယ်ဘုရားကိုရောက်ပေမယ့် ရင်ပြင်ပေါ်ကို အမျိုးသမီးတွေ တက်ခွင့်မရှိပါဘူး။ အမျိုးသမီးတွေ တက်ခဲ့ရင် မိုးသက်မုန်တိုင်းကျပြီး လူအဖိတ်အစဉ် များတတ်လို့ အလွန်ဂရုစိုက်ကြပါတယ်။ အမျိုးသမီးတွေကတော့ သတ်မှတ်ထားတဲ့ အဆောင်ကနေပဲ ဖူးမြော်ကြရတာပါ။ နောက်ပိုင်းတော့ အမျိုးသမီးတွေအတွက် သီးသန့်ပတ်လမ်း လုပ်မယ်လို့ ကြားရပါတယ်။ အင်းတော်ကြီးကို ဘုရားဖူးဖို့အပြင် ငှက်ကြည့်ဖို့လည်း ပြည်တွင်း ပြည်ပက ဝါသနာရှင်ခရီးသွားဧည့်သည်တွေ လာရောက်တတ်ကြပါသေးတယ်။ ဘုရားပွဲကာလ မတ်လဝန်းကျင်၊ သီတင်းကျွတ်နဲ့ တန်ဆောင်မုန်းလပြည့်တွေမှာ ပွဲတော်တွေရှိတာမို့ အတော်စည်ကားပြီး တိုးဝှေ့သွားယူရတတ်ပါတယ်။



ဆဒုံးလန်နခရေတံခွန်ကို တွေ့ရစဉ်။

### ဟိုဖာကမ်းခြေနှင့် မြမြဦးဘုရား

အင်းတော်ကြီးကို အလည်သွားရင်း တခြားနီးစပ်ရာတွေ လည်ပတ်နိုင်ပါသေးတယ်။ နီးဘုရားလိုမျိုး အခြားလည်ပတ်စရာတွေ များသေးပေမယ့် အချိန်သိပ်မရလို့ ကျွန်တော်ကတော့ ဟိုဖာကမ်းခြေလို့ တင်စားထားတဲ့ ဟိုဖာရွာက အင်းအစပ်လေးဆီ ရောက်ဖြစ်ခဲ့တယ်။ ရေတက်နေတုန်းမို့ ဗေဒါပင်တွေနဲ့ ကမ်းခြေအသွင် မရှိသေးပေမယ့် နွေအခါမှာဆို ပင်လယ်ကမ်းစပ်တစ်ခုလို ရေချိုးအပန်းဖြေချင်စရာကောင်းတဲ့ နေရာလို့ သိရပါတယ်။ ဟိုဖာဘုရားလို့ ခေါ်ကြတဲ့ မြမြဦးဘုရားကိုတော့ တက်ဖူးနိုင်ခဲ့ပါတယ်။ တောင်ပေါ်မှာရှိတဲ့ ဒီဘုရားပေါ်ကနေ အင်းတော်ကြီးရဲ့ ကြီးမားကျယ်ပြန့်ခမ်းနားမှုကို မြင်ရတာလည်း ရင်သပ်ရှုမောဖွယ်ရာပါပဲ။ ရှုခင်းကလည်း အတော်လှတာပါ။ တက်ကြည့်သင့်ပါတယ်။

### ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်း

အင်းတော်ကြီးဒေသမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး လုပ်ဆောင်နေတာတွေနဲ့ ပတ်ဝန်းကျင်ညစ်ညမ်းရင်ဖြစ်လာမယ့် အကျိုးဆက်တွေအကြောင်းကို ပညာပေးပြခန်းအနေနဲ့ လုပ်ဆောင်ထားတာကို မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာနိုင်ပါတယ်။

### ဘယ်မှာစားကြမလဲ

စားဖို့ကတော့ ရွေးစရာစုံတယ်။ ကချင်ရိုးရာ၊ မြန်မာဟင်းလျာ၊ ဟိန္ဒူအစားအစာ၊ တရုတ်၊ ထိုင်း အစုံအလင်ပါပဲ။ မြန်မာထမင်းဟင်းမှာတော့ ဈေးနားက လွယ်လင်ဆိုင်လေး သဘောကျတယ်။ ဈေးလည်း မကြီးဘူး။ စေတနာလည်း ကောင်းတယ်။ အရန်ဟင်း အတို့အမြှုပ်လည်းစုံပြီး ဟင်းပွဲလည်း ကြီးတယ်။ ရွေးချယ်စရာလည်းပေါတယ်။ ကချင်ရိုးရာစားစရာနဲ့ ခေါင်ရည်လိုဟာမျိုးဆိုရင်တော့ မနောကွင်းအောက်က Lung Ga Pa ဆိုင်လေး သဘောကျတယ်။ လာတိုင်း အဲဒီဆိုင်မှာ စားဖြစ်တယ်။ လက်ရာကလည်း ကောင်းတယ်။ အရင်က ထွယ်ဆန်ရပ်ကွက် ရွှေလမ်းမကြီး လမ်းသွယ် (၅) (တချို့ကလည်း တပ်ကုန်းရပ်လို့ ခေါ်ကြတယ်) အဲဒီက နာမည်မတပ်တဲ့ဆိုင်က လက်ရာလည်း အတော်ကြိုက်ခဲ့တာ။ ဒီတစ်ခါ ပြန်ရောက်တော့ မသွားဖြစ်ခဲ့ဘူး ရှိသေးရဲ့လားမသိ။ ဖက်ထမင်းလေးနဲ့ ကချင်ရိုးရာ အစားအစာ အထူးအဆန်းလေးတွေ ရသေးတာ။ ဒါက စားဖူးသမျှပေါ့နော်။

ကျွန်တော့်အတွက်တော့ မြစ်ကြီးနားဟာ သိပ်ကို ပျော်စရာကောင်းတဲ့ လည်ပတ်စရာပေါများရာ နေရာတစ်ခုလိုပါပဲ။

အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံ ကျန်းမာပြည့်စုံ ပျော်ရွှင်စွာ ခရီးသွားနိုင်ကြပါစေ။ ။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဘုရားအမှတ်(၁၀၈၁)ဂူဘုရားရှိ နံရံဆေးရေးပန်းချီများ ကြံ့ခိုင်စေရန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်



**ညောင်ဦး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် (၁၀၈၁) ဂူဘုရားအား ယမန်နေ့မှ စတင်ကာ နံရံဆေးရေးပန်းချီများ ကြံ့ခိုင်စေရန် ထိန်းသိမ်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း(ယာပုံ) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ထိန်းသိမ်းရေးဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ပြောသည်။

အဆိုပါ ဘုရားသည် ပုဂံမြို့ရဲ့စခန်းအနောက်မြောက်ဘက် မြင်းကပါရွာနှင့် သီရိပစ္စယာရွာအကြား၊ စိမ်းညက်ညီအမဘုရား၏ အနောက်ဘက်တွင်တည်ရှိကာ အေဒီ ၁၃ ရာစုလက်ရာဟု ခန့်မှန်းရကြောင်း၊ အပြင်ပိုင်းတွင် အင်္ဂတေပန်းလက်ရာများဖြင့် တန်ဆာဆင်ထားပြီး အတွင်းပိုင်းတွင် နံရံဆေးရေးပန်းချီများဖြင့် တန်ဆာဆင်ထားကြောင်း သိရသည်။ ကွမ်းတောင်ပေါ်ရှိ နတ်ရုပ်လေးများမှာ မျက်နှာအပါအဝင် ပကတိအကောင်းအတိုင်း လေ့လာနိုင်ပြီး အတွင်းပိုင်းရှိ နံရံဆေးရေးမှာလည်း အရွယ်အစား သေးငယ်သော ငါးရာ့ငါးဆယ်ဇာတ်ကွက်များ၊ ဗုဒ္ဓခြေတော်ရာများဖြင့် ခြယ်မှုန်းထားကာ မြေပလာစတာ အမျိုးအစားဖြစ်ကြောင်း၊ ပုဂံဒေသတွင် နံရံဆေးရေး ပန်းချီများရှိသော ဂူဘုရားပေါင်း ၄၀၀ ကျော်ရှိရာ ငါးရာ့ငါးဆယ်ဇာတ်တော်ကို ရေးဆွဲရာတွင် ထိုကဲ့သို့ အရွယ်အစား သေးငယ်စွာ ဖော်ပြရေးဆွဲသော ဘုရားအရေအတွက် နည်းပါးပြီး အဆိုပါ ဘုရားများမှာ ဘုရားအမှတ် ၁၄၈၊ ဘုရားအမှတ် ၆၀၀ မောင်းရုံဂူ၊ ဘုရားအမှတ် ၆၆၀၊ ဘုရားအမှတ် ၇၃၂၊ ယခု ထိန်းသိမ်းကြံ့ခိုင်ရေးဆောင်ရွက်နေသော ဘုရားအမှတ် ၁၀၈၁၊ ဘုရားအမှတ် ၁၄၈၇ စသည့်တို့တွင် လေ့လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

၂၀၁၆ ခုနှစ်အတွင်း လှုပ်ခဲ့သော မြေငလျင်ဒဏ်ကြောင့် အဆောက်အအုံ၏ တိုက်မပိုင်းတွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး အရေးပေါ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားခဲ့ကြောင်းနှင့် ငလျင်ဒဏ်ကြောင့် နံရံဆေးရေးပန်းချီ အချို့ထိခိုက်ပြုတ်ကျပျက်စီးခဲ့ရာ ကျန်ရှိသည့် နံရံဆေးရေးပန်းချီများနှင့် အင်္ဂတေပန်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ညောင်ပင်သတ်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်း လုပ်ငန်းတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ထိန်းသိမ်းရေးဌာနစု ဓာတုဗေဒဌာနစိတ်မှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

## ဆောင်းရာသီကာလအသက်ရှူလမ်းကြောင်းရောဂါများ ဆိုင်ရာ ကျန်းမာရေးအသိပေးနှိုးဆော်

ဆောင်းရာသီကာလအတွင်းတွင် အအေးမိခြင်း၊ တုပ်ကွေးရောဂါဖြစ်ပွားခြင်း၊ လေပြွန်ရောင်ရမ်းခြင်း၊ ခါတ်မတည့်မှုကြောင့်နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းနှင့် အဆုတ်ရောင်ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ အဖြစ်များလေ့ရှိပါသည်။

**ရောဂါလက္ခဏာများ**

အဓိကဖြစ်ပွားတတ်သောရောဂါလက္ခဏာများမှာ–

- ဖျားခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်နှင့် အထက်ရှိခြင်း)၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ ချမ်းတုံခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းတို့ဖြစ်ကြပါသည်။

**ရောဂါကူးစက်ပုံ**

- ချောင်းဆိုးခြင်းနှင့် နှာချေခြင်းမှတစ်ဆင့် တုပ်ကွေးရောဂါပိုးအပါအဝင် ရောဂါပိုးများ လေထဲသို့ရောက်ရှိပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက် ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ရောဂါကူးစက် နိုင်ပါသည်။

**ရောဂါကာကွယ်ခြင်းနည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ**

- နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
- လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ခြင်း၊
- ကောင်းစွာ အိပ်စက်အနားယူခြင်း၊
- အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါ ရောဂါလက္ခဏာများတွေ့ရှိသည်ဟုယူဆပါက နီးစပ်ရာ ကျန်းမာရေး ဝန်ထမ်းများထံ သတင်းပို့၍ကုသမှုခံယူပါ။ အခြားသူများထံသို့ ရောဂါမကူးစက်စေရန် နှာခေါင်းနှင့် ပါးစပ်လုံခြုံအောင် ဖုံးအုပ်ထားသော မျက်နှာဖုံးအကာအကွယ်ကို အသုံးပြုပါ၊ အလုပ်မှအနားယူပါ၊ လူစုလူဝေးရှိရာအရပ်သို့ သွားရောက်ခြင်းအား ရှောင်ကြဉ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# အင်းတော်မြို့တွင် ကလေးစာပေပွဲတော်ဖွင့်ပွဲ ကျင်းပ



**အင်းတော် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် ကလေးစာပေပွဲတော်ကို ယနေ့နံနက်ပိုင်းက အင်းတော်မြို့ အထကကျောင်းဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသန်းညွန့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ပြုံးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မွန်းလွဲပိုင်းတွင် ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ)၊ ဆရာရွှေအောင်သင်း၊ ဆရာဇင်ယော်နီတို့က အထကရွှေရတုခန်းမ၌ စာပေဟောပြောပွဲများပြုလုပ်ခဲ့ပြီး ကာတွန်းမောင်မောင်၊ ကာတွန်းသစ်ထွဋ်း၊ ကာတွန်းရွှေမင်းသား၊ ကာတွန်း ဇော်ဝိတ်၊ ကာတွန်းဇော်ကာတို့ကလည်း ပွဲတော်အတွင်းလာရောက်ကြသော ကျောင်းသူကျောင်းသားများ၊ ဧည့်ပရိသတ်များအား အမှတ်တရပုံများ ဆွဲပေးခြင်း၊ ပုံဆွဲပညာပြောကြားပေးခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။

အဆိုပါပွဲတော်တွင် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အရုပ်ခေါက်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများအပြင် ကျောင်းသား ကျောင်းသူများ၏ အကအလှများလည်းပါဝင်ခဲ့ပြီး ရန်ကုန်မြို့မှ စာအုပ်အရောင်းဆိုင် ၁၄ ဆိုင်မှလည်း ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအထောက်အကူပြုစာအုပ်များ၊ ဗဟုသုတဖြစ်ဖွယ်စာအုပ်စာပေများကို ဈေးနှုန်းချိုသာစွာဖြင့် လာရောက်ရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါ ပွဲတော်ကို ပြည်သူ့ရင်သွေးစာပေနှင့် စာကြည့်တိုက်အနုပညာဖောင်ဒေးရှင်းမှ ဦးစီး၍အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပြန်/ဆက် ဦးစီးဌာနတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး ပွဲတော်ကာလကို ဇန်နဝါရီ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇–၁–၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၅ | ကျပ် | ၉၄၅/၉၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၅၅ | ကျပ် | ၉၆၀/၉၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၆၅ | ကျပ် | ၈၉၅/၉၁၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၆၀ | ကျပ် | ၁၀၀၀/၁၀၁၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၅ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၃၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၉ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၁၈ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၀ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၂ . ၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၁ . ၆၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၁၉၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၂၄၃၆ | ၂၈၀၁၃၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၁၅၈၅ | ၆၁၂၁၅၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၈၅၀ | ၂၉၀၀ | ၁၁၃ | ၃၂၂၁၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| စာတည်းမှူး | – စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# "ချစ်ခင်စမျှော်ရုံ"ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်မည့် အေးမြဖြူနှင့် တွေ့ဆုံခြင်း



ဝတ္ထု မောင်ဝဏ္ဏ ရေးသားပြီး တော်ဝင်မင်းသား ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ထုတ်လုပ်မည့် "ချစ်ခင်စမျှော်ရုံ" ရုပ်ရှင်ဇာတ်ကားကြီးတွင် မြန်မာအိုင်ဒေါလ်မှ Top 3 Finalist အဆိုရှင် အေးမြဖြူက ဒေါင်း၊ ကျော်ထက်အောင်၊ မိုးဟေကို၊ ပိုင်ဖြိုးသုတို့နှင့်အတူ တွဲဖက်သရုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဏကြီးက ရိုက်ကူးသွားမည်ဖြစ်ပြီး အေးမြဖြူက သွက်လက်ချက်ချာပြီး ချွဲနွဲ့တတ်သော ကောင်မလေး တစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ရာ ဇာတ်လမ်းအတွက် ပြင်ဆင်နေမှုများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ပထမဆုံးရိုက်ရမယ့် ရုပ်ရှင်ကားကြီးအတွက် အေးမြဖြူရဲ့ ရင်ခုန်သံ စကားလေး။**

ဖြေ။ ။ဟုတ် ရုပ်ရှင်ဇာတ်ကားက ရိုက်တော့မှာပါ။ တော်ဝင်မင်းသား ရုပ်ရှင်ထုတ်လုပ်ရေးက သမီးကို "ချစ်ခင်စမျှော်ရုံ"ဆိုတဲ့ ဇာတ်ကားမှာ ပါဝင်ဖို့ ကမ်းလှမ်းတယ်။ ဦးဏကြီးနဲ့လည်း ပထမဆုံး "ဘိုမ"ဆိုတဲ့ ရုပ်ရှင်ကို ရိုက်ဖူးတယ်။ ဒီကားကတော့ ဦးဏကြီးနဲ့ သမီးအတွက် ဒုတိယမြောက်ကားလေး ဖြစ်မှာပါ။ ဒါကြောင့် ပါဝင်ဖြစ်တာပါ။

**မေး။ ။ ကာရိုက်တာပိုင်းကို ပြောပြပါဦး။**

ဖြေ။ ။ ကာရိုက်တာပိုင်းကတော့ သမီးက အခုလည်း ၁၇ နှစ်ဆိုတော့ အသက်ငယ်သေးတယ်။ ဒီအရွယ်နဲ့လိုက်ဖက်တဲ့ ၁၇ အရွယ် လွတ်လွတ်လပ်လပ် သွက်သွက်လက်လက်နဲ့ ထက်မြက်တဲ့ မိန်းမပျိုလေးတစ်ယောက်နေရာက ပါဝင်ရမှာပါ။

**မေး။ ။ ကာရိုက်တာအတွက် ပြင်ဆင်မှုအပိုင်းကရော။**

ဖြေ။ ။သမီးက ဒီကားထဲမှာ ခေါင်းဆောင်မင်းသမီးမဟုတ်ပါဘူး။ ဒါပေမယ့် မင်းသမီးငယ်တစ်ယောက်အနေနဲ့ ပါဝင်မှာဖြစ်ပါတယ်။ ဒီကားအတွက် ပြင်ဆင်ရမှာတွေ ရှိပါတယ်။ ရိုက်ဖို့ကလည်း ကြာဦးမှာပါ။ သမီးအိုက်တင်ပိုင်းတွေလည်း ပြန်လေ့ကျင့်ရဦးမှာပါ။ သမီးက ရုပ်ရှင်မရိုက်တာလည်း လေးနှစ်လောက်ရှိပြီဆိုတော့ ပြန်လေ့ကျင့်တာတွေ လုပ်ရဦးမယ်။ အများကြီး ဆက်ကြိုးစားရဦးမှာပါ။

**မေး။ ။ငယ်ငယ်က ကလေးသရုပ်ဆောင် လုပ်ခဲ့ဖူးတယ်နော်၊ ဘယ်နှကားလောက် ရိုက်ခဲ့ဖူးလဲ။**

ဖြေ။ ။သမီး အကုန်လုံးတော့ မမှတ်မိတော့ပါဘူး။ ကလေးသရုပ်ဆောင် အနေနဲ့ပါတာ ပထမဆုံးက ဦးနေတိုးနဲ့ ဦးရန်အောင်တို့ပါတဲ့ 'ဘာမီတွန်'ဆိုတဲ့ ရုပ်ရှင်ကားကို အသက် ၆ နှစ်လောက်က စရိုက်ခဲ့တယ်။ အလယ်ပိုင်းမှာ 'မေခင်ကညာ'တို့၊ 'ဘိုမ'တို့မှာ ကလေးသရုပ်ဆောင်အနေနဲ့ ပါဖူးတာတွေ ရှိပါတယ်။ လေးကား၊ ငါးကားလောက် ဖြစ်မယ်ထင်ပါတယ်။

**မေး။ ။သရုပ်ဆောင်ပိုင်းမှာရော အဆိုပိုင်းမှာပါ ကျွမ်းကျင်တယ်လို့ သိရတော့ နှစ်ခုလုံး မျှတအောင် ဘယ်လိုတွေ ကြိုးစားသွားမလဲ။**

ဖြေ။ ။အဆိုပိုင်းရော၊ သရုပ်ဆောင်ပိုင်းကိုပါ မျှလုပ်မှာပါ။ အဆိုပိုင်းကို ဝါသနာပါလို့လည်း Myanmar Idol အဆိုပြိုင်ပွဲကို ဝင်ပြိုင်ခဲ့တာပါ။ အနုပညာကို အကုန်လုပ်ချင်ပါတယ်။ ငယ်ငယ်ကဆိုရင် မြန်မာအကဆိုလည်း ကပါတယ်။ Dancer ဆိုလည်း ကတယ်။ အကုန်လုံးလုပ်ခဲ့တယ်။ ရုပ်ရှင်ရိုက်ဖို့လည်း အခု ကမ်းလှမ်းလာလို့ အခွင့်ကြုံခဲ့တယ်။ အနုပညာကို အကုန်လုံးကို လုပ်နေပါတယ်။ အဆိုပိုင်းကိုတော့ အဓိက လုပ်သွားမှာပါ။

**မေး။ ။ပြိုင်ပွဲလည်း ပြီးပြီဆိုတော့ တစ်ကိုယ်တော်အခွေအတွက် ဘာတွေ ပြင်ဆင်ထားလဲ။**

ဖြေ။ ။အယ်လ်ဘမ်ထွက်ဖို့ကတော့ လိုပါသေးတယ်။ လောလောဆယ် သမီးရဲ့ Single Song တစ်ပုဒ်ထွက်ဖို့ လုပ်နေပါတယ်။ သမီးနဲ့ လိုက်မယ့် ပုံစံလေးပါ။ အမ်တီဗွီကို ဆိုရှယ်မီဒီယာမှာတင်ဖို့ လုပ်နေပါတယ်။ ပရိသတ်တွေနဲ့ အဆက်မပြတ်အောင် သီချင်းလေး အရင်လုပ်နေတာပါ။

**မေး။ ။ပရိသတ်အချစ်တော်ဖြစ်လာတဲ့ အေးမြဖြူနဲ့ အရင် အေးမြဖြူ ဘာတွေ ကွာခြားသွားလဲ။**

ဖြေ။ ။အရင်ကလည်း သမီးက သီချင်းတွေဆိုပါတယ်။ အခုလည်း ဆိုတယ်။ အရင်ကသိတဲ့သူတွေက ကလေးသရုပ်ဆောင်လုပ်တယ်၊ ကလေးခွေလေးတွေ ထွက်တယ်လို့ သိကြတယ်။ ပြိုင်ပွဲ ဝင်ပြိုင်လိုက်တော့ ပိုသိသွားကြတယ်။ တချို့ မသိသေးတဲ့သူတွေလည်း ရှိနေသေးပါတယ်။ မန္တလေး၊ သဲတောနဲ့ ဝမ်းတွင်းဘက်ကိုရောက်တော့ အများကြီး အားပေးကြတယ်။ အားလုံး သမီးကို ဝိုင်းချစ်ကြတယ်။

ကိုလင်း

# အက်စတာဒွေ့ါချင်းဆုန် တစ်ကိုယ်တော်အခွေ ထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်း ပြောကြား

ပြီးခဲ့သော Myanmar Idol သီချင်းဆိုပြိုင်ပွဲ Season 4 တွင် Winner ဆုရရှိခဲ့သူ ချင်းတိုင်းရင်းသူလေး အက်စတာဒွေ့ါချင်းဆုန်သည် ဂီတဖျော်ဖြေပွဲများစွာကို သီဆိုပေးရန် ကမ်းလှမ်းခြင်းခံထားရသလို မကြာမီအချိန်အတွင်း တစ်ကိုယ်တော်အခွေ ထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

"တစ်ကိုယ်တော်ခွေအတွက်ကတော့ ဆရာတွေ ဆရာမတွေနဲ့ တိုင်ပင်နေတုန်းပါ၊ သီချင်းတွေကိုလည်း သေချာစိစစ်ပြီး အကောင်းဆုံးတွေဖြစ်လာအောင် ဖန်တီးဖို့ကြိုးစားနေပါတယ်၊ အခုလောလောဆယ်တော့ ပညာရေးဘက်ကိုလည်း ပြန်ကြည့်နေရတယ်၊ ကျောင်းကလည်း ပြီးတော့မှာမို့ အခွေအတွက် သိပ်မလုပ်နိုင်သေးပါဘူး"ဟု အက်စတာဒွေ့ါချင်းဆုန်က ပြောသည်။

တစ်နှစ်တစ်ခါ ကျင်းပပြုလုပ် ရွေးချယ်သော Myanmar Idol ၏ Winner များသည် တစ်နှစ်ပြီးလျှင် ပျောက်ကွယ်သွားကြောင်း ပရိသတ်အချို့က ပြောဆိုဝေဖန်နေသည့်ကိစ္စနှင့် ပတ်သက်၍လည်း အက်စတာဒွေ့ါချင်းဆုန်က "ဒါကတော့ နေရာဆိုတာ ကိုယ်ကြိုးစားရင် ကြိုးစားသလောက်တော့ ရှိနေမှာပေ့ါနော်၊ ကိုယ့်အပေါ်ပဲ မူတည်ပါတယ်၊ ပရိသတ်ကတော့ သူတို့ချစ်တဲ့သူ၊ သူတို့မြတ်နိုးတဲ့ ဂီတသမားတိုင်းကို အားပေးတာ သဘာဝဆိုတော့ သမီးကိုလည်း သူတို့ရင်ထဲမှာ ရှိနေမယ်ဆိုတာ ယုံကြည်ပြီးသားပါ၊ သမီးဘက်ကလည်း ဘယ်တော့မှ ကိုယ့်ဘဝကို မမေ့ပါဘူး၊ ဘယ်နေရာရောက်ရောက် စင်ပေါ်ရောက်ရင်လည်း ဒီလိုပဲ၊ စင်အောက်ဆင်းလာရင်လည်း ဒီလိုပဲ၊ အက်စတာက အက်စတာပါပဲ၊ ဘယ်တော့မှ ဘဝမမေ့တတ်ပါဘူး"ဟု ပြောသည်။

ဂီတနှင့်ပတ်သက်သည့် အနုပညာလှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်သွားရန် ပြင်ဆင်နေသော်လည်း အက်စတာဒွေ့ါချင်းဆုန်က ရုပ်ရှင်များတွင် ပါဝင်ရိုက်ကူးရန် အစီအစဉ်မရှိသေးကြောင်း သိရသည်။

**ကိုလင်း**



# "ယူရီ"ရုပ်ရှင်အဖွဲ့သားများက ကင်ဆာဝေဒနာရှင် ကလေးငယ်များအတွက် လှူဒါန်း

ယူရီ ရုပ်ရှင်ဇာတ်ကားကြီးမှ အဖွဲ့သားများက ကင်ဆာဝေဒနာရှင် ကလေးငယ်များအတွက် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်မြို့ မနော်ဟရီလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ထွန်းဦးက အဖွင့်မိတ်ဆက်စကားပြောကြားပြီး ကလေးကျန်းမာရေးဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာရဲမြင့်ကျော်က မုဒိတာစကား ပြောကြားကာ ဒါရိုက်တာ အာဂသူရက လှူဒါန်းဖြစ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

"လွန်ခဲ့တဲ့ ၅ နှစ်၊ ၆ နှစ်လောက်က ကျွန်တော်တို့ High School ကျောင်းတက်တဲ့အရွယ်မှာ ဆရာ ဆရာမတွေနဲ့အတူ ကလေးဂေဟာတွေမှာ မုန့်ဝေပေးတာတို့၊ ဖျော်ဖြေပေးတာတို့ လုပ်ခဲ့ဖူးတယ်။ နောက်ပိုင်းမှာလည်း ရံဖန်ရံခါ မုန့်တွေဝယ်ပေးခဲ့တယ်။ ကလေးတွေနဲ့ ထိတွေ့မှု ပိုများလာတဲ့အခါကျတော့ သူတို့တွေရဲ့အကြောင်းကို ပိုပြီးသိလာရတယ်။ အဲဒီနောက်ပိုင်းမှာ ကျောင်းသားတွေစုပြီး ပရဟိတပုံစံမျိုး ကျောင်းမှာပွဲတွေလုပ်ပြီး ရတဲ့ပိုက်ဆံကို ပြန်လှူပေးခဲ့ပါတယ်။ အဲဒီလိုမျိုး လှူချင်တဲ့ ကျောင်းသားတွေပေါင်းပြီး ပွဲတွေလုပ်ခဲ့တယ်။ ဒီဆေးရုံက ကလေးတွေဆိုရင်တော့ သူတို့အနေနဲ့ ဒီနေရာကိုရောက်လို့ အတော်လေး ကံကောင်းတယ်လို့ ပြောရမှာပေ့ါ။ ဒီနေရာရောက်လာဖို့ သူတို့ အခက်အခဲတွေ ကျော်လွှားခဲ့ရတယ်။ ရောက်ပြန်တော့လည်း သူတို့အနေနဲ့ နေတာ ထိုင်တာကအစ အခက်အခဲတွေ အများကြီးရှိတယ်။ ဒီ ကလေးတွေတင်မဟုတ်ဘူး၊ ဘေးကပါလာတဲ့ အဖေ အမေတွေဆိုလည်း သားသမီးကိုချစ်တဲ့စိတ်နဲ့ ဘဝတစ်ခုလုံးကို ပေးဆပ်ပြီးတော့ ဒီဆေးရုံမှာလာပြီး ကုသပေးနေကြရတယ်။ အဲဒီလိုမျိုးတွေ ကျွန်တော်တို့ မြင်ရတယ်။ မြင်ရတဲ့အချိန်မှာ ပိုပြီး လှူချင်စိတ်ဖြစ်တယ်။ အဲဒီတုန်းက ကလေး အတွေးနဲ့တွေးပြီး ပိုက်ဆံပိုရအောင် ရုပ်ရှင်ရိုက်ပြီးလှူမယ်လို့ ဆုံးဖြတ် ခဲ့တယ်။ တကယ်ဝါသနာတူတဲ့သူတွေကို စုခဲ့ပြီးတော့ ယူရီ ဇာတ်ကားကို ရိုက်ခဲ့တယ်"ဟု ဒါရိုက်တာ အာဂသူရက ပြောသည်။

"ရိုက်ပြီးသွားပြန်တော့ ရုံတင်ရမယ့်နေရာမှာ အခက်အခဲ ထပ်ကြုံရတယ်။ ဒီကားမှာ နာမည်ကြီးတွေ မပါတဲ့အတွက် ရုံတွေဘက်က သိပ်ပြီးတော့ အဆင်မပြေခဲ့ဘူး၊ ဒါပေမယ့်လည်း ကျွန်တော်တို့ မူလက ရည်ရွယ်ထားတဲ့အတိုင်း ဒီကားပြလို့ရတဲ့ ပိုက်ဆံတွေကို လှူမယ်ဆိုတဲ့ ရည်ရွယ်ချက် မပျောက်သွားရအောင် ရတဲ့နည်းနဲ့ ရုံတင်မယ်ဆိုပြီး ကျွန်တော်တို့ ကြိုးစားခဲ့တဲ့အချိန်မှာ နည်းလမ်းက တစ်လမ်းပဲရှိတယ်။ ရုံငှားပြီးပြဖို့။ အဲဒါက အဘက်ဘက်ကကြည့်ရင် အဆင်မပြေပါဘူး။ ရုံငှားတယ်ဆိုတာ ပိုက်ဆံလည်းကုန်တယ်။ ဒါကြောင့် သူများတွေထက် ငွေအများကြီးစိုက်ထုတ်ပြီး ရုံငှားခဲ့ရတယ်။ နောက်ဆုံး ကျွန်တော်တို့ ဖြစ်ချင်တဲ့ အလှူလေးကို ရအောင်လုပ်နိုင်ခဲ့ပါတယ်။ ဒီလိုလုပ်နိုင်တာ ကျွန်တော်တို့ ယူရီ တစ်ဖွဲ့တည်းကြောင့် မဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ ကလေးတွေနဲ့ ကျွန်တော်တို့ရဲ့ ဆက်စပ်မှုတွေ၊ အကျိုးအကြောင်းဆုံမှုတွေကိုကြည့်ရင် အတိတ်ဘဝက ကုသိုလ်ပြုဖို့ကံပါလာလို့ လှူဖြစ်သွားတဲ့ပွဲလေးလို့ မြင်ပါတယ်။ ဒီနေ့ လှူဖြစ်တယ်ဆိုတာကလည်း ဇာတ်ကားရုံတင်ပြီး မြတ်လို့ လှူနိုင်တာမဟုတ်ပါဘူး။ အလှူပွဲကို ဖြစ်မြောက်သွားချင်တဲ့ဆန္ဒနဲ့ အလှူငွေထည့်ဝင်ကြပြီး Motivation Gallery က မိသားစုတွေ၊ ဆွေမျိုးတွေ ပူးပေါင်းပြီး ဖြစ်မြောက်အောင် အလှူပွဲလေးလုပ်ခဲ့တာပါ"ဟု ဒါရိုက်တာ အာဂသူရက ဆက်လက်ပြောပြသည်။

အခမ်းအနားတွင် ယူရီရုပ်ရှင်အဖွဲ့သားများက အလှူငွေ ကျပ်သိန်း ၁၀၀ နှင့် ဒါရိုက်တာ အာဂသူရ၏ မွေးနေ့အမှတ်တရအဖြစ် မိခင်ဖြစ်သူက အလှူငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုလင်း




# ဂျွန်လွင်က ဒုက္ခရောက်နေသူများအား လုပ်အားခငွေများထဲမှ ထောက်ပံ့ကူညီမှုများ ဆက်လက်ပြုလုပ်ပေးနေ

နာမည်ကြီး မော်ဒယ်အေဂျင်စီဖြစ်သော Stars & Models ကို တည်ထောင်ထားသူ ဦးဂျွန်လွင်သည် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အကူအညီတောင်းခံနေသည့် ဒုက္ခရောက်နေသူများအား မိမိလုပ်အားခမှ ရရှိသောငွေ အပါအဝင် မိတ်ဆွေများထံမှ ကိုယ်တိုင် အကူအညီတောင်းခံပြီး ပြန်လည်လှူဒါန်းပေးရင်း လူမှုအကျိုးပြုလုပ်ငန်း လုပ်ဆောင်လျက်ရှိရာ ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ အစ်ကိုရေ၊ မင်္ဂလာပါ၊ အခုတစ်လော လူမှုကွန်ရက်မှာ အစ်ကို့ရဲ့ ပရဟိတလုပ်ကိုင်ပုံတွေကို အများပြည်သူက အားပေးနေတာ တွေ့ရတယ်နော်။**

ဖြေ။ ။ ဟုတ်ကဲ့၊ ကျွန်တော့်ကို ဝိုင်းဝန်းကူညီပေးကြတာကြောင့် ဒီလို အကျိုးပြု လုပ်ဆောင်မှုတွေကို အဆင်ပြေစွာ လုပ်နိုင်တာပါ။ ဒါကြောင့် ကျွန်တော့်ဆီမှာ လုပ်ငန်းလာအပ်သူတွေ၊ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်က လှူတဲ့နေရာမှာ ရှိပြီးသားနေရာတွေကို ထပ်ပြီးဖြည့်နေတာမျိုး မလုပ်ပါဘူး။ ကိုယ့်ကြောင့် သူတစ်ပါး အဆင်ပြေတယ်ဆို ကျေနပ်ပါတယ်။

**မေး။ ။ အခက်အခဲဖြစ်နေတဲ့ လုပ်သား မောင်ချစ်မင်းထက်ကို အသက်မွေးဝမ်းကျောင်းပညာသင်ဖို့နဲ့ မိသားစုအတွက် လစဉ်အလှူငွေ ထောက်ပံ့ကူညီသွားမယ်လို့သိရတယ်။**

ဖြေ။ ။ ဟုတ်ပါတယ်၊ လူမှုကွန်ရက်မှာ လူသိများနေတဲ့ မောင်ချစ်မင်းထက်က သူ့မှာ လက်ပြတ်တဲ့ဒဏ်ရာရှိနေတဲ့ကြားက မိသားစုအတွက် ပင်ပန်းစွာ ရှာဖွေကျွေးမွေးနေတယ်လို့ သိရတယ်။ ဒါကြောင့်မို့ မိခင် ဈေးရောင်းချဖို့ ရင်းနှီးငွေ ကျပ်နှစ်သိန်း၊ ဖခင်အတွက် ဆေးကုသစရိတ်အပြင် ချစ်မင်းထက် ဝါသနာပါရာ စက်ပြင်သင်တန်းအတွက်လည်း အကုန်ကျခံပေးသွားမှာပါ။ ဒ့ါအပြင် ချစ်မင်းထက် သင်တန်းတက်နေစဉ်ကာလအတွင်း လစဉ် ထောက်ပံ့ငွေအဖြစ် ကျပ် ၁၅၀၀၀၀ ကိုလည်း ပေးအပ်ကူညီသွားမှာပါ။ ဒဏ်ရာ ရှိနေတာတောင် တစ်နေကုန် အလုပ်လုပ်ပြီး နေ့စားရတဲ့ငွေ ၅၀၀၀ ကို အိမ်ကိုပြန်ထောက်ပံ့ပေးတဲ့ လူတစ်ယောက်ဖြစ်လို့ လေးစားမိပါတယ်။ ညီလေးရဲ့ ဘဝရပ်တည်မှုအတွက် အလုပ်အကိုင်တစ်ခု စတင်တဲ့အခါ လိုအပ်မယ့် စက်ပြင်သင်တန်းကျောင်း တက်ခွင့်ရအောင်လည်း စီစဉ်ဆောင်ရွက်ပေးပ့ါမယ်။

**မေး။ ။ အစ်ကို့လို လက်ရှိ မြန်မာနိုင်ငံမှာ နာမည်ရ ငွေကြေးပြည့်စုံသူတစ်ယောက်အနေနဲ့ ဘာကြောင့် ဒီလိုပရဟိတအလုပ်ကို ကိုယ်တိုင်လုပ်ဆောင်ဖြစ်တာလဲ။**

ဖြေ။ ။လူတိုင်းက သူ့ခံယူချက်နဲ့သူ ရှိကြတယ်ပေ့ါနော်။ ကျွန်တော့် ခံယူချက်ကတော့ ကိုယ်ချင်းစာစိတ်ပါပဲ။ ကျွန်တော် အပေါ်ယံပဲ လုပ်မယ်ဆိုလည်း လုပ်လို့ရပါတယ်၊ ငွေတွေသွားလှူ လိုက်ရင် ကြိုက်တဲ့နေရာ လှူလို့ရတယ်။ ကိုယ်က တစ်ယောက်တည်းသမား၊ ရှာဖွေနိုင်တဲ့အရွယ်မှာ ရှာဖွေပြီး အများသူငါကို ကိုယ်သာဆိုရင်ဆိုတဲ့ စိတ်နဲ့ ကူညီနေတာပါ။

**ကိုလင်း**

## သမိုင်းဝင်ကျိုက္ကလော့စေတီတော်မြတ်ကြီး (၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင်ကျိုက္ကလော့စေတီတော်မြတ်ကြီး၏ (၅၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝ၊ ဂေါပကအဖွဲ့ဝင်နာယက ဦးကျော်စိန်၊ ဂေါပက ဥက္ကဋ္ဌဦးလှရွှေမောင်တို့က ဘုရားကြီး၏ မုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါပွဲတော်ကို ပျော်ပွဲရွှင်ပွဲဇာတ်ပွဲများဖြင့် ဇန်နဝါရီ ၁၆ ရက်မှ ၂၆ ရက်အထိ ၁၁ ရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်နောက်ဆုံးရက်တွင် ပင့်သံဃာ ၁၂၅ ပါးတို့အား လှူဖွယ်ပစ္စည်းစုံလင်စွာဖြင့် ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)



## ရေဦး-ခင်ဦးကားလမ်းအား လမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်မည်

**ခင်ဦး ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦး-ခင်ဦးကားလမ်းအား မူလကတ္တရာ လမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအကျယ်ကတ္တရာတိုးချဲ့ထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

ရေဦး-ခင်ဦးကားလမ်းမိုင် ၁၀/၃ မှ ၁၁/၄ အတွင်းတစ်မိုင်အား၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ၃၀၉ ဒသမ ၁ သန်းဖြင့် မြို့နယ်လမ်းဦးစီးဌာနက ကြီးကြပ်ပြီး ပြည်တော်တိုးကုမ္ပဏီမှ မူလကတ္တရာလမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအကျယ်ကတ္တရာတိုးချဲ့ထပ်ပိုးလွှာခင်းခြင်း၊ တစ်ဖက်လျှင် သုံးပေအကျယ် အမာခံလမ်းပခုံးခင်းခြင်း၊ ငါးပေအကျယ်မြေသားပေါင်တင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး အဆိုပါလမ်းကို ပြည်ထောင်စုရန်ပုံငွေမှ လမ်းအထူးပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၄၆ သန်းဖြင့် မိုင် ၈/၀ မှ ၁၀/၃ အတွင်း ၂ မိုင် ၃ ဖာလုံနှင့် မိုင် ၁၁/၅ မိုင်မှ ၁၄/၂ အတွင်း ၂မိုင် ၅ ဖာလုံစုစုပေါင်းငါးမိုင်အား ကတ္တရာဖြင့် လမ်းနှုတ်ခမ်းများကွပ်ပြီး တစ်ဖက်လျှင် သုံးပေအကျယ် ဂျင်းလမ်းပခုံးခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၈၀ ဒသမ ၀၀ သန်းဖြင့် မိုင် ၈/၀ မှ ၁၅/၂ အတွင်း ၁ မိုင် ၁ ဖာလုံခန့်ကိုကတ္တရာဖြင့် လမ်းအနိမ့်အမြင့်ဖြေခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ကြည်ကြည်ဝေက ပြောသည်။

အဆိုပါ ဆောင်ရွက်မည့်လမ်းပိုင်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်သင်းသင်းကြူ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီတို့က ဇန်နဝါရီ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စိုးဝေအောင်(ခင်ဦး)

## ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မန့်ဟီးရိုးမြို့ ဒေသခံများတွေ့ဆုံပွဲကျင်းပ

**မန့်ဟီးရိုး ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မန့်ဟီးရိုးမြို့ ကောက်ကွက်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ယမန်နေ့မွန်းလွဲပိုင်းက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့အဆင့်ဌာနဆိုင်ရာများသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများအား ဆွေးနွေးခဲ့ကြသည်။

ဒေသခံများက မှတ်ပုံတင်နှင့်မွေးစာရင်းကိစ္စရပ်များ၊ လယ်ယာမြေကိစ္စရပ်များ၊ နိုင်ငံတော် အခွန်ကောက်နှုန်းထားများကို တင်ပြကြရာ တာဝန်ရှိသူတို့က ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းက ဆွေးနွေးခဲ့သည်။

ဥာဏ်မင်း(နမ့်ခမ်း)



# မြန်မာစကားသမိုင်းအတွက် (၂၀)

## မောင်ခင်မင် (ဓနုဖြူ)

''အသံတူ ကာရန်ယူတဲ့ ကဗျာဖွဲ့ပုံစနစ်ကို အထောက်အထားပြုပြီး အသံထွက်ပုံကို အတည်ပြုနိုင်တဲ့ နောက်သာဓက တစ်မျိုးကို ကြည့်ကြရအောင်''

"ဟုတ်ကဲ့ပါဆရာ"

"ပထမအနေနဲ့ ထပ်မေးချင်တာရှိတယ်။ ကဗျာမှာ ကာရန်ယူတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ။ ရှင်းပြစမ်းပါ"

"ဟုတ်ကဲ့၊ အဆုံးသရသံချင်း အသံတူအောင် ဖွဲ့တာကို ကာရန်ယူတယ်လို့ဆိုလိုတာပါဆရာ"

"ဒါဆိုရင် ကာရန်ယူတယ်ဆိုတာ အဆုံးသရသံမတူလို့ မဖြစ်ဘူးပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ။ တစ်ပိုဒ်နဲ့တစ်ပိုဒ် အဆုံးသရသံချင်းတူအောင်မဖွဲ့ရင် ကာရန်မမိဘူး ကာရန်လွတ်နေတယ်၊ ကာရန်ချော်နေတယ်လို့ သတ်မှတ်ပါတယ်ဆရာ"

"ဒီလိုဆိုရင် ကာရန်တူအောင် တစ်နည်းပြောရရင် အဆုံးသရသံတူအောင်ဖွဲ့ရတာဟာ ကဗျာဖွဲ့ရာမှာ မလွဲမသွေလိုက်နာရတဲ့စနစ်ပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ။ ဟုတ်ပါတယ်"

"ဒီသဘောတရားကို စိတ်ထဲမှာစွဲစွဲမြဲမြဲမှတ်ထားနော်။ ကဲ...သာဓကတစ်ခုပြမယ်။ ကိုးခန်းပျို့ထဲက အဖွဲ့တစ်ခုပေါ့။ 'ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်ဦးခိုက်' တဲ့။ အဲဒီအဖွဲ့မှာကာရန်ယူထားတဲ့ စာလုံးတွေကို ထုတ်ပြစမ်းပါကွယ်"

" 'ဝတ်-တတ်-နတ်' ဆိုတဲ့စာလုံးသုံးလုံးကို ကာရန်ယူထားပါတယ်ဆရာ"

"ဟုတ်ပါပြီ။ နောက်သာဓကတစ်ခုပြမယ်။ နတ်ရှင်နောင်ရဲ့ရတုတစ်ပုဒ်ထဲမှာ 'ဆင့်ချခွေသွန်၊ ရက်မချန်တည့်၊ ယုဂန်အလုံး' တဲ့။ ကာရန်ယူတဲ့စာလုံးတွေက ဘယ်စာလုံးတွေလဲကွယ်"

" 'သွန်-ချန်-ဂန်' ပါဆရာ"

"ဟုတ်ပါပြီ။ အဲဒီအဖွဲ့နှစ်ခုမှာ တစ်ခုက တ-သတ်ကာရန်၊ တစ်ခုက န-သတ်ကာရန်ယူထားတယ်နော်။ အသတ်တူကာရန် ယူထားတာမဟုတ်လား။ ဒါအတွက် ပြောစရာမရှိပါဘူး။ အဲ...ကာရန်ယူရာမှာ အသံနဲ့ပတ်သက်လို့ ဘာများပြောစရာတွေ့မိသလဲကွယ်။ အေးအေးဆေးဆေးကြည့်ပြီး ပြောကြည့်စမ်းပါ"

"ဟုတ်ကဲ့...ကိုးခန်းပျို့အဖွဲ့မှာ 'ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်ဦးခိုက်' လို့ဖွဲ့ထားတာ 'ဝတ်-တတ်-နတ်' ဆိုပြီး တသတ်ကာရန်သုံးချက်ယူထားတာ 'တတ်' နဲ့ 'နတ်' က 'အတ်' ကာရန်တူပေမယ့် 'ဝတ်' က 'အွတ်' ကာရန်ဖြစ်နေလို့ အသံကွဲနေပါတယ်ဆရာ"

"နတ်ရှင်နောင်ရတုမှာတော့ 'ဆင့်ချခွေသွန်၊ ရက်မချန်တည့်၊ ယုဂန်အလုံး' ဆိုပြီး သွန်-ချန်-ဂန် လို့ ကာရန်သုံးချက် ယူထားတာ 'ချန်' နဲ့ 'ဂန်' က 'အန်' ကာရန်တူပေမယ့် 'သွန်' က 'အွန်' ကာရန်ဖြစ်နေလို့ အသံမတူပါဘူးဆရာ"

"ဟုတ်ပါပြီ။ ပညာရှင်တချို့က အဲဒီလို အသတ်တူပေမယ့်အသံမတူတဲ့ကာရန်ပါနေတာကို အမြင်ကာရန်၊ မျက်စိကာရန် လို့ နာမည်ပေးကြတယ်ကွဲ့။ အမြင်တူတယ်ပေါ့။ အသံတော့ကွဲတယ်ပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ...ဒီလိုဆိုရင် စောစောကမင်းတို့ကို ဆရာမှတ်ခိုင်းထားတဲ့ ကဗျာဖွဲ့နည်း သဘောတရားကို ပြန်ကောက်ရအောင်။ ဘာတဲ့လဲ"

"တစ်ပိုဒ်နဲ့တစ်ပိုဒ်အဆုံးသရသံတူအောင်ဖွဲ့ရတာဟာ ကဗျာဖွဲ့ရာမှာ မလွဲမသွေလိုက်နာရတဲ့ စနစ်ပါဆရာ"

"ဟုတ်ပြီ။ ဒီလိုဆိုရင်အခုပြတဲ့သာဓကနှစ်ခုမှာ အတ်ကာရန်နဲ့ အွတ်ကာရန်ကို ရောပြီးဖွဲ့တာ၊ အန်ကာရန်နဲ့ အွန်ကာရန်ကိုရောပြီးဖွဲ့တာ အဲဒီအဖွဲ့တွေကို ဘယ်လိုသဘောထားမလဲ"

"ဆရာပြောသလို ဒီကာရန်တွေက အသံမတူပေမဲ့ အသတ်တူနေတာဆိုတော့ အမြင်ကာရန်လို့ပဲပြောရမယ် ထင်ပါတယ်ဆရာ"

"ကဲ...ဒါဆိုရင် တစ်ပိုဒ်နဲ့တစ်ပိုဒ်အဆုံးသရသံတူအောင်ဖွဲ့ရမယ်ဆိုတဲ့ မလွဲမသွေလိုက်နာရတဲ့ စနစ်နဲ့ သွေဖည်မနေ ဘူးလားကွယ်"

"အဲဒီလိုဆိုတော့ သွေဖည်နေတယ်လို့ ပြောရမှာပေါ့ဆရာ"

"စဉ်းစားကြည့်စမ်းပါ။ ရှင်မဟာရဋ္ဌသာရတို့၊ နတ်ရှင်နောင်တို့ဟာ ကဗျာစာဆိုအကျော်အမော်ကြီးတွေနော်။ မင်းတို့ ဒီစာဆိုကြီးတွေရဲ့စာတွေ သင်ခဲ့ပြီးသားမို့သိမှာပါ။ ကာရန်လည်း အင်မတန်နိုင်နင်းတဲ့ စာဆိုတွေလေ။ အဲဒီလိုစာဆိုကြီးတွေက ကာရန်ယူရင်အဆုံးသရသံတူရမယ်ဆိုတဲ့ စည်းကမ်းကိုမလိုက်နာဘဲရေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားကွယ်။ ဒီစာဆိုကြီးတွေ ကာရန်ယူတာအသံမတူလို့ ကာရန်ချော်နေတယ်လို့ ပြောရင် ဒီစာဆိုကြီးတွေကို စော်ကားရာကျနေမှာပေါ့"

"ဒီလိုဆိုရင် ခုလိုအသံမတူဘဲ ဘာကြောင့် ကာရန်ယူရတာပါလဲဆရာ"

"အေး...အဲဒီပြဿနာကို အခုပြောနေတာလေ။ ကဗျာမှာကာရန်ယူရင် အဆုံးသရသံတူဖို့လိုအပ်တာမို့ အသတ်မတူတဲ့ စာလုံးတွေကို တောင်အသံတူရင် ကာရန်ယူပြီးဖွဲ့တယ်ကွဲ့"

"ဟင်ဟုတ်လားဆရာ။ ဘယ်လိုအဖွဲ့မျိုးပါလဲ"

> ❐ "ဒါဆိုရင် ကာရန်ယူတယ်ဆိုတာ အဆုံး သရသံမတူလို့ မဖြစ်ဘူးပေါ့။ ဟုတ်လား"
>
> ❐ "ဟုတ်ပါတယ်ဆရာ။ တစ်ပိုဒ်နဲ့တစ်ပိုဒ် အဆုံးသရသံချင်း တူအောင်မဖွဲ့ရင် ကာရန်မမိဘူး ကာရန်လွတ်နေတယ်၊ ကာရန် ချော်နေတယ် လို့ သတ်မှတ်ပါတယ်ဆရာ"
>
> ❐ "ဒီလိုဆိုရင် ကာရန်တူအောင် တစ်နည်းပြောရရင် အဆုံး သရသံတူအောင်ဖွဲ့ရတာဟာ ကဗျာဖွဲ့ရာမှာ မလွဲမသွေ လိုက်နာရတဲ့စနစ်ပေါ့။ ဟုတ်လား"

"နမူနာပြမယ်။ အင်းဝခေတ်က ရှင်ထွေးညို ရေးတဲ့ ပြည်စုန်မော်ကွန်းမှာ 'ကနကဒဏ်၊ ဗီတာန်ပစ္စူ၊ ဖြန့်တော်မူလျက်' ဆိုတဲ့ အဖွဲ့ကို ဆရာ ရေးပြမယ်။ (ရေးပြလိုက်သည်။) အဲဒီမှာ ကာရန်ယူတဲ့စာလုံးတွေထုတ်ပြစမ်းပါ"

"ဟုတ်ကဲ့ 'ဒဏ်နဲ့တာန်' ပါဆရာ"

"တွေ့တယ်မဟုတ်လား။ ဒဏ်က ဏသတ်၊ တာန်က နသတ်၊ အသတ်မတူပေမယ့် ဘန်ဆိုတဲ့ အသံချင်းတူလို့ ကာရန်ယူထားတာလေ"

"ဟုတ်ကဲ့ပါ"

"တွင်းသင်းမင်းကြီးရဲ့ ဝိဓူရပျို့မှာကာရန်ယူထားတာပြမယ် 'သုံးတန်ပြာသာဒ်၊ ဆောင်လုံးညွှတ်မျှ၊ ကရကတ်အာနီ' တဲ့။ (ရေးပြလိုက်သည်။) ကာရန်တွေကိုထုတ်ပြပါ"

" 'သာဒ်-ညွှတ်-ကတ်' ပါဆရာ။ ဒသတ်နဲ့ တသတ်ကာရန်ယူထားတယ်နော်"

"ဟုတ်တယ်။ နောက်တစ်ခု၊ မန်လည်ဆရာတော်ရဲ့ မဃဒေဝလင်္ကာသတ်မှာ 'အနက်ကိလိဋ္ဌ၊ မြေကြီးပိတ်သို့၊ ပဋ္ဋိစ္ဆန္ဒ' တဲ့။ ကာရန်ကိုဆရာပဲ ပြောပါ့မယ်။ ဋသတ်-တသတ်-စသတ်ဆိုတော့ အသတ်တွေတစ်ခုမှမတူဘူး။ ဒါပေမယ့် အသံတွေက လိဋ္ဌ-ပိတ်-ဋ္ဋိစ် ဆိုတော့ အိတ်ကာရန်တွေချည်းပဲ၊ တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ်ဆရာ"

"ဒီတော့ ကာရန်ရဲ့ပဓာနအချက်က အဆုံးသရသံတူဖို့ပဲ။ အသတ်မတူရင် ကိစ္စမရှိဘူး။ အသံကတော့ မတူလို့မဖြစ်ဘူး။ ကဗျာရေးပြီဆိုတာနဲ့ ကာရန်ယူရင်အဆုံးသရသံတွေတူကိုတူရမှာလေ"

"ဒီလိုဆိုရင် ဆရာပြခဲ့တဲ့ ရှင်မဟာရဋ္ဌသာရနဲ့ နတ်ရှင်နောင်ရဲ့ ကဗျာတွေက ဘာဖြစ်လို့အသံမတူတာပါလဲဆရာ"

"အေး မင်းတို့က အသံမတူဘူးဆိုတဲ့အမြင်နဲ့ပဲ ကြည့်နေတာကိုး။ ဒီစာဆိုကြီးတွေက ကာရန်ယူရင် အသံတူအောင်ရေးမှာပဲ ဆိုတဲ့အမြင်နဲ့ ကြည့်ကြည့်ပါလား"

"ဗျာ"

"ရှင်"

"ကာရန်ယူရင်အဆုံးသရသံဟာ မလွဲမသွေတူရမယ်ဆိုတဲ့အချက်က အခိုင်အမာကြည့်ပြီး ပြောရင် ဒီစာဆိုကြီးတွေ အသံတူအောင်ရေးကို ရေးမှာပဲလို့ ယူရမှာပဲလေ"

"ဒါဆိုရင် အဲဒီကဗျာတွေစဖွဲ့တုန်းက အဲဒီ အဆုံးသံတွေတူမှာပဲပေါ့နော်ဆရာ"

"ဟုတ်ပြီ၊ နီးစပ်လာပြီ ဒါဖြင့်အခုဘာဖြစ်လို့ မတူတာလဲ၊ စဉ်းစားကြည့်စမ်းပါ"

"ဘာဖြစ်လို့ အခုမတူတာလဲဆိုတော့၊ ဟာ... ကျွန်တော်စဉ်းစားမိပြီ။အဲဒီအသံတွေပြောင်းလာလို့ မတူတာဖြစ်မယ် ထင်တယ်ဆရာ"

"တော်တယ်ဟေ့။ အဖြေက ဒါပဲပေါ့ကွာ။ ပြန်ကောက်ရရင် ရှင်မဟာရဋ္ဌသာရရဲ့ 'ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်ဦးခိုက်' ဆိုတဲ့ အဖွဲ့မှာ 'ဝတ်-တတ်-နတ်' ဆိုတဲ့ အသံသုံးသံဟာ မူလကအတူတူပဲလေ။ ဒါကြောင့် ကာရန်ယူတာပေါ့။ ဒီလိုဆိုရင် 'ဝတ်' က အခုခေတ်ဆိုသလို 'အွတ်' ကာရန်မဟုတ်ဘဲ အတ်ကာရန်ဖြစ်မှာပေါ့။ အခုခေတ်မှာ 'ကီလိုဝပ်' ဆိုတဲ့အသံမှာပါတဲ့ 'ဝပ်' သံပေါ့။ နောက်မှ 'အတ်' ကာရန်ကနေ 'အွတ်' ကာရန်ကိုပြောင်းလာတာပေါ့"

"ဟုတ်ကဲ့ပါ"

"နတ်ရှင်နောင်ရဲ့ 'ဆင့်ချခွေသွန်၊ ရက်မချန်တည့်၊ ယုဂန်အလုံး' ဆိုတဲ့ အဖွဲ့မှာ 'သွန်-ချန်-ဂန်' ဆိုတဲ့ အသံသုံးသံလည်း ဟိုတုန်းကတူတာပေါ့။ ဒါကြောင့် ကာရန်ယူတာလေ။ သွန်ကို ' အွန်' ကာရန်နဲ့မထွက်ဘဲ သွမ်(သ်နဝမ်)လို့ အန်ကာရန်နဲ့ ထွက်မှာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီအယူအဆကို ထောက်ခံတဲ့သာဓကကတော့ ရခိုင်၊ ထားဝယ်၊ ယောစတဲ့ မြန်မာဒေသိယစကားတွေမှာ အဲဒီအသံ တွေကို အခုအထိ အဲဒီလိုအသံထွက်နေတယ်ဆိုတဲ့အချက်ပဲ။ ရခိုင်စကားမှာ 'လတ်' နဲ့ 'မွတ်'ဟာ အဆုံးသံ တူတယ်။ 'မွတ်' ကို 'မ်ဝပ်' လို့ထွက်တယ်။ 'ထွတ်' ကို 'ထ်ဝပ်' လို့ထွက်တယ်။ 'လွန်' နဲ့ 'ဟန်' လည်း အဆုံးသံတူတယ် 'လွန်' ကို 'လ်ဝမ်' လို့ထွက်တယ်။ အနီးစပ်ဆုံးပြောပြတာလေ။ ယောဒေသမှာလည်း ခွတ်ကို ခွပ်(ခ်ဝပ်)၊ ပွတ်ကို ပွပ်(ပ်ဝပ်)လို့ 'အတ်' သံနဲ့ထွက်တယ်။ 'လွန်၊ ထွန်၊ ကျွန်' ကို 'လွမ်၊ ထွမ်၊ ကျွမ်' လို့ ထွက်တယ်။ ဒေသခံတွေက အဲဒီအသံထွက်တွေကို ရွက်ဆိုပြကြတယ်။ သဒ္ဒဗေဒပညာရှင်တွေလဲ ရေးပြကြတယ်။ ဒီတော့ ချုပ်ရရင် အခုအသံပြောင်းနေတဲ့ အသံတချို့ကို မူလကဘယ်လို အသံထွက်ခဲ့တယ်ဆိုတာ ကဗျာမှာကာရန်ယူပုံတွေကို အထောက်အထားပြုပြီး ပြောနိုင်တာပေါ့ကွယ်"

# ဖားကန့်မြို့ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်



ဖားကန့်မြို့ ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

**ဖားကန့် ဇန်နဝါရီ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဖားကန့်မြို့နယ် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ကလေးစာပေပွဲတော်ကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ)ဦးခန်လင်၊ ပြည်နယ်ရှမ်းတိုင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးတင့်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလွင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညဏ်လင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားကို နန့်မဖြစ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော် Theme Song ကို သီဆိုဖွင့်လှစ်ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ ကလေးစာပေပွဲတော်(ဖားကန့်)ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပံ့ပိုးပေးခဲ့သည့် အလှူရှင်များအား ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များက ကလေးစာပေပွဲတော်အတွင်းရှိ ပြိုင်ပွဲများ၊ အားကစားပွဲများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ဖားကန့်ကလေးစာပေပွဲတော်တွင် ကဗျာရွတ်၊ ပုံပြင်ပြော၊ ကျပန်း၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ စက္ကူခေါက်၊ အရုပ်ဆက်/စကားပုံဆက် ပြိုင်ပွဲများအပြင် ကလေးစာဖတ်ခန်း၊ ပညာရေးပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပြခန်း၊ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာပြခန်း၊ ကျောက်မျက်ပြခန်း၊ ကချင်/ရှမ်းနှင့် ရှမ်းနီတိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုပြခန်းများ၊ ပွဲတော်လာရောက်သည့် ကလေးငယ်များ ပျော်ရွှင်စွာဆော့ကစားယှဉ်ပြိုင်နိုင်ရန် သုံးချောင်းထောက်၊ ပူဖောင်းဖောက်၊ မုန့်စား၊ ခါးကွင်းလှည့် စသည့်ပြိုင်ပွဲများ စုံလင်စွာဖြင့် ထည့်သွင်းကျင်းပလျက်ရှိသည်။

မြို့နယ်(ပြန်/ဆက်)

## အကယ်ဒမီဆုပေးပွဲအတွက် ဆန်ခါတင်ရွေကြို ၂၀ ရွေးချယ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၁၉ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ယမန်နှစ်ထက် ထူးခြားမှုမှာ ရွှေကြိုအတွက် ရွေးချယ်ရာ၌ အနုပညာရှင်တို့၏ သားသမီးများနှင့်အတူ ပြင်ပမှ လူငယ်များကိုလည်း ရွေးချယ်သွားမည်ဖြစ်ရာ ယနေ့အထိ လျှောက်ထားသူ ၅၀၀ ကျော်၌ လျှောက်လွှာအပြည့်အစုံဖြင့် ပြန်တင်ထားသူ ၃၀၀ ကျော်တွင် လူ ၅၀ မှ စုံတွဲ ၁၀ တွဲကို ရွေးချယ်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

“ရွှေကြိုက ဒီနှစ်နည်းနည်း ထူးခြားတာပေါ့။ အပြင်လူတွေပါ ခေါ်လိုက်တဲ့အတွက် ဖောင်ထုတ်တာ ၅၀၀ ကျော်နေပြီ။ လျှောက်လွှာပြန်တင်ထားတာ ၄၀၀ နီးပါးရှိတယ်။ စကိုင်းနက်နဲ့ ကိုမျိုးမင်းတို့ ညှိလိုက်တဲ့အခါမှာ ဟိုဘက်ဘုတ်တင်အဖွဲ့နဲ့ ရုပ်ရှင်အစည်းအရုံးဘက်က မန်ဘာပေးမယ့် အကဲဖြတ်တဲ့သူတွေလည်းရှိမယ်။ ကိုရန်အောင်၊ ကိုလူမင်းတို့ ပေးတဲ့အမှတ်နဲ့ စကိုင်းနက်က ပေးတဲ့အမှတ်ပေါင်းပြီး ရွှေကြိုကို ရွေးမှာပါ”ဟု မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ (၁) ဦးအေးကြူလေးက ပြောသည်။

ရွှေကြိုလူရွေးချယ်ပွဲကို ဇန်နဝါရီ ၂၇ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ပြီး တစ်ရက်လျှင်လူ ၁၀၀ ရွေးချယ်မှုဖြင့် လူ ၅၀ ကို ရွေးချယ်သွားမည်ဖြစ်ရာ တီဗွီချယ်နယ်မှ နံပါတ်စဉ်လိုက် ပြသ၍ ဆန်ခါတင်ရွှေကြို ၂၀ ဖြစ်သော စုံတွဲ ၁၀ တွဲကို နှစ်ဖက်အမှတ်ပေးစနစ်နှင့်အတူ ရွေးချယ်သွားမည်ဖြစ်သည်။ ယခုနှစ်တွင် ယမန်နှစ်ထက် အကယ်ဒမီဆုပေးပွဲကို ထူးခြားစွာ ဆောင်ရွက်ထားကြောင်း သိရသည်။ **သန်းထိုက်**

## ဒေါပုံမြို့နယ်၌ ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် စာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ဟောပြောပွဲကို ယမန်နေ့က ဒေါပုံအထက ၁ ခန်းမ၌ ကျင်းပသည်။

မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးသန့်က အမှာစကား ပြောကြားသည်။

ဟောပြောပွဲတွင် ဦးမျိုးအောင် (မောင်မောင်မျိုးအောင်) က လွတ်လပ်ရေးအမွေဒို့ထိန်းသိမ်းပေး၊ သန်းဝင်း (ဒေါက်တာသန်းမင်းထိုက်) က ပြည်ထောင်စုနေ့၊ ဦးကျော်စိန်သန်း (တက္ကသိုလ်ကျော်စိန်သန်း)က လွတ်လပ်သော မြန်မာနိုင်ငံအကြောင်း ဟောပြောကြကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အာကာစိုး




# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)အရ

**ဒေါ်စန်းစန်းရီ**

SME Development Bank - ဥက္ကဋ္ဌ
Super One Holdings Co., Ltd. - CFO & Senior MD အား

**သီရိသုဓမ္မသီဂီ ဘွဲ့**

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရပါသဖြင့် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။

နိုင်ငံတော် အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆထက်ထမ်းပိုးတိုး၍

ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။



**ဦးအောင်သန်း+ဦးဉာဏ်ထွန်း**
**(ထွန်းမေတ္တာ)**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း(၁/၂၀၂၀)

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ အရံစေတီများအား ရွှေသက်န်းကပ်လှူပူဇော်မည်ဖြစ်ပါသောကြောင့် ငြမ်းဆင်ခြင်းလုပ်ငန်း၊ ရွှေမှိုက်ခွာယူခြင်းလုပ်ငန်း၊ (၂"x၂")ပတ်လည်ရွှေရည်ချ(၁၀၀)ပါ ရွှေဆိုင်းဝယ်ယူခြင်းလုပ်ငန်းနှင့်မျက်ပါး ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်းများကို လုပ်ကိုင်လိုသူများအနေဖြင့် ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၈ ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီနောက် ဆုံးထား၍ ဂေါပကအဖွဲ့ရုံးသို့ ချိတ်ပိတ်တင်ဒါတင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**

**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

**ဖုန်း-၀၉-၂၅၀၀၀၃၂၈၀၊ ၀၁-၂၀၁၇၆၄၊ ၀၁-၂၉၂၁၆၉**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

သန်လျင်မြို့၊ မဟာအတုလသဒ္ဓမ္မရံသီသာသနာ့ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏နာယကကြီးဖြစ်သော သုဓမ္မဇောတိကဓဇ ဘွဲ့ရ ဦးဇော်ဝင်း(ဥက္ကဋ္ဌ/CEO)ဖော်ထက်ပိုင် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်၊ စိန်ရွှေထိပ်တန်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၊ ချမ်းမြေ့မေတ္တာအထူးကုဆေးရုံ(သန်လျင်)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော **သီရိသုဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**ကို ချီးမြှင့်ခံရသည့်အတွက် အထူးပင်ကြည်နူးဝမ်းမြောက်ဂုဏ်ယူပါသည်။

**သာသနာ့ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းဘူးခရိုင်၊ စေတုတ္တရာမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးထွန်းမြင့်၏သားဖြစ်သူ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်အမည်ပါ ဦးအောင်ဇော်ဝင်း ၈/စတရ(နိုင်)၀၀၂၂၆၃နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါအမည် ဦးအောင်ဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ဇော်ဝင်း(ခ)ဦးအောင်ဇော်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/2527၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

### မိဘအမည်မှန်

ကျိုက်မရောမြို့နယ်၊ လမုခိုကျေးရွာ၊ အထက(ခွဲ)မရင်းကုန်း၊ စတုတ္ထတန်းမှ နန်းချစ်စုဝေ၏ မိဘအမည်မှန်မှာ ဦးရွှေသောင်း ၁၀/ကမရ (နိုင်)၁၁၉၀၁၄ နှင့် ဒေါ်မြသွင် ၁၀/ကမရ(နိုင်)၁၁၈၉၅၃ ဖြစ်ပါကြောင်း။ **ဦးရွှေသောင်း-ဒေါ်မြသွင်**

### ဖခင်အမည်မှန်

ပုလဲမြို့နယ်၊ ကျောက်ကုန်းကျေးရွာ၊ အထက(ခွဲ)ဆဋ္ဌမတန်းမှ မောင်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဝင်း ၁၃/နဆန(နိုင်)၀၄၅၀၂၄ ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်ဝင်း**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/5964 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### အမည်မှန်

ဦးသန်းနိုင် ၁၀/ကမရ(နိုင်)၀၆၃၅၁၆၏သမီး၊ ကျိုက်မရောမြို့နယ်၊ လမုခိုကျေးရွာ၊ အထက(ခွဲ)မရင်းကုန်း၊ စတုတ္ထတန်းမှ နန်းဂျင်ဆူး၏ အမည်မှန်မှာ မဂျင်ဆူးဖြစ်ပါကြောင်း။

**မဂျင်ဆူး**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက နဝမတန်း(I)မှ မောင်ကျော်ခန့်လင်း၏ ဖခင်အမည်မှန်မှာ ဦးတိုးတိုး ၁၃/ရစန(နိုင်)၀၇၁၅၆၇ ဖြစ်ပါကြောင်း။ **ဦးတိုးတိုး**

### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ချိုင်ကျေးရွာနေ(ဘ)ဦးတိုင်းဇော်၏သမီး မမိုးမိုးဇော်၏ အမည်မှန်မှာ မမိုမိုဇော် ၅/ကနန(နိုင်)၀၇၁၅၆၈ ဖြစ်ပါကြောင်း။ **မမိုမိုဇော်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/5081 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း(အောက်ဘလောက်)၊ တိုက်အမှတ် (၉၄/၉၆)၊ (၂)ခန်းတွဲ(၈)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ်(ဝဲ)ဘက်အခန်း(တိုက်ကိုမျက်နှာမူလျှင်)၊ အကျယ်အဝန်း(၂၅'x၅၀')ရှိ တိုက်ခန်းနှင့် ရေမီးစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဟုအဆိုပြုသူ ဒေါ်ရီရီ(ခ)ဒေါ်ခတီဇာ ၁၂/ပဘတ(နိုင်)၀၁၇၀၉၆ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၁၇-၁-၂၀၂၀ ရက်စွဲပါ နှစ်ဦးသဘောတူတိုက် ခန်းအရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်ကိုချုပ်ဆိုပြီး ဝယ်ယူခဲ့ရာတွင် အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏ စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ် တို့ထံလာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအား အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိမွန်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၆၁၇၃)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့်မလွှကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၂၆၉၀၄၊ ၀၉-၇၉၃၅၃၇၀၇၈**

## စစ်တွေတက္ကသိုလ် (၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ကျင်းပမည့်အစီအစဉ်ကြေညာချက်

၁။ စစ်တွေတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် (၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများ အားအောက်ဖော်ပြပါအစီအစဉ်အတိုင်း စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**(၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်**

| | | |
|---|---|---|
| နံနက်ပိုင်းအစီအစဉ် | | ၃၀-၁-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၉:၀၀နာရီ |
| မဟာဥပဒေဘွဲ့ | - | ဥပဒေပညာ |
| မဟာဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် |
| မဟာသိပ္ပံဘွဲ့ | - | ဓာတုဗေဒ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - | မြန်မာစာ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - | ရူပဗေဒ |
| **(စစ်တွေတက္ကသိုလ်+တောင်ကုတ်ဒီဂရီကောလိပ်)** | | |
| ဥပဒေဘွဲ့ | - | ဥပဒေပညာ |
| ဝိဇ္ဇာဘွဲ့(စစ်တွေတက္ကသိုလ်) | - | မြန်မာစာ၊ သမိုင်း |
| သိပ္ပံဘွဲ့(စစ်တွေတက္ကသိုလ်) | - | ဓာတုဗေဒ၊ ဘူမိဗေဒ |
| ဝိဇ္ဇာဘွဲ့(တောင်ကုတ်ဒီဂရီကောလိပ်) | - | မြန်မာစာ၊ သမိုင်း |
| သိပ္ပံဘွဲ့(တောင်ကုတ်ဒီဂရီကောလိပ်) | - | ဓာတုဗေဒ |
| မွန်းလွဲပိုင်းအစီအစဉ် | | ၃၀-၁-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀နာရီ |
| မဟာဝိဇ္ဇာဘွဲ့ | - | မြန်မာစာ |
| မဟာသိပ္ပံဘွဲ့ | - | ရူပဗေဒ၊ သတ္တဗေဒ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - | ဓာတုဗေဒ၊ သတ္တဗေဒ |
| **(စစ်တွေတက္ကသိုလ်+တောင်ကုတ်ဒီကရီကောလိပ်)** | | |
| ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ |
| သိပ္ပံဘွဲ့(စစ်တွေတက္ကသိုလ်) | - | ရူပဗေဒ၊ သင်္ချာ |
| သိပ္ပံဘွဲ့(တောင်ကုတ်ဒီကရီကောလိပ်) | - | ရူပဗေဒ၊ သင်္ချာ |
| နံနက်ပိုင်းအစီအစဉ် | | ၃၁-၁-၂၀၂၀ရက်(သောကြာနေ့) နံနက် ၉:၀၀နာရီ |
| မဟာဝိဇ္ဇာဘွဲ့ | - | သမိုင်း |
| မဟာသိပ္ပံဘွဲ့ | - | သင်္ချာ၊ ရုက္ခဗေဒ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - | သင်္ချာ၊ ရုက္ခဗေဒ |
| **(စစ်တွေတက္ကသိုလ်+တောင်ကုတ်ဒီဂရီကောလိပ်)** | | |
| ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ၊ ပထဝီဝင် |
| သိပ္ပံဘွဲ့ | - | သတ္တဗေဒ၊ ရုက္ခဗေဒ |
| ဝိဇ္ဇာဘွဲ့(တောင်ကုတ်ဒီဂရီကောလိပ်) | - | ပထဝီဝင် |
| သိပ္ပံဘွဲ့(တောင်ကုတ်ဒီဂရီကောလိပ်) | - | သတ္တဗေဒ၊ ရုက္ခဗေဒ |
| အစမ်းလေ့ကျင့်ရက် | - | ၂၈-၁-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၉:၀၀နာရီ |

၂။ ဘွဲ့အသီးသီးကိုတက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားများတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့အနက်မှ နှစ်သက်ရာဝတ်စုံကိုအပြည့်အစုံ(အပြည့်အစုံ)ဝတ်ဆင်၍ တက်ရောက်ရမည်။

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများကို ၂၄-၁-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁၀:၀၀နာရီတွင် စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ (မြေညီထပ်)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို စစ်တွေတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၀၉-၇၈၇၅၃၂၅၁၄၊ ၀၉-၄၅၀၀၄၁၉၀၅ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ရွှေခိုင်ကျော်)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**စစ်တွေတက္ကသိုလ်**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ သံလွင်လမ်းမကြီး၏ အနောက်ဘက်ရှိ ဗိုလ်ချုပ်ကြေးရုပ် ပန်းခြံအားအဆင့်မီ ပန်းခြံအဖြစ်တည်ဆောက်ရန် မြေယာရှုခင်းလုပ်ငန်းများ၊ စက်ရေတွင်းတူးခြင်း၊ ရေကန်တည်ဆောက်ခြင်းနှင့် ရေစနစ်တပ်ဆင်ခြင်းလုပ်ငန်းများအတွက် မြေယာရှုခင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

- ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ သံလွင်လမ်းမကြီး၏ အနောက်ဘက်ရှိ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံအား အဆင့်မီပန်းခြံအဖြစ်တည်ဆောက်ခြင်းလုပ်ငန်း

| | | |
|---|---|---|
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | - | ၂၀-၁-၂၀၂၀ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၃-၂-၂၀၂၀ရက် ၁၆:၀၀နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်။

**ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၃၂၄၉၁**
**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 30(T)/YESC/2019-2020 | စီမံရေးဌာန ၊ ကောင်းကင်ဓာတ်အားလိုင်းတည်ဆောက်ရေးဌာနခွဲမှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန် | ၁၇.၂.၂၀၂၀ |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၀.၁.၂၀၂၀) မှ (၁၄.၂.၂၀၂၀)ထိ

တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊**
**ရန်ကုန်မြို့ ၊ ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် FSDP Project အောက်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် Oracle EBS Financials Budgeting, Fixed Assets and Accounts Payable Functions အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၂၀-၁-၂၀၂၀ ရက်မှ ၂၄-၁-၂၀၂၀ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ်(စက်မှု)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၂-၂၀၂၀ရက် မွန်းလွဲ ၁၄:၀၀နာရီ နောက်ဆုံးထား၍ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။(သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁ရာခိုင်နှုန်းအား တင်ဒါအာမခံကြေးအဖြစ်(၃)လသက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။(ငွေသားသို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝလက်ခံမည်မဟုတ်ပါ။)

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စာရင်းဌာန၊ ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၃၄၃၈၅၁၆ သို့လည်းကောင်း၊ စီမံခန့်ခွဲမှု နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း- ၀၆၇-၃၄၃၈၂၉၃ သို့လည်းကောင်း၊ Email လိပ်စာ PCU.cbm.fsdp@ mptmail.com.mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ၂"x ၂" အရွယ် ရွှေရာဆိုင်း(၁၅၀၀၀)ဝယ်ယူရန် ဈေးပြိုင်ကြော်ငြာစာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ၂၀၂၀ ပြည့်နှစ်အတွင်း ရွှေချလုပ်ငန်းများတွင် အသုံးပြုရန် ၂"x ၂" အရွယ် ရွှေရာဆိုင်းစက်ရွှေ (၁၂၀၀၀) ဆိုင်းနှင့် မြန်မာ့ရိုးရာလက်မှုရွှေရာဆိုင်း(၃၀၀၀)ဆိုင်းကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူပါမည်။

၂။ ရွှေဆိုင်းရောင်းချလိုသူများအနေဖြင့် ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/နှုန်းဖြင့် ၂၇-၁-၂၀၂၀ ရက် (တနင်္လာနေ့) မှ ၃၁-၁-၂၀၂၀ရက် (သောကြာနေ့)အထိ ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါဖွင့်ဖောက်ရွေးချယ်ခြင်းကို ၄-၂-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၃:၀၀နာရီတွင် ရင်ပြင်တော် ရှေးဟောင်းတန်ဆောင်း၌ ပြုလုပ်ပါမည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၉၀၅၃၊ ရုံးဖုန်း- ၀၁-၈၃၈၃၅၁၂

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့**

## ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်ကုန်ထုတ်လမ်း/တံတားလုပ်ငန်းနှင့် ရေရရှိရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့(IFAD)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သောအနောက်ပိုင်းဒေသများစိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(WSAP)ဖြင့်ဆောင် ရွက်မည့် မင်းတပ်မြို့နယ်နှင့်ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးလက်ကုန်ထုတ်လမ်း/တံတားနှင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ရက်တွင် စတင်ရောင်းချမည်။ တင်ဒါလျှောက်လွှာများကို ၂၀-၂-၂၀၂၀ရက်(၁၆:၃၀)နာရီ နောက်ဆုံးထား၍ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးတွင် တင်သွင်းရမည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ၀၇၀-၂၂၅၅၀ နှင့် ၀၇၀-၂၂၅၅၁ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါလျှောက်လွှာများနှင့် စည်းကမ်းချက်များ ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း၊တံတား၊ ရေမြောင်း၊ ပလက်ဖောင်း၊ လျှပ်စစ်မီးလုပ်ငန်း(၈)ခုနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၁-၁-၂၀၂၀ရက် |
| တင်ဒါပုံစံပိတ်မည့်ရက် | - | ၁၉-၂-၂၀၂၀ရက် (၁၆:၀၀)နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | အင်ဂျင်နီယာဌာန(လမ်း/ တံတား)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုသည့်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-
အင်ဂျင်နီယာဌာန(လမ်း/တံတား)၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၆၈၂၅၄၅၂၉၄

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့နယ်၊ အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)မှ ထုတ်ကျွမ်း (၅) ဖြစ်သူ ဒေါ်ဝင်းမင်းအေး ၅/စကန (နိုင်) ၃၁၅၈၇၉ ၏အမှုထမ်းစာအုပ်ပါ (ဘ)အမည် ဦးတင်စိုးနှင့်အိမ်ထောင်စုလူဦးရေစာရင်းပါ ဦးကျော်ဆန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်စိုး(ခ)ဦးကျော်ဆန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာအုပ်စု၊ ကုန်းရွာနေ ဦးအောင်လွင်၏ သမီး မရင်နွယ်အောင်နှင့်မယဉ်နွယ်အောင် ၅/စကန(နိုင်)၂၂၄၂၈၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မရင်နွယ်အောင်(ခ)မယဉ်နွယ်အောင်**




# နိုင်ငံတကာ အဆင့်မီ လက္ကားဈေးကြီး

ဆိုင်ခန်းအငှား ဈေးနှုန်း - USD18 / $m^2$ / month

အငှားစနစ်။ ။(၃)နှစ်အငှားစာချုပ်ဖြင့် တစ်နှစ်ချင်း ငွေပေးချေရန်။

1st Year- 8 months (Rent free period)
2nd Year- 6 months (Rent free period)
3rd Year- 3 months (Rent free period)

"Samanea Yangon Commodities Market လက္ကားဈေးကြီးမှ ဆိုင်ခန်းများ ငှားရမ်းရန်ဖိတ်ခေါ်နေပါပြီ။"

Samanea Yangon လက္ကားဈေးသည် Singapore အခြေစိုက် Samanea Group နှင့် မြန်မာနိုင်ငံ EI Co., Ltd တို့မှ အကျိုးတူပူးပေါင်း တည်ဆောက်နေသော စီမံကိန်းတစ်ခုဖြစ်သည်။

**ရည်ရွယ်ချက်** ။ ။နိုင်ငံတကာအဆင့်မီ ကုန်ပစ္စည်းပေါင်းများစွာအား တစ်နေရာထဲတွင် အစုံအလင်ရရှိနိုင်သော အဆင့်မြင့်လက္ကားဈေးကြီးတစ်ခုပေါ်ထွက်စေရန်၊ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အဆင့်မြင့်ဆုံးသော ကုန်သွယ်ရေးစင်တာတစ်ခု အဖြစ်ဖော်ဆောင်နိုင်စေရန်။


**တည်နေရာ** ။ ။ရန်ကုန်မြို့၏ အချက်အချာကျသော စီးပွားရေးနယ်ပယ်ဖြစ်လာမည့် ဒဂုံဆိပ်ကမ်း၊ ပဲခူးမြစ်လမ်း နှင့် ရတနာလမ်းထောင့်။

**ပတ်ဝန်းကျင်** ။ ။MITT, သီလဝါ အထူးစီးပွားရေးဇုန်တို့ကို လွယ်ကူစွာသွားလာနိုင်သော အဓိကလမ်းကြောင်းပေါ်တွင်တည်ရှိပြီး၊ ရတနာနှင်းဆီ နှင့် ဇရာချမ်းသာအဆင့်မြင့် အိမ်ရာစီမံကိန်း၊ Emerald Bay တို့နှင့် အချိန်တိုသွားလာနိုင်သောအနီးဆုံးနေရာ။

**စီမံကိန်း ပထမအဆင့်** ။ ။မြေဧရိယာ Sqm 100,000 အကျယ်အဝန်းပေါ်တွင် ဆိုင်ခန်းပေါင်း (၇၀၀)ကျော် ပါဝင်သောအဆင့်မြင့် လက္ကားဈေး၊ ဘဏ်များ၊ စားသောက်ဆိုင်များ၊ Logistics လုပ်ငန်းများ၊ Supermarket တို့အပြင် ကုန်ပစ္စည်းများ သိုလှောင်နိုင်ရန်အဆင့်မြင့် Warehouses ၊ အဆင့်မြင့် Apartment များ နှင့် စနစ်ကျ လုံလောက်သော ကားပါကင် တို့ပါဝင်မည်ဖြစ်ပြီး။

**စီမံကိန်း ဒုတိယအဆင့်** ။ ။မြေဧရိယာ Sqm 300,000 အကျယ်အဝန်းပေါ်တွင် Wholesales Market , Exhibition Center, Hotel များတည်ဆောက်သွားမည်ဖြစ်သည်။

" ခေတ်မီသော အဆောက်အဦးပုံစံဖြင့် ဆိုင်ခန်းအတွင်း Air-con and Lighting များ လုံလောက်စွာတပ်ဆင်ထားခြင်း၊ သက်သာသည့် ဆိုင်ခန်းဈေးနှုန်းသတ်မှတ်ထားခြင်း၊ စုံလင်သော ကုန်ပစ္စည်းများအား တစ်နေရာထဲတွင် ရရှိနိုင်ခြင်း၊ Logistics Services များပါရှိပြီး ကားလမ်းကြောင်းရှင်းလင်း၍ အလွယ်တကူသွားလာနိုင်ခြင်း၊ စနစ်ကျလုံလောက်သော Car Parking များပါရှိပြီး အခမဲ့ယာဉ်ရပ်နားနိုင်ခြင်း၊ လစဉ်လတိုင်း Exhibition အရောင်းပြပွဲများ ကျင်းပပြုလုပ်ပေးခြင်း။ "




HOT LINE : 09 - 976069999 / 976089999

**Developer:** Samanea Yangon Development Co., Ltd.
**Show Room Address:** NO.108/110 Dhammazedi Road, Bahan Township, Yangon
**Project Address:** Corner of Bago River Road and Yadanar Road, Dagon Seikkan Township, Yangon

WeChat
Facebook

## ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဩဝါဒပါတိမောက် အခါတော်နေ့အထိမ်းအမှတ် (၂၃)ကြိမ်မြောက်စတုဒိသာ နှမ်းထမနဲပွဲကို ကျင်းပပြုလုပ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဩဝါဒပါတိမောက်အခါတော်နေ့ အထိမ်းအမှတ် (၂၃)ကြိမ်မြောက် စတုဒိသာနှမ်းထမနဲပွဲကို (၁၃၈၁ခုနှစ် တပို့တွဲလပြည့်နေ့) ၈-၁-၂၀၂၀ရက် စနေနေ့ မွန်းလွဲ(၁:၀၀)နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ နှမ်းထမနဲ (၄)ပြည်တစ်ဒယ်လျှင် ငွေကျပ် ၁၅၀၀၀/-(တစ်သောင်းငါးထောင်ကျပ်) နှုန်းဖြင့် လှူဒါန်းလိုသူများ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ဖုန်း ၀၁-၂၉၀၄၂၅၊ ၀၁-၂၉၄၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရွှေဘုန်းပွင့်စေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## အမည်မှန်

ကျိုက်ထိုမြို့နယ်၊ ခလွန်ကျေးရွာ၊ သာယာကုန်းရပ်ကွက်နေ ဒေါ်ဇင်မာမြင့် ၁၀/ကထန(နိုင်)၁၂၂၈၂၀ ၏ အမည်မှန်မှာ ဒေါ်လွင်မာမြင့် ဖြစ်ပါကြောင်း။

ဒေါ်လွင်မာမြင့်

## ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်မှန်

ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်၊ ပြင်ဦးလွင်ရပ်ကွက်နေ ဒေါ်မရောစောမ်ရာ၏ မွေးသက္ကရာဇ်မှန်မှာ ၁၀-၁၁-၁၉၇၈ နှင့် ဖခင်အမည်မှန်မှာ ဦးမရောကွမ်ဘားလာ ဖြစ်ကြောင်း။

ဒေါ်မရောစောမ်ရာ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှမြေရေိယာ ၀ဒသမ၁၁၀ကေရှိ ဒေါ်ပို ၁၂/ရကန(နိုင်)၀၆၄၆၆၈(ဘ)ဦးပန်းညွန့် အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၃၉၆၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၇၈/၂၀၁၅ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးထွန်းထွန်း ၁၃/ကလန(နိုင်)၀၁၇၉၃၄(ဘ)ဦးလှအောင်မှ ဒေါ်စန်းစန်းဝင်း ၁၁/သတန(နိုင်)၀၂၀၂၀၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉ခ/စက်ကွင်း)၊ ဦးပိုင်အမှတ်(၂၃၅)၊ မြေချိန်ဧရိယာ ၀ဒသမ၀၆၀ကေရှိမြေသည် အခွန်အမှုတွဲအမှတ် (V)၁၄၄/၇၈-၇၉အရ ဒေါ်လှလှအမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီးဂရန်သက်တမ်းမှာကုန်ဆုံးလျက်ရှိပါသည်။ ဂရန်မူရင်းမှာပျောက်ဆုံးလျက်ရှိကြောင်း၊ မိခင်ဖြစ်သူ ဒေါ်လှလှသည် ၂၀-၉-၁၉၉၄ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးထွန်းလင်းသည် ၄-၆-၁၉၇၅ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ပြီးနောက်သားဖြစ်သူ (၁)ဦးတင်မောင်လင်း၊ (၂)ဦးဆန်းလင်း၊ (၃)ဦးညဏ်လင်း၊ (၄)ဦးမျိုးညွန့်လင်းတို့(၄)ဦး ကျန်ရှိပါသည်။ဦးဆန်းလင်းသည် ၁၁-၃-၂၀၀၂ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အမွေစုကို ၎င်း၏ဇနီးဖြစ်သူဒေါ်ခင်မျိုးမြင့်မှ လည်းကောင်း၊ ဦးညဏ်လင်းသည် ၂၈-၃-၂၀၀၈ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အမွေစုကို ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးအေးမြင့်မှလည်းကောင်းပိုင်ဆိုင်လာ၍ (၁)ဦးတင်မောင်လင်း၊ (၂)ဒေါ်ခင်မျိုးမြင့်၊ (၃)ဒေါ်အေးအေးမြင့်၊ (၄)ဦးမျိုးညွန့်လင်းတို့မှ ပိုင်ဆိုင်ကြောင်းနှင့်ဂရန်စာချုပ်မှာ ပျောက်ဆုံးသွားကြောင်း မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၂၈၉/၂၀၁၇)ဖြင့် ကျမ်းကျိန်ဆိုပြီး၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၂၈/၂၀၁၇)အရ မှတ်ပုံတင်ကာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၄၂၉/၂၀၁၇)အရဦးတင်မောင်လင်း၊ ဒေါ်ခင်မျိုးမြင့်၊ ဒေါ်အေးအေးမြင့်၊ ဦးမျိုးညွန့်လင်းတို့ (၄)ဦးမှ တရားဝင်ပိုင်ဆိုင်လာ၍ လျှောက်မြေအား ဦးတင်မောင်လင်း၊ ဒေါ်ခင်မျိုးမြင့်၊ ဒေါ်အေးအေးမြင့်၊ ဦးမျိုးညွန့်လင်းတို့ (၄)ဦးအမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး အမည်ပြောင်းချထားပေးနိုင်ပါရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၁) (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၁)၏ (၁၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီတွင် ကျောင်း၏ ရွှေရတုရင်ပြင်၌ ကျင်းပမည်ဖြစ်ပါ၍ ၁၉၅၃ခုနှစ်မှ ၂၀၁၉ခုနှစ်အတွင်း ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး/ဆရာမကြီးများအား ကျောင်းသား/ကျောင်းသူဟောင်းများမှ ပူဇော်ကန်တော့လိုပါသဖြင့် ဆရာကြီး/ဆရာမကြီးများက ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကန်တော့ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား/ကျောင်းသူဟောင်းများကလည်း အခမ်းအနားသို့ တက်ရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါကျောင်းသား/ကျောင်းသူဟောင်းများထံတွင် လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ဦးနေလင်းထိုက် | ဖုန်း-၀၉-၅၅၈၈၄၄၄ |
| ဦးတင်ထွန်းထက် | ဖုန်း-၀၉-၄၉၂၂၂၄၄၄၊ ၀၉-၇၈၅၂၂၂၄၄၄ |
| ဒေါ်ရဝေ | ဖုန်း-၀၉-၅၀၂၈၇၃၉ |

## ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်) ၂၀၁၉ခုနှစ် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၉ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်** | - | ၂၆-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) ၁၃၈၁ခုနှစ် တပို့တွဲလဆန်း ၂ရက် |
| **ကျင်းပမည့်အချိန်** | - | နံနက် ၉:၀၀နာရီမှ မွန်းလွဲ ၁:၀၀နာရီအထိ |
| **ကျင်းပမည့်နေရာ** | - | ရခိုင်ပြည်နယ်ခန်းမ(ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ အာဇာနည်ဗိမာန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ |
| **ကျွေးမွေးရေး** | - | ရခိုင်ထမင်းဟင်း |

ဆက်သွယ်လှူဒါန်းရန်-
(၁) ဦးခင်အေး(ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၂၀၁၇၈၈၊ (၂)ဦးကျော်လင်း(ဒုဥက္ကဋ္ဌ) ဖုန်း-၀၉-၇၉၉၅၉၀၉၅၆၊ (၃)ဦးဘသိန်းရင်(အတွင်းရေးမှူး)ဖုန်း-၀၉-၄၂၀၂၅၉၉၆၊ (၄)ဒေါ်ခင်ခင်ဖြူ (ဘဏ္ဍာရေးမှူး)ဖုန်း-၀၉-၄၂၀၂၂၁၁၈၅

အလုပ်အမှုဆောင်အဖွဲ့

## မင်းဘူးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

မင်းဘူးအသင်း(ရန်ကုန်)၏ (၇၀)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ နေနတ်သားစာသင်တိုက်ဓမ္မာရုံ(ကိုးထပ်ကြီးဘုရားရှေ့တည့်တည့်)တွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂ ရက် တနင်္ဂနွေနေ့ နံနက် ၉:၀၀ နာရီနမှ ၁၂:၀၀ နာရီထိ ကျင်းပမည်ဖြစ်ပါသည်။ အသင်းဝင်များ၊ အသင်းမဝင်ရသေးသော မင်းဘူးခရိုင်မှ မျိုးဆက်သစ်များ၊ ငယ်သူငယ်ချင်းမိတ်ဆွေ၊ ဆွေမျိုးများနှင့်ပြန်တွေ့ကြဖို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂၀၁၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်များ၏ သား/သမီး/မြေးများ၊အသက်(၇၅)နှစ်ပြည့်ပြီးသော ကန်တော့ခံပုဂ္ဂိုလ်များ အမည်စာရင်းအား ၂၅-၁-၂၀၁၉ ရက် နောက်ဆုံးထားပြီး အောက်ပါဖုန်းနံပါတ်များသို့ စာရင်းပေးပို့ကြပါရန်။

| | |
|---|---|
| **ဦးသိန်းနိုင်** | **ဖုန်း-၀၉-၄၂၀၄၃၃၇၃** |
| **ဦးကျော်သီဟ** | **ဖုန်း-၀၉-၂၅၃၀၃၈၃၃၉** |
| **ဦးသန်းဌေးအောင်** | **ဖုန်း-၀၉-၇၈၀၀၆၆၉၁၅** |
| **ဒေါ်ခင်စိန်ဝင်း** | **ဖုန်း-၀၉-၂၅၃၇၉၆၀၁** |

**နေ့လယ်စာထောပတ်ထမင်း၊ ရေခဲမုန့်တို့ဖြင့် ဧည့်ခံပါမည်။**

**မင်းဘူးအသင်း(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၀၃၄)၊ ဦးဘိုအေး(ဘ)ဦးကံကြီး ၉/လဝန(နိုင်)၀၁၆၀၀၂၊ ဒေါ်ခင်ပု(ဘ)ဦးမှန်ကြီး ၉/လဝန(နိုင်)၀၁၆၀၀၁ အမည်ပေါက်ပါမစ်မြေကွက်အား အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးမြင့်သန်း(ဘ)ဦးလှိုင် ၉/လဝန(နိုင်)၀၂၁၅၁၂ မှ မြေကွက်နေရာယာယီချထားပေးသည့်စလစ်၊ အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်အား ဦးမြင့်သန်း(ဘ)ဦးလှိုင် ၉/လဝန(နိုင်)၀၂၁၅၁၂ ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်၊လုပ်ငန်း အမှတ်တံဆိပ်တို့နှင့်ပတ်သက်၍ သတိပေးကြေညာခြင်း

မန္တလေးမြို့ ၇၃လမ်း၊ (၂၉x၃၀)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်တွင် အရောင်းခန်းမဖွင့်လှစ်တည်ထောင်၍ ငရုတ်အရောင်တင်မှုန့်၊ အညာခြွေငရုတ်မှုန့်၊နနွင်းအစစ်မှုန့်၊ ငရုတ်အလှော်မှုန့်အမျိုးမျိုးတို့ကို ထုတ်လုပ်၍ လက်လီ၊လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော ဒေါ်ခင်စောသွယ် ၉/မခန(နိုင်)၁၇၅၂၀၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာပါသည်။

ဒေါ်ခင်စောသွယ်သည် မန္တလေးမြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှူးရုံး၌ မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်အမှတ်(၃၈၃၆/၂၀၁၉)နှင့် (၃၈၃၇/၂၀၁၉) တို့ဖြင့် " ကြည်ကြည် " နှင့် " KYIKYI " ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်အမှတ်တံဆိပ်တို့အား မှတ်ပုံတင်ကြေညာစာတမ်းများချုပ်ဆိုကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်အမှတ်တံဆိပ်တို့အား အတိအလင်းတုပ၍ဖြစ်စေ၊ ဆင်တူရိုးမှားတုပ၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်စုံတစ်ခုဖြင့် ဒေါ်ခင်စောသွယ်၏အကျိုးစီးပွားအား ထိခိုက်နစ်နာအောင်ပြုမူဆောင်ရွက်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်ခင်စောသွယ် | ဦးခင်မောင်ဦး LL.B(Q),B.Sc,H.G.P |
| (၉/မခန(နိုင်)၁၇၅၂၀၈) | Diploma in Business Law, |
| | Diploma in International Law |
| | (အထက်တန်းရှေ့နေ) စဉ်-၁၇၄၇၂ |
| | (၈-၂/၈၁)၊ကံကော်လမ်းသွယ်၊ (၄၀x၄၁)လမ်းကြား၊(၆၆x၆၇)လမ်းကြား၊ |
| | မဟာမြိုင်(၁)ရပ်ကွက်၊ မန္တလေးမြို့ |
| | ဖုန်း-၀၉-၄၀၂၅၂၁၇၅၄ |
| | khinmaungoo2015@icloud.com |

## မိတ္ထီလာမြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အ.လ.က(၃)၊ ယခင်မော်ဒန်ကျောင်း ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှိုးဆော်ဖိတ်ကြားလွှာ

မိတ္ထီလာမြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အ.လ.က(၃)၊ ယခင်မော်ဒန်ကျောင်း ကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၉-၂-၂၀၂၀ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၉:၀၀)နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၆၀)ပြည့်ပြီးဆရာ/ဆရာမကြီးများအနေဖြင့် ဝမ်းမြောက်စွာကန်တော့ခံကြွရောက်ပါရန်နှင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

ကျောင်းသား/ကျောင်းသူဟောင်းများမှလည်း မပျက်မကွက်တက်ရောက်ကြပါရန်နှင့်၊ အလှူငွေ၊ လှူဖွယ်ပစ္စည်း၊ ဆေးဝါးများစသည်ဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ရောဝတီဘဏ်စာရင်းအမှတ်-၀၀၀၆၂၀၂၀၁၁၂၃၉၆၈၀ (0006202011239680)

| ရန်ကုန်မြို့ | | မိတ္ထီလာမြို့ | |
|---|---|---|---|
| ဒေါ်မို့မို့အောင် | ဖုန်း-၀၉-၄၂၀၀၀၆၄၉၄ | ဒေါ်အေးမြစိုး | ဖုန်း-၀၉-၂၅၆၁၉၂၈၉၀ |
| ဦးထွန်းဇော် | ဖုန်း-၀၉-၅၁၂၄၆၉၈ | ဒေါ်မိုးမိုးခိုင် | ဖုန်း-၀၉-၄၀၂၆၈၄၄၇၁ |
| | | ဒေါ်ဝါဝါဦး | ဖုန်း-၀၉-၄၂၈၀၂၇၉၆၅ |
| မန္တလေးမြို့ | | ဒေါ်ခိုင်ဇင်ဦး | ဖုန်း-၀၉-၄၀၂၆၈၄၉၂၁ |
| ဦးညွန့်ဇော် | ဖုန်း-၀၉-၂၅၉၀၈၅၈၅၅ | ဦးကျော်စိုးဝင်း | ဖုန်း-၀၉-၇၉၁၇၅၆၆၀၁ |

## အထက(၂)လှိုင်(ဒေါ်သာထက်အထက်တန်းကျောင်း) (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အထက (၂)လှိုင် (ဒေါ်သာထက်အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၂၀ ပြည့်နှစ် ဖေဖော် ဝါရီ ၂ရက်(တနင်္ဂနွေနေ့) နံနက် ၉:၃၀နာရီတွင် အဆိုပါကျောင်း၏ သိင်္ဂါရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစားဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေနှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ဆက်ဆက်တက်ရောက်ကြပါရန်လေးစားစွာ အနူးအညွတ်ဖိတ်ကြားအပ်ပါသည်။

| အလှူငွေနှင့်လှူဖွယ်ပစ္စည်းလှူဒါန်းလိုပါက... | | ဦးခင်မောင်မြင့် | ၀၉-၉၅၃၁၆၆၅၈၀ | ဒေါ်နန်းသန္တာခိုင် | ၀၉-၅၀၉၅၁၇၃ |
|---|---|---|---|---|---|
| ဆရာဦးမင်းဇော် | ၀၉-၂၅၄၃၇၈၆၅၀ | ဦးအေးသန်း | ၀၉-၇၉၉၆၄၃၈၉၉ | ဒေါ်အေးအေးသက် | ၀၉-၄၂၀၂၆၆၈၅ |
| ဆရာဦးကျော်ဆွေ | ၀၉-၄၂၀၉၅၂၁၈၈ | ဒေါ်စန်းစန်းဝင်း | ၀၉-၂၅၄၀၄၇၈၀၁ | ဦးမြတ်သူ | ၀၉-၅၁၆၄၈၁၄ |
| ဦးမျိုးခင် | ၀၉-၄၂၀၁၁၇၀၃၂ | ဒေါ်မြတ်မြတ်မိုး | ၀၉-၂၆၅၀၅၁၀၄၉ | ဦးကျော်စိုး | ၀၉-၇၈၄၄၄၅၁၅၉ |
| ဦးအောင်သိန်း | ၀၉-၂၅၂၅၈၇၄၆၅ | ဒေါ်နီနီလေး | ၀၉-၅၁၉၈၉၆၈ | ဦးမျိုးကျော်ကျော် | ၀၉-၇၉၅၈၅၆၃၉၅ |
| ဦးရဲနိုင်လင်း | ၀၉-၅၁၀၀၃၉၃ | ဒေါ်စိန်စိန်အေး | ၀၉-၇၉၉၇၆၂၇၉၂ | ဦးခန့်ချော | ၀၉-၉၆၆၁၇၆၄၉၀ |

ဒေါ်သာထက်လက်ထက်မှဆရာ၊ ဆရာမကြီးများ အပါအဝင် (၁၀၃)ဦးကို ကန်တော့ပါမည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြဝတီမြို့နယ်တရားရုံးတော်၌
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇

ဦးအောင်မင်းစိုး နှင့် ၁။ ဦးနီ
၂။ ဒေါ်စုစုအေး
၃။ ဒေါ်စီစီ

တရားလို တရားပြိုင်များ

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ရန်မျိုးနိုင်လမ်းနေ ၁-တရားပြိုင် ဦးနီ(ယခုနေရပ်လိပ်စာမသိသူ)၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရန်မျိုးနိုင်လမ်းနေ ၂-တရားပြိုင် ဒေါ်စုစုအေး(ယခုနေရပ်လိပ်စာမသိသူ) နှင့် ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရန်မျိုးနိုင်လမ်းနေ ၃-တရားပြိုင် ဒေါ်စီစီ(ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင်တို့၏အပေါ်၌ တရားလိုဦးအောင်မင်းစိုးက ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရန်မျိုးနိုင်လမ်း၊ မြေကွက်အမှတ်(၂၃၆)၊ ဦးပိုင်အမှတ်(၅၃/အေ)၊ မြေဧရိယာအလျား(၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့်ပတ်သက်၍ မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီး ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၄ရက်(၁၃၈၁ခုနှစ်၊ ပြာသိုလကွယ်နေ့)နံနက် ၁၀နာရီတွင် အထက်အမည်ပါရှိသူတို့သည် တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင်သင်တို့ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေဇင်မန်း)**
**မြို့နယ်တရားသူကြီး**
**မြဝတီမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုအုပ်စု၊ ရေသရောက်ကျေးရွာတွင် ဦးတင်စိုးအောင် ၉/ညဥန(နိုင်)၁၆၅၄၇၈သည် "Royal Land" အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါအမည်အားအမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမှတ်တံဆိပ်တင်သွင်းသွားပါမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသတင်းစာပါ ရက်စွဲမှတစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဦးတင်စိုးအောင် ၉/ညဥန(နိုင်)၁၆၅၄၇၈**
**ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုအုပ်စု၊ ရေသရောက်ကျေးရွာ**
**ဖုန်း-၀၉-၂၅၉၀၅၂၀၈၅၊ ၀၉-၇၇၅၂၂၁၂၂၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၅၅ကေ၊ မြေကွက်အမှတ် (ဥ-၇၇၁၅)၊ ဦးမောင်မောင် ၉/ပမန(နိုင်)၀၅၃၁၃၇ (ဘ)ဦးလှမောင် အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်အေးမျိုးဝင်း ၇/တငန(နိုင်)၁၃၉၉၁၃(ဘ) ဦးမောင်ဝင်းမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်းရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/1934 Lifan LF J3053F D/T ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၁၀/မဒန(နိုင်) ၂၃၀၁၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၂၃၁၂၉ Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လမင်းအိမ် ၅/မရန(နိုင်)၃၂၅၈၃၀ က(ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/5068 Toyota Hiace KZH 120 Mini Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းစိုး ၅/မရန(နိုင်)၁၇၄၄၂၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/8082 NISSAN CONDOR ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ဝင်း ၅/ကနန(နိုင်) ၀၂၁၈၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## သစ္စာမိုး ဗုဒ္ဓဂယာ နှင့် သိရိလင်္ကာ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့

(၁၀)ဦး လိုက်ပါ (၁)ဦး အခမဲ့

ဗုဒ္ဓဂယာ (အိန္ဒိယ-နီပေါ) (၈)ရက် နှင့် (၁၅)ရက် (နေရာစုံ)

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ - ၁၊ ၁၅၊ ၂၂ / မတ်လ - ၆၊ ၁၄၊ ၂၈ / ဧပြီလ - ၆၊ ၁၃

ဗုဒ္ဓဂယာ တိုက်ရိုက်လေယာဉ်ဖြင့်သာ (သွား/ပြန်) / ကားပေါ်ညအိပ်ခရီးစဉ်မပါ

မည်သည့်ခရီးစဉ်မဆို အဖွဲ့လိုက်ဖြစ်စေ၊ မိသားစု သီးသန့် ဖူးမြော်ချင်သူများလည်း စီစဉ်ပေးပါသည်။

အမှတ်(၄)၊ ဒုတိယထပ်၊ ဘယသုဒ္ဓိဖြတ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

Ph: 09 43157439, 09 777075919, 09 261624600

## ကိုကျော်နိုင် CAR RENTAL

စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်

ALPHARD, HIACE(အံ့စတုံး),SALOON

ကားအမျိုးမျိုးကို ငှားရမ်းပေးပါသည်။

09 515 8803

09 25 358 2510

https://www.facebook.com/kyawpanda

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့တွင် လူနေထိုင်မှုအကောင်းဆုံးနေရာ ဗဟန်းမြို့နယ် ဥသျှောင်ဖယားလမ်း အုတ်တံတိုင်းကာရံပြီး ဘိုးဘွားပိုင်မြေဝယ်သူ အမည်ပေါက်ရမည် မြေအကျယ် (25x65)ပေပေါ်တွင် (20x40) နှစ်ထပ်တိုက် အပေါ်ထပ်လျှာထိုးခင်း ရောင်းဈေးသိန်း(3000)

ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၉၉၉၉၈၅၄

## သွေးတိုးကျ သွေးတိုးကျ

# သန္တိသုခ




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက (စာနယ်ဇင်း)
014/0819

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012355 (0919)

## သွေးတိုးကျ

လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

---

သင်ကြားမှုအတွေ့အကြုံရှင် နာမည်ကြီး ဆရာ/ဆရာမများကိုယ်တိုင်သင်ကြားပြီး စည်းစနစ်ကောင်းသည့်အထက်တန်းကျောင်းအုပ်(ငြိမ်း)များစီမံအုပ်ချုပ်သည့်

## Tay-Nu-Yin LEARNING HUB စာသင်+စာကျက်ဝိုင်းများ

facebook.com/TNYLearningHub/

၂၀၂၀-၂၁ ပညာသင်နှစ်အတွက် ကြိုတင် ကျောင်းအပ် လက်ခံပြီ။

- သင်ရိုးသစ် ၉-တန်း (GRADE 10)
- ၁၀-တန်း (တက္ကသိုလ်ဝင်တန်း)

- တက္ကသိုလ်ဝင်တန်း အမှတ်ပေးစည်းမျဉ်းနှင့်အညီ ကျက်ရ တွက်ရလွယ်ကူအောင် နည်းပြသင်ကြားပေးသည်။ ဘာသာရပ်အလိုက် အတွေ့အကြုံရှင် ဂိုက်များဖြင့် တစ်ပတ်စာ သင်ခန်းစာများကို အပြီးကျက်မှတ်ပြုလုပ်စေသည်။ အခန်းဆုံး လပတ်စာမေးပွဲများ စစ်ဆေးခြင်းနှင့် စာမေးပွဲရလဒ်များကို မိဘများနှင့်တိုက်ရိုက် ဆွေးနွေးပေးသည်။
- သင်ရိုးသစ် ၉-တန်းအတွက် အထက်တန်းပညာအခြေခံကောင်းစေရန် အထပ်ထပ်သင်ကြားလေ့ကျင့်ပေးမည်။
- အသင့်စား အဆာပြေမုန့်မျိုးစုံ အပြင် သန့်ရှင်းလတ်ဆတ် အရသာရှိသည့် အိမ်ချက်လက်ရာ တန်ဖိုးသင့် ထမင်းနှင့်ဟင်းလျာများကိုပါ ရောင်းချသည့် ကန်တင်းကို ဖွင့်လှစ်ထားသည်။
- တက္ကသိုလ်ဝင်တန်း အလွန် ပညာရေးအခွင့်အလမ်းများကို မိဘများအား ဆွေးနွေးမှုများ ကြိုတင်ပြုလုပ်ပေးခြင်း၊ တက္ကသိုလ် မတက်မီ တက်ရောက်ထားသင့်သည့်သင်တန်းများကို လမ်းညွှန်အပ်နှံပေးခြင်း၊ နိုင်ငံတကာ ပညာရေးလမ်းကြောင်းများအကြောင်း အခမဲ့ အကြံပြုဆွေးနွေးခြင်းများကို ပြုလုပ်ပေးသည်။
- အများနှင့်မတူသော သင်ကြားရေးစနစ်၊ စည်းကမ်း ကျနသည့် အုပ်ထိန်းမှု၊ ဝါရင့်ဆရာ/ဆရာမကြီးများ၏ အရင်းခံစေတနာဖြင့် အိပ်သွန် ဖာမှောက် သင်ကြားမှုတို့ကြောင့်.......

'လူကြီးမင်းတို့၏ သား / သမီးများ စည်းကမ်းကောင်းပြီး စာပိုတော်လာစေရမည်'



09 - 51 - 24761
09 - 420 - 183554

၄၅ (တီ)၊ တေးနယဉ်လမ်း (၇ မိုင်ခွဲ၊ ပြည်လမ်း)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## ဖာ့ ကျောက်စိမ်း

မြေကွက်များရောင်း/ဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊

(ရွှေပေါက်ကံမြို့သစ်)

အိမ်အရောက် ငွေပေးချေသည်။

"ပွဲခလုံးဝမယူပါ"။

09 - 670 670 810

09 - 670 670 820

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အမက(လွန်) ဆိပ်ကျွန်း၊ သတ္တမတန်းမှ မပေဟမာဇော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁၀/သထန(နိုင်)၁၆၉၅၉၀ ဖြစ်ပါကြောင်း။

ဦးထွန်းထွန်းဦး

## မိဘအမည်မှန်

သထုံမြို့နယ်၊ အမက(လွန်)ဆဋ္ဌမတန်းမှ မထက်ထက်ခိုင်၏ မိဘအမည်မှန်မှာ စောလားဖော ၁၀/သထန(နိုင်)၁၆၉၆၅၉ နှင့် နော်ငယ်ငယ် ၁၀/သထန(နိုင်)၂၉၃၀၆၉ ဖြစ်ပါကြောင်း။

စောလားဖော-နော်ငယ်ငယ်

## ကျောင်း ၊ ဆေးရုံအတွက် နေရာကောင်း ခြံကျယ်ကျယ်ရောင်းမည် ( မြေပိုင်မြေ )

အင်းစိန် ၊ သီရိမင်္ဂလာလမ်းမ ( ဂျပန်လမ်း ) ပေါ်ရှိ

၁၆၀ ပေ x $\frac{၁၀၀}{၁၂၃}$ ပေ (၁၇၉၄၃ ) စတုရန်းပေ

ဆက်သွယ်ရန် - ၀၁-၈၆၀၅၂၃၁ ၊ ၀၁-၈၆၀၅၂၃၀

၀၉-၈၉၇၂၁၉၆၄၉ ( အကျိုးဆောင်လိုသည် )

---

## ဦးသာရင် ၏ လေငန်းဆေးပြား

နဂါးအမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR 001520 (0519)

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

Certificate TH09/3125

Certificate TH06/3966

ISO 9001:2015 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၇ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

---

## ငါးတန်အမြန်ရောင်းမည်

နေရာကောင်း၊ လ. န. ၃၉ကျပြီး

သင့်တင့်သောဈေးဖြင့် ရောင်းမည်။

ပွဲစားမလို။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

Ph: 01-8229738, 09-977217289, 09-5173295

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/7725 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သဘော့ကန်အုပ်စု၊ တောစွန်းကျေးရွာနေ ဦးကျော်ရွှေ-ဒေါ်စန်းရွှေတို့၏သား မောင်ကျော်မင်းနိုင် ၇/ဝမန(နိုင်)၁၂၃၂၇၁ သည် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးကျော်ရွှေ ၇/ဝမန(နိုင်)၀၆၆၇၅၄-
ဒေါ်စန်းရွှေ ၇/ဝမန(နိုင်)၀၆၆၇၃၄

## စိန်နဒီစံကုမ္ပဏီလီမိတက်

စိန်နဒီစံကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်-၀၁၇၅/၂၀၁၃ ဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခဲ့ရာ ယခုအခါ မိမိ၏သဘောဆန္ဒအလျောက် ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိတော့ပါသဖြင့် လုပ်ငန်းပိတ်သိမ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါ၍ အသင်းဝင်များအနေဖြင့် ပေးရန် ရရန်များကို ကုမ္ပဏီတည်ရှိရာ ဈေးတောင်ပိုင်း မြို့မရပ်ကွက်၊ စဉ့်ကိုင်မြို့သို့ ၂၆-၁-၂၀၂၀ ရက်နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်ကြည်ပြာဝတ်မှုံ
မန်နေဂျင်းဒါရိုက်တာ၊ စိန်နဒီစံကုမ္ပဏီလီမိတက်
ဖုန်း-၀၆၆-၄၀၄၁၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာဈေး၊ ရုံအမှတ် ၈၊ ဆိုင်ခန်းအမှတ် ၄၊ ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်ကြည်ကြည်စိန် ၉/မရက(နိုင်) ၀၁၆၆၆၇ထံမှ ၁၀-၁၀-၂၀၁၉ ရက်စွဲပါ အရောင်း/အဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးဝင်းတင် ၁၂/ဥကတ(နိုင်)၁၀၉၄၈၇ မှ အမည်ပြောင်း လျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
သက်ဆိုင်ရာဈေးတာဝန်ခံ၏ဖုန်း-၀၉-၂၅၀၁၇၉၉၁၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၊ တောင်ပေါက်ခွဆုံအနီး တောင်ရင်လမ်းတွင် ဦးမောင်စောဟန် ၁၁/မဥန(နိုင်)၀၁၁၃၀၃ သည် "ရွှေစံကြွယ် " အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါအမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမှတ်တံဆိပ်တင်သွင်းသွားပါမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာပါရက်စွဲမှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်
ဦးမောင်စောဟန် ၁၁/မဥန(နိုင်)၀၁၁၃၀၃
ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့
ဖုန်း-၀၉-၂၆၂၄၅၇၇၅၁၊ ၀၉-၂၅၁၁၃၇၂၆၂

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရကျေးရွာအုပ်စု၊ ကန်ကြီးမူလွန်ကျောင်းသတ္တမတန်းမှ မောင်အောင်မိုးသူ၏ မိဘအမည်မှန်မှာ ဦးသန်းလင်းထိုက် ၇/ရတရ(နိုင်)၁၁၅၇၆၀ နှင့် ဒေါ်မိုးဆွေ ၇/ရတရ(နိုင်)၁၂၇၅၀၈ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးခြင်း

Parts United Group Trading Co.,Ltd အမည်ဖြင့် အကောက်ခွန် ID No-100059638930 (6-3-18),100058308010(21-2-18),100047346011 (14-11-17).R.O ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၅၂၄၇၇

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)

ပုဗ္ဗသီရိမြို့နယ်တရားရုံး၌

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၁၂

ဒေါ်မို့မို့သွင်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်ကျော်ဆန်း) နှင့် ဦးတင်တင်အောင်

တရားလို — တရားပြိုင်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တိုက် (၁၂၀၄)၊ အခန်း ၂၅နေသူ ဦးတင်တင်အောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်မို့မို့သွင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ရက် (၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤတရားရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေလွှာတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းလွဲဝေ)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပုဗ္ဗသီရိမြို့နယ်တရားရုံး

## တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ကြေညာခြင်း

ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ မော်ကန်(၁၀)လမ်း၊ အမှတ် ၅၆၊ ဦးဝေဖြိုးလင်း ၇/ပခန(နိုင်)၂၅၂၅၈၇ က အောက်ပါအတိုင်းကြေညာအပ်ပါသည်။




အထက်တွင်ကပ်နှိပ်ဖော်ပြထားသော ဆေးဝါးလုပ်ငန်းတံဆိပ်အမည် အမှတ်အသားမှာ နံ့သာဖြူချောင်းဆိုးပျောက်ဆေးဟူ၍ ဖြစ်ပါသည်။ ကျွန်တော် ဦးဝေဖြိုးလင်းက အထက်ဖော်ပြပါတံဆိပ်ဖြင့် ပဲခူးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းမည်ဖြစ်ပါ၍ ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက အထက်ပါလိပ်စာအတိုင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်သွားပါက ကျွန်တော်မှ ပဲခူးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်မည်ဖြစ်ပါသည်။

ဦးဝေဖြိုးလင်း ဖုန်း-၀၉-၅၃၀၁၃၃၄

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/6595 Honda Dream C100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလှိုင်ဦး ၉/မနမ(နိုင်)၁၁၁၇၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၅၃၀၈၆ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုမြင့် ၉/ခမစ(နိုင်)၀၁၇၉၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၉၃၄၇၆ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လှမင်း ၉/စကန(နိုင်)၀၅၁၄၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် နေပြည်တော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရားဝင် ချစ်ကြည်ရေးခရီးအဖြစ် ယနေ့မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတအား သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်တို့က အထူးလေယာဉ်ပေါ်၌ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား ဒုတိယသမ္မတ ဦးမြင့်ဆွေက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ 
သတင်းစဉ်

# မြန်မာနိုင်ငံ ကျမ်းစာအသင်းတိုက် ဆက်ကပ်ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ ကျမ်းစာအသင်းတိုက် ဆက်ကပ်ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ အဆိုပါ မြန်မာနိုင်ငံ ကျမ်းစာအသင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရွှေလွှမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံ ကျမ်းစာအသင်းဥက္ကဋ္ဌ သိက္ခာတော်ရ

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင် ဒေါက်တာစောထွန်းအောင်မြင့်နှင့် မြန်မာနိုင်ငံကျမ်းစာအသင်းမှ ဒေါက်တာ စောခရီးနာတို့က မြန်မာနိုင်ငံ ကျမ်းစာအသင်းတိုက်အဆောက်အဦအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ 
သတင်းစဉ်

မော်လမြိုင်ကမ်းနား လျှောက်လမ်းကို ဇန်နဝါရီ ၁၈ ရက်(ယနေ့) ဖွင့်မည် စာ - ၁၂

ဇန်နဝါရီ ၈ ရက်က အီရတ်အခြေစိုက် အမေရိကန် စစ်စခန်းကို အီရန်တိုက်ခိုက်မှုအတွင်း အမေရိကန် တပ်ဖွဲ့ဝင် ၁၁ ဦး ဒဏ်ရာရရှိခဲ့ စာ - ၁၄

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ ရွေးကောက်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက MFF ရုံး၌ ကျင်းပသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကိုကိုသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးဇော်မင်းစိန်၊ အဖွဲ့ဝင် ဦးဘန်နီတင်အောင်တို့က ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ၂၀၂၀-၂၀၂၄ ခုနှစ်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ ရွေးကောက်ပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အဖွဲ့ချုပ် သက်တမ်းတစ်လျှောက် ဒုတိယအကြိမ် ပြုလုပ်သည့် ရွေးကောက်ပွဲလည်း ဖြစ်သည်။ ရွေးကောက်ပွဲဝင်လိုသူများကို ယမန်နှစ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ အမည်စာရင်းတင်သွင်းခွင့်ပြုခဲ့ပြီး ဥက္ကဋ္ဌအပါအဝင် စုစုပေါင်း ၁၉ နေရာတွင် ခြောက်နေရာ ရွေးကောက်တင်မြှောက်ရမည် ဖြစ်သည်။ ဥက္ကဋ္ဌနေရာအတွက် လာရောက်လျှောက်ထားသူမရှိသောကြောင့် လက်ရှိဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဇော်က ဆက်လက်ရွေးချယ်ခံကာ ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒုတိယဥက္ကဋ္ဌနှစ်ဦး အပါအဝင် အမှုဆောင်နေရာ ခြောက်နေရာအတွက် ရွေးကောက်တင်မြှောက်ခြင်းကို ဇန်နဝါရီ ၃၀ ရက်တွင် မဲဆန္ဒဖြင့် ရွေးချယ်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းထားသည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ကိုယ်စားလှယ်များ၊ MNL ပြိုင်ပွဲနှင့် MNL-2 ပြိုင်ပွဲတွင်

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .
ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။